# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (20-9-2015) (၈၃၂၉)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပ
# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုပြီး မိတ္ထီလာကန် ပြန်လည်တူးဖော်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သို့ ရောက်ရှိကြပြီး မိတ္ထီလာကန်ပတ်လမ်းပေါ်ရှိ ကျန်းမာရေးဆိုင်ရာ အားကစားပစ္စည်းများ တပ်ဆင်ပြုလုပ်ထားရှိမှုတွင် ဒေသခံပြည်သူများ လေ့ကျင့်ခန်းပြုလုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံ စေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**☆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ မြို့မိ မြို့ဖများ၊ ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ၁၃ နှစ်ကြာပိတ်ထားခဲ့ရသည့် ထိုင်း-မြန်မာ နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်တော့မည်

ကျော်သဲအိမ်

နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ထိုင်းနှင့် မြန်မာနိုင်ငံအကြားရှိ ဘန်လတ်တန် နယ်စပ်ဂိတ်ကို မကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ချင်းမိုင်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဝိပါဗန်ဗိုရာပူသီပေါင်က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

လုံခြုံရေးကြောင့် ၁၃ နှစ်ကြာပိတ်ထားခဲ့ရသော အဆိုပါ နယ်စပ်ဂိတ်သည် ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ် ဗီယန်ဟန်ခရိုင်နှင့် မြန်မာနိုင်ငံ တောင်ကြီးမြို့နယ်အကြား ၂၂၇ ကီလိုမီတာ ရှည်သော လမ်းကြောင်းပေါ်ရှိ ဝင်ပေါက်သစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းနယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း လျင်မြန်စွာမြှင့်တင်နိုင်တော့မည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ကုန်သည်များနှင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ဗီယန်ဟန်ခရိုင်နှင့် တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့နယ်တို့အကြား ကုန်းလမ်းခရီးဖြင့် သွားရောက်နိုင်ကြမည်ဖြစ်ကြောင်း ဝိပါဗန်ဗိုရာပူသီပေါင်က ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**❒

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။


**နုတ်ဆေးအလားစွမ်းပကား ရွှေပြည်နန်းနှံ့သာဖြူသနပ်ခါး အိမ်တိုင်းထား**



ဒေါ်စာစာနွယ်
(အလယ်တန်းပြ)

ကျွန်မမိတ်ကပ်အမျိုးမျိုးကို ပြောင်းလိမ်းတဲ့အကျင့်ရှိပါတယ်။ အဲဒီလိုပြောင်းလိမ်းပါများလာတော့ ဓာတ်မတည့်တာတွေကြောင့်လားမသိဘူး. . . ။ ကျွန်မမျက်နှာဟာ မကြာမကြာယားယံလာလို့ မျက်နှာကို စိတ်တိုင်းကျကုတ်မိရာမှ မျက်နှာမှာအသားများပတ်ကာ အရေလန်သလိုမျိုး အဖတ်ဖတ်တွေဖြစ်ပြီး အမည်းကွက်တွေထလာပါတယ်။ ကျွန်မမျက်နှာကြောင့် အရမ်းအားငယ်မိပါတယ်။ သိပ်မကြာခင်မှာဘဲ သူငယ်ချင်းတစ်ယောက် ဝယ်လာတဲ့ 'ရွှေပြည်နန်းသနပ်ခါး'ဘူးအစုံကိုတွေ့တာနဲ့ ဘာအတွက်ကောင်းတာလဲလို့ မေးကြည့်တဲ့အခါ ရွှေပြည်နန်းသံပရာသနပ်ခါးက သူ့မျက်နှာပေါ်က နေလောင်ထားတဲ့ အမည်းကွက်တွေကို ပျောက်ကင်းစေတဲ့အပြင် လည်ပင်း၊ လက်မောင်း စတဲ့နေရာတွေကိုပါ လိမ်းထားလိုက်တာ သူ့ရဲ့အသားအရေက ဝင်းဝါစိုပြေနေတာပဲလို့ပြောပါတယ်။ ရွှေပြည်နန်းသနပ်ခါးဟာ အသားအရေမှာဖြစ်တတ်တဲ့ရောဂါမှန်သမျှ ကုစားပေးနိုင်ကြောင်းလည်းပြောရာ ကျွန်မ 'ရွှေပြည်နန်းသနပ်ခါးဘူးတွေထဲက နံ့သာဖြူသနပ်ခါး'လေးကို တစ်ပတ်လောက် မနက်/ည ပုံမှန်စမ်းလိမ်းလိုက်တဲ့အခါ ကျွန်မမျက်နှာပေါ်မှ ယားယံမှုတွေ အနည်းငယ်သက်သာလာပါတယ်။ အားမလျော့ဘဲ မနက်/ည ပုံမှန်ဆက်တိုက် လိမ်းလာလိုက်တာ ယားယံမှုတွေ ပျောက်ကင်းသွားတဲ့အပြင် အမည်းစက်တွေပါပျောက်ကင်းလာပြီး ကျွန်မမျက်နှာလေးဖြူစင်ဝင်းပလာတာပါပဲ. . . ကျွန်မအရမ်းကို ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်. . .

ဒေါ်စာစာနွယ်(အလယ်တန်းပြ) အ.လ.က(ခွဲ) ကျေးအင်းထုံးတို၊ တောင်ငူမြို့၊

ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်ယဉ်ယဉ်ဝေး(ကျောင်းအုပ်ဆရာမကြီး) အ.လ.က(ခွဲ) ကျေးအင်းထုံးတို၊ တောင်ငူမြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H) အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

ကြေးမုံစာတည်းရှုထောင့် ၂၀-၉-၂၀၁၅၊ တနင်္ဂနွေနေ့

# ကောင်းမွန်မှုတနေထိုင်မှုဘဝ

မျက်မှောက်ကာလ လူမှုဘဝတွင် အရေးအကြီးဆုံးအချက်မှာ လူတစ်ဦးချင်းစီအလိုက် သင့်တင့်မျှတကောင်းမွန်သည့် ကျန်းမာခြင်းကို ရရှိပိုင်ဆိုင်ထားခြင်းဖြစ်သည်။ သို့သော် မိမိတို့တွင် အကြောင်းအမျိုးမျိုးကြောင့် ရရှိထားသော ဆီလျော်ညီညွတ်မှုမရှိသည့် နေထိုင်စားသောက်မှုပုံစံများကြောင့် အများစုမှာ ကျန်းမာခြင်းနှင့် ကင်းကွာနေကြသည်။

ကျန်းမာခြင်းကို ထိခိုက်စေသောရောဂါဘယများကို ၉၆ ပါးရောဂါများဟုဆိုကြသည်။ ယခုအခါတွင် ၉၆ ပါးရောဂါသာမက ယခင်က မကြားမသိဖူးသည့် ရောဂါဆန်းများ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ရှိလာခဲ့သည်။ ယင်းတို့သည် လက်ရှိကာလ လူမှုဘဝအနေအထားများနှင့် နေထိုင်စားသောက်မှုပုံစံများကြောင့်ဟုဆိုပါက ဖြစ်နိုင်ခြေပိုများမည်ဟုသာ ဆိုရမည်ဖြစ်သည်။

တစ်နည်းဆိုရလျှင် အဆိုပါကျန်းမာရေးပြဿနာများမှာ မကူးစက်နိုင်သည့် အလွယ်တကူဖြစ်ပေါ်နေသောရောဂါများဟု ဆိုနိုင်ပါသည်။ လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းမဟုတ်ဘဲ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များစားသောက်ရခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ နေထိုင်ပြုမူမှုပုံစံ မမှန်ခြင်း၊ အနာနှင့်ဆေး လွဲချော်မိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း စသည့်အကြောင်းအချက်များကြောင့် လူမသိသူမသိရောဂါများ လူတို့၏ကိုယ်ခန္ဓာသို့ တစ်စတစ်စ ရောက်ရှိလာခြင်းဖြစ်နိုင်ပါသည်။

ယင်းတို့သည် ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်ပြုမူစားသောက်မှုပုံစံများအား သတိမမူ လက်ခံမိသောကြောင့်ဖြစ်ပေါ်လာသော ရောဂါသစ်အစုအဝေးများဖြစ်ပါသည်။ ရရှိလာသောရောဂါများအနေဖြင့် အစာအိမ်ရောဂါ၊ နှလုံးရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ လေဖြတ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး၊ ဦးနှောက်နှင့်အာရုံကြောရောဂါအမျိုးမျိုး၊ နာတာရှည်ရောဂါအမျိုးမျိုး၊ အဆုတ်ရောဂါအမျိုးမျိုးတို့ဖြစ်ပါသည်။

ထိုအခါ မိမိတို့၏တစ်ကိုယ်ရေ ကျန်းမာရေးကို အထူးဂရုစိုက်ကြရမည်ဖြစ်ပါသည်။ မိမိတို့၏အသက်အရွယ်အလိုက် ရှိရမည့်ကိုယ်အလေးချိန်၊ သွေး၊ နှလုံးနှင့်တကွ ခန္ဓာကိုယ်အနေအထားများကို သတိပြုရမည်ဖြစ်ပါသည်။ အဝလွန်နေခြင်းနှင့် ပိန်လွန်းနေခြင်းများမှာလည်း သတိထားရမည့်အချက်များဖြစ်သည်။ ဝလွန်းပါက ရောဂါများဝင်ရောက်နေခြင်းရှိ၊ မရှိ၊ ပိန်လွန်းပါကလည်း ကိုယ်ခံအားနည်းနေခြင်း ရှိ၊ မရှိ သတိပြုရမည်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများအတွက် ကိုယ်ခံအားစနစ်၊ မိခင်နှင့် ကလေးများအတွက် ကျန်းမာရေးစနစ်များကိုလည်း သိရှိထားသင့်သည်။

ထိုသို့သောရောဂါများ မဖြစ်ပွားစေရန်အတွက် ချိုလွန်းသော အစားအစာ၊ ငန်လွန်းသော အစားအစာ၊ အဆီများလွန်းသော အစားအစာ၊ တိရစ္ဆာန်မှ ရရှိသောအဆီများ၊ သန့်ရှင်းသော အစားအစာ၊ ဓာတုကင်းစင်သော အစားအစာ၊ အမျှင်ဓာတ်ကြွယ်ဝသည့် အစားအစာ၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအရွက်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ အစေ့အဆန်အမျိုးမျိုးတို့ကိုမျှတစွာ စားသုံးရန်လိုအပ်ပါသည်။ အထူးအားဖြင့် လူငယ်လူရွယ်များသာမက အရွယ်သုံးပါးမရွေး ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းတို့ကို ရှောင်ရှားကြရန်လိုအပ်ပါသည်။

လွယ်ကူသော ကျန်းမာခြင်းကိုရရှိနိုင်သည့် နေထိုင်မှုပုံစံများမှာ အဆိုပါအချက်များကို သတိပြုနားလည် လက်ခံကျင့်သုံးပြီး လူတိုင်းလူတိုင်း နေ့စဉ် အားလပ်သည့်အချိန် တစ်ချိန်ချိန်တွင် လွယ်ကူသော ပုံမှန်လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို အနည်းဆုံး မိနစ် ၃၀ ခန့်ပြုလုပ်ခြင်းဖြင့် အအိပ်မှန်ခြင်း၊ အစားမှန်ခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်သင့်ကြပါသည်။

ယခုအခါ မိမိမိသားစုနှင့်တကွ နိုင်ငံတော်အနေဖြင့် အမှန်တကယ်လုပ်ဆောင်နိုင်စွမ်းရှိသည့် စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ်များ လိုအပ်နေပါသည်။ လိုအပ်နေသော လူသားအရင်းအမြစ်များရရှိရေးနှင့် လူသားအရင်းအမြစ်များ မလျော့ပါးရေးအတွက် ကျန်းမာသော နေထိုင်မှုဘဝပုံစံများကို ရရှိပိုင်ဆိုင်နိုင်အောင် အသိတရားဖြင့် နေ့စဉ် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းချင်ပါသည်။ ။

# ရွာဝတ်-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရွာဝတ်-ရတနာ အထပ်မြင့် အိမ်ရာစီမံကိန်း၌ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီ ၂၇ ဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ရွာဝတ်-ရတနာ အထပ်မြင့် အိမ်ရာစီမံကိန်းအား ၂၀၁၃ ခုနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မူလက အပြီးဆောင်ရွက်နိုင်ရေး စီမံချက်ချ ဆောင်ရွက်ခဲ့သော်လည်း လုပ်ငန်းပမာဏကြီးမားသည့်အတွက် အဆောက်အအုံ ၄၉ လုံးအနက် ၁၅ လုံးသာ ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခု ဆောင်ရွက်နေသည့် အိမ်ရာစီမံကိန်းလုပ်ငန်းသည် တန်ဖိုးသင့် အိမ်ရာစီမံကိန်းဖြစ်၍ တန်ဖိုးမြင့်အိမ်ရာစီမံကိန်းမဖြစ်စေလိုပါကြောင်း၊ ယခုမိမိနိုင်ငံအတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်သာ ဆောင်ရွက်စေလိုပါကြောင်း၊ စီမံကိန်း၏ လုပ်လက်စလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ရန်နှင့် ကျန်ရှိသည့် ၃၄ လုံးအား ယခုတက်ရောက်လာကြသည့် လုပ်ငန်းရှင်များထဲမှ လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေများကို တင်ပြပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ရွာဝတ်-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ ၂၇ ဖွဲ့မှ တာဝန်ရှိသူတစ်ဦးချင်းအလိုက် အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ယခု အိမ်ရာစီမံကိန်းသည် အောင်မြင်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်မှသာ အကျိုးအမြတ်ရှိအောင် ဆောင်ရွက်ရမည်မဟုတ်ဘဲ Win-Win ဖြစ်အောင်၊ မျှတသောအကျိုးအမြတ်ရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေကွက်တန်ဖိုးအားလည်း ဈေးနှုန်းအသင့်အတင့် သတ်မှတ်ပေးသွင်းရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု များပြားသည့်အတွက် စဉ်းစားစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များကိုသာ ဦးစားပေးလုပ်ဆောင်စေမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံလုပ်ငန်းများအား ဌာနမှ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်သူ့ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီနှင့် ဗမာ ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၀ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

# ဖာပွန်ခရိုင် ခုတင်(၁၀၀)ဆံ့ဆေးရုံနှင့် ကတိုင်တိကျေးရွာ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ်

**ဖာပွန် စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ခုတင်(၁၀၀)ဆံ့ဆေးရုံနှင့် ကမမောင်းမြို့ ကတိုင်တိကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့အား စက်တင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖာပွန်ခရိုင်ခုတင်(၁၀၀)ဆံ့ဆေးရုံသစ်ကြီးအား ပြည်နယ်လူမှုရေးဝန်ကြီး၊ ဘားအံ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဖာပွန်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ဆေးရုံသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများနှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ ဆေးဝါးကုသပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များတပ်ဆင်ပေးခဲ့ကြသည်။ **(အပေါ်ယာပုံ)** ဖာပွန်မြို့ယခင်ဆေးရုံဟောင်းမှာ နှစ်(၅၀)ခန့်ကြာမြင့်လာခဲ့ပြီး ခုတင်အရေအတွက်နည်းခြင်းကြောင့် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ခုတင်(၁၀၀)ဆံ့ဆေးရုံကြီး ဆောက်လုပ်နိုင်ပြီဖြစ်သဖြင့် ဖာပွန်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာပေါင်း ၃၀၅ ရွာမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကတိုင်တိ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်အား နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၀၀ဖြင့်



ကရင်ပြည်နယ် (KSD) ကုမ္ပဏီမှ ခွဲစိတ်ခန်းနှင့် ရေ၊ မီးအပါအဝင် တာဝန်ယူတည်ဆောက်ပြီး (၁၂၆×၉၈) ဝန်ထမ်းအိမ်ရာများ ပါဝင်ကြောင်း ပေရှိ (၁၆)ခုတင်ဆံ့ဆေးရုံတွင် သိရသည်။ **နေမျိုးလွင်**




# ကျောင်းကျန်းမာရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မြစ်သား စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး အရှိန်အဟုန်မြှင့်စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနက စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြို့မအထက်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းကုသဆောင်ရွက်ခဲ့သည်။

မြို့မအထက်တန်းကျောင်း(ခွဲ)တွင် မူလတန်း ၄၀၂ဦး၊ အလယ်တန်း ၆၀၄ ဦး၊အထက်တန်း ၅၃ ဦး စုစုပေါင်း ၁၀၅၉ ဦးတို့အား ပေါင်ချိန်ခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်းနှင့် လိုအပ်သော ဆေးကုသစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော် အနောက်တောင်ထောင့်၌ ဗောဓိညောင်ပင်ကို စိုက်ပျိုးပေးစဉ်။ (မြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ္ထီလာကန်ပတ်လမ်းပေါ်ရှိ ကျန်းမာရေးဆိုင်ရာအားကစားပစ္စည်းများ တပ်ဆင်ပြုလုပ်ထားရှိမှုတွင် ဒေသခံပြည်သူများ လေ့ကျင့်ခန်းပြုလုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (မြန်/ဆက်)

☆မိတ္ထီလာမြို့မှ

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်များက မိတ္ထီလာမြို့ ကိုးနဝင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံဆင့်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော် ဩဝါဒါစရိယ မိတ္ထီလာမြို့ အာသောကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ လာဘာဝတထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကိုပင့်ဆောင်ပြီး စေတီတော်ကို လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံဆင့်နှင့် ရတနာ ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက စေတီတော်အနောက်တောင်ထောင့်၌ ဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဆရာတော်၊သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မိတ္ထီလာကန် ပြန်လည်တူးဖော်ထားရှိမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၃ ရက်က မိတ္ထီလာ (မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ဒေသခံမြို့လူထုရေရရှိရေးတွင် များစွာအကျိုးပြုပြီး ခေတ်အဆက်ဆက်က သမိုင်းအစဉ်အလာရှိခဲ့သည့် ဤရေကန်ကြီးကို ဒေသခံလူထုအတွက် ပြုပြင်ပေးခြင်းဖြစ်ကြောင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွားသည့်အခါတွင်လည်း ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ပေးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်အချိန်အတွင်း အထူးစီမံကိန်းအသွင်ဖြင့် စက်ယန္တရားအင်အားအလုံးအရင်း အသုံးပြုဆောင်ရွက်ခဲ့ရာ ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များဖို့ခြင်းနှင့် ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာ ကျောက်ရိုးစီခြင်း၊ ရေထိန်းတံခါးနှင့် ကန်ခြားရေတံခါးများ ပြုပြင်ခြင်းစသည့် စီမံကိန်းလုပ်ငန်းအားလုံး ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ မိတ္ထီလာ(မြောက်)ကန်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၇၉၉၅ သန်း အသုံးပြုပြီး ၂၀၁၅ ခုနှစ် မေလအတွင်း အကြိုစူးစမ်းတိုင်းတာမှုများပြုလုပ်၍ စက်ယန္တရားအင်အား အစီး ၄၀၀ ဖြင့် ပြန်လည်ပြုပြင်တူးဖော် ဆောင်ရွက်ခဲ့ရာ ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ရေသိုလှောင်နိုင်မှု ပမာဏ ဧကပေ ၇၂၀၀ ခန့်ရှိလာပြီး မိုးစပါး ၆၆၅၅ ဧကနှင့် နွေစပါး ၆၉၅ ဧက စုစုပေါင်း ၇၃၅၀ ဧကအား ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ထို့ပြင်မိတ္ထီလာမြောက်ကန် ရေဝင်ချောင်းများအနီးရှိ မြင်သာကျေးရွာ၊ သဲတောကျေးရွာ၊ ရွာမကျေးရွာ၊ လက်ပံခါးကော့ကျေးရွာနှင့် ရှင်မြို့ကျေးရွာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာရရှိခြင်း၊ အပူပိုင်းဒေသဖြစ်သည့် မိတ္ထီလာမြို့နယ်အတွင်း စိမ်းလန်းစိုပြည်သာယာလာပြီး ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

■



မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကြိုဆိုနေသည့် ဒေသခံတို့၏အပြုံးမျက်နှာများ။

❒၁၃ နှစ်ကြာမှ

ထို့ပြင် အဆိုပါနယ်စပ်ဂိတ်ကို ဖွင့်ပြီးပါက တစ်နှစ်လျှင် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိမည်ဟု မျှော်လင့်ရကြောင်း ဝိပါဗန်ဗိုရာပူသီပေါင်က ထပ်လောင်းပြောကြားသည်။

ဘန်လတ်တန် နယ်စပ်ဂိတ်သည် တောင်ကြီးမြို့နယ်နှင့်အနီးဆုံး ထိုင်းနယ်စပ်ဒေသတစ်ခုဖြစ်ရာ တောင်ကြီးမှ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သောမန္တလေးမြို့အထိ ရောက်ရှိနိုင်သောလမ်းသစ်တစ်ခု ထပ်မံပေါ်ပေါက်လာဖွယ်ရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် ဘန်ကောက်မှမန္တလေးသို့ လေယာဉ်ဖြင့်သွားရောက်ကြသည့် ခရီးသည်များမှာလည်း နောင်တွင် ပေါ်ထွက်လာမည့် ချင်းမိုင်-မန္တလေးလမ်းမကို အသုံးပြုကာ သွားလာနိုင်ကြတော့မည်ဖြစ်သည်။

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့နံနက် ၁၁နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ ရွှေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

(ကြေးမုံ)

မိုးလေဝသ သတင်းကို အမြဲမပြတ် နားထောင်ပါ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်ရမ်း-မင်းလှကန်နှင့် ထီးလှိုင်ကန်အား ကြည့်ရှုစစ်ဆေး

နေပြည်တော်　　စက်တင်ဘာ　　၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်သမ္မတအား တာဝန်ရှိသူများက ကန်အတွင်းရေစီးဝင်မှု အခြေအနေနှင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက ညောင်ရမ်း-မင်းလှကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ယခုကာလအတွင်း အမြန်ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ညောင်ရမ်း-မင်းလှကန်တွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ညောင်ရမ်းကန်သည် တမံအလျား ပေ ၂၅၅၀၀၊ တမံအမြင့် ၂၁ ပေ၊ တမံထိပ်ပြင်အကျယ် ၂၄ ပေ၊ ပျမ်းမျှရေအနက် ၅ ပေ၊ ရေလှောင်ပမာဏ ၉၇၄၇ ဧကပေ ဖြစ်၍ မိုးစပါးဧက ၉၄၈၈ ဧကနှင့် နွေစပါး ဧက ၂၅၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

အလားတူ မင်းလှကန်သည် တမံအလျားပေ ၂၄၅၀၀၊ တမံအမြင့် ၂၀ ဒသမ ၅ ပေ၊ တမံထိပ်ပြင် အကျယ် ၂၄ ပေ၊ ပျမ်းမျှရေအနက် ၈ ပေ၊ ရေလှောင်ပမာဏ ၂၁၃၅၇ ဧကပေဖြစ်၍ မိုးစပါး ၁၇၇၁၇ ဧကနှင့် နွေစပါး ဧက ၁၅၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သာစည်မြို့နယ် ရွာကြီးစံပြကျေးရွာရှိ ရွှေယင်မျှော်ဘုရားအား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်အတွင်းရှိ ဥတ္တရာရာမ မဟာကန်တော်ကြီးအား သွားရောက်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်းမြို့နယ်ရှိ ထီးလှိုင်ကန်သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတက ရင်းနှီးစွာပြန်လည်နှုတ်ဆက်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းတွင်းမြို့နယ်ရှိ ထီးလှိုင်ကန်၌ ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားစဉ်။ (ပြန်/ဆက်)

ထို့နောက် နိုင်ငံတော်သမ္မတသည် ကန်အတွင်းရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားရာတွင် ယခုဒေသသည် ရေရှားပါးပြီး ရေကိုမှီခိုအားထားရသည့်အတွက် ၂၀၁၄ ခုနှစ်တွင် မိမိကိုယ်တိုင် လာရောက်ကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရေလုံလောက်စွာ ရရှိရေးအတွက်သာမက လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ထီးလှိုင်ကျေးရွာတွင် အသေးစားစက်မှုလုပ်ငန်းဖြစ်သည့် စက်ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မိမိတို့ မိသားစုများ၏ ပညာရေး၊ လူမှုရေးအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် ထီးလှိုင်ကန်ကို ရေရှည်ကောင်းမွန်စေရန် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။


နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထီးလှိုင်အနောက်ရွာရှိ စက်ရက်ကန်းရုံတစ်ရုံအား သွားရောက်ကြည့်ရှုစဉ်။ (ပြန်/ဆက်)

ထီးလှိုင်ကန်သည် ဝမ်းတွင်းမြို့၏ အနောက်ဘက်နှစ်မိုင်ခန့်အကွာ ထီးလှိုင်အနောက်ရွာအနီးတွင်တည်ရှိပြီး ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် တူးဖော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကန်မှာ ကာလကြာမြင့်လာသည့်အတွက် ကန်တွင်းသဲနုန်းပို့ချမှုဖြစ်ပေါ်လာပြီး တဖြည်းဖြည်း တိမ်ကောလာခဲ့ရာမှ ရေသိုလှောင်နိုင်မှုပမာဏလျော့နည်းလာခဲ့သည်။

သို့ဖြစ်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ထီးလှိုင်ကန်ကို စတင်ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေသောက်ဧရိယာ ၁၄၀၇ ဧကပေါ်ရှိ မြေဧက ၁၃၉၄ ဧကကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်သည့်အပြင် လူနှင့်တိရစ္ဆာန်များ သောက်သုံးရေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထီးလှိုင်အနောက်ရွာရှိ ဒေသခံပြည်သူတစ်ဦး၏နေအိမ်၌ လျှပ်စစ်မီးအသုံးပြု၍ စက်ရက်ကန်းလုပ်ငန်းဖြင့် ချည်ချောလုံချည်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဝမ်းတွင်းမြို့နယ် ထီးလှိုင်အနောက်ရွာတွင် အိမ်ခြေ ၃၆၀ ရှိပြီး လျှပ်စစ်မီး မရရှိမီ ဒီဇယ်အင်ဂျင်အသုံးပြုသည့် စက်ရက်ကန်းရုံ ၁၈၀ ခန့်ရှိခဲ့ရာမှ လျှပ်စစ်မီးရရှိပြီးနောက် စက်ရက်ကန်းရုံ ၃၇၀ အထိ တိုးတက်လာခဲ့သည်။

အလားတူ ထီးလှိုင်အရှေ့ရွာတွင် အိမ်ခြေ ၁၅၀ရှိပြီး လျှပ်စစ်မီး မရရှိမီ ဒီဇယ်အင်ဂျင်အသုံးပြုသည့် စက်ရက်ကန်းရုံ ၁၀ ရုံခန့် ရှိခဲ့ရာမှ လျှပ်စစ်မီး ရရှိပြီးနောက် စက်ရက်ကန်းရုံ ၂၀၀ အထိ တိုးတက်လာခဲ့သည်။ နိုင်ငံတော်အနေဖြင့် အဆိုပါကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများနှင့်အတူ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်ကလည်း ထီးလှိုင်ကန်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## ❖ မနောမြေမှ

နိုင်ငံခြားသားကစားသမား လေးဦး အပါအဝင် ရန်နိုင်ဦး၊ အောင်ဟိန်းကျော် စသည့် အမာခံများကို ပွဲထုတ်ခဲ့သည်။ ဇယားအောက်ဆုံး ရောက်နေ၍ အမှတ်လိုနေသည့် မနောမြေအသင်းမှာ ပွဲစကတည်းက အားထည့်ခဲ့ပြီး ဇေယျာရွှေမြေဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ပထမပိုင်းတွင် မနောမြေအသင်းမှာ ထောင့်ကန်ဘောအများ အပြားကန်ခွင့်ရခဲ့ပြီး အသုံးမချနိုင်ခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ တိုက်စစ်မှူးများ ဖြစ်သည့် ဗစ်တာနှင့် စိုးပိုင်သွေးတို့ ကွင်းလယ်နှင့် ချိတ်ဆက်ရာတွင် ထိရောက်မှုမရှိ၍ အချည်းနှီးဖြစ်ခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း မနောမြေအသင်းကသာ ပွဲကိုဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး ၄၈ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးကို ထောင့်ကန်ဘောမှတစ်ဆင့် အီဗရာဟင်မ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဇေယျာရွှေမြေအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မနောမြေနောက်တန်း အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။

**(အောင်ဆန်းကွင်း)**
ချင်းယူနိုက်တက်-သုံးဂိုး
(ဆောင်လမန်-နှစ်ဂိုး၊ ချစ်စုမိုး-တစ်ဂိုး)
ဇွဲကပင်-ဂိုးမရှိ

ပွဲစဉ်(၁၈)အပြီးတွင် ရန်ကုန်အသင်းက ၁၇ ပွဲကစား ၄၆ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၆ ပွဲကစား ၃၃ မှတ်၊ ကမ္ဘောဇအသင်းက ၁၇ ပွဲကစား ၃၁ မှတ်၊ မကွေးအသင်းနှင့် ရောဝတီအသင်းတို့က ၁၆ ပွဲကစား ၃၀ မှတ်စီ၊ ချင်းယူနိုက်တက်က ၁၇ ပွဲကစား ၁၉ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၆ ပွဲကစား ၁၇ မှတ်၊ နေပြည်တော်အသင်းက ၁၇ ပွဲကစား ၁၆ မှတ်၊ ဟံသာဝတီအသင်းက ၁၇ ပွဲကစား ၁၅ မှတ်၊ ဇွဲကပင်၊ မနောမြေနှင့် ရခိုင်အသင်းတို့က ၁၇ ပွဲကစား ၁၄ မှတ်တို့ ရရှိထားသည်။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခေတ်သစ်စိုက်ပျိုးရေးနည်းပညာ စံပြစိုက်ခင်းနှင့် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ရှိ ခေတ်သစ်စိုက်ပျိုးရေးနည်းပညာစံပြစိုက်ခင်းသို့ ရောက်ရှိပြီး Green house စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးထားသော ပန်းမန်နှင့် သီးနှံစိုက်ခင်းများ လှည့်လည်ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)



**နန်နင်း စက်တင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ ခေတ်သစ်စိုက်ပျိုးရေးနည်းပညာ စံပြစိုက်ခင်းနှင့် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစု တက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် နန်နင်းမြို့ရှိ ခေတ်သစ်စိုက်ပျိုးရေးနည်းပညာ စံပြစိုက်ခင်းသို့ ရောက်ရှိပြီး Green house စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးထားသော ပန်းမန်နှင့် သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါစိုက်ခင်း၌ အထိမ်းအမှတ်အဖြစ် ဟွာပန်းပင်ကို စိုက်ပျိုးပေးခဲ့ပြီး စိုက်ခင်းမှတာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစု တက္ကသိုလ်သို့ရောက်ရှိရာ ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ ပါမောက္ခချုပ် မစ္စတာ ရှဲ့ဆန့်ကော်က တက္ကသိုလ်၏နောက်ခံသမိုင်းအကျဉ်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအင်အား၊ ဘာသာရပ်များသင်ကြားပို့ချမှုနှင့် နှစ်အလိုက် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဘာသာရပ်များသင်ကြားပို့ချမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာတော်သင်စေလွှတ်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တက္ကသိုလ်သမိုင်းပြတိုက်နှင့် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ မြန်မာဘာသာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပြန်လည်ထွက်ခွာရန် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကွန်မြူနစ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ကွန်မြူနစ်ပါတီကော်မတီ ပြန်ကြားရေးဌာနဥက္ကဋ္ဌ မစ္စတာ ရှန်ပေဟိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ကချင်ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ ရှမ်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်တို့ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

# ငါးသယံဇာတ ပျောက်ကွယ်ပြုန်းတီးခြင်းမရှိရန် ရေဆင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် စက်တင်ဘာ ၁၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ) မိသားစုများ၏ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရေဆင်းဆည်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးသည်။




အဆိုပါ အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့သည် သတ်မှတ်နေရာတွင် ငါးမျိုးများကို ဦးဆောင်စိုက်ထည့်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယနေ့ ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ငါးမြစ်ချင်းအကောင်ရေ ကိုးသောင်းခွဲကို ရေဆင်းဆည်အတွင်း စိုက်ထည့်ခဲ့သည်။

ငါးသယံဇာတ ပျောက်ကွယ်ပြုန်းတီးခြင်းမရှိရန်၊ ငါးမျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ရေဆင်းဆည်အတွင်း နှစ်စဉ်ငါးမျိုးများ စိုက်ထည့်ခဲ့ရာ ယနေ့အထိ ထိုင်းငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် မြက်စားငါးကြင်း အပါအဝင် ငါးမျိုးစုံကောင်ရေ ၃၇၈၀၀၀ ကို စိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

■

## ဧရာဝတီနှင့် ဝဝန်မြစ်ရေ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်လေးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေကာ နောက်ခုနစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင်(ဧရာဝတီမြစ်)အတွင်းနှင့် ဝဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## လုံခြုံရေးဆောင်ရွက်ရမည့်အခြေအနေများ တွေ့ဆုံဆွေးနွေး

**ရွှေတောင် စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ယမန်နေ့ နံနက် ၁၁ နာရီက ရွှေတောင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွေးကောက်ပွဲလုံခြုံရေးကော်မတီအတွင်းရေးမှူး ရဲမှူးသန်းထွန်းက ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲရုံပေါင်း ၁၁၂ ရုံ၊ ဇုန် ၁၅ ဇုန်ထားရှိပြီးမဲရုံအလိုက် လုံခြုံရေးဆောင်ရွက်ရန် အရာရှိ ၁၅ ဦး၊ အခြားအဆင့် ၈၁ ဦး၊ အရန်မီးသတ်နှင့် ရပ်မိရပ်ဖများ လုံခြုံရေးဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များကလည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရန်တို့ကိုလည်းကောင်း POWER POINT ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# အငြိမ်းစားယူသွားကြသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ကူညီစောင့်ရှောက်ကြရမှာဖြစ်




**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စစ်သည်များ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်စစ်သည်များ အသက်အရွယ်ကြီးရင့်လာချိန်တွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးနိုင်ခြင်းသည် "မင်္ဂလာ" နှင့် ညီညွတ်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် ရတနာမဉ္ဇူလမ်းဆုံရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာ ဆောက်လုပ်မည့်မြေနေရာ၌ ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ဘိုးဘွားရိပ်သာတည်ဆောက်ရန် အလှူငွေပေးအပ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဆောက်လုပ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (အငြိမ်းစား)က ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာဆောက်လုပ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ဆောင်မည့် အစီအမံများကို ပြောကြားပြီး အလှူငွေလှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလှူရှင်များက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွက် အလှူငွေများပေးအပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (အငြိမ်းစား)တို့က လက်ခံရယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဟောင်းများသည် မိမိတို့တပ်မတော်၏ မိဘများ၊ နောင်တော်များပင်ဖြစ်ပါကြောင်း၊ တိုင်းပြည်အတွက် ပေးအပ်ခဲ့သူ၊ ပေးဆပ်ခဲ့သူများပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အငြိမ်းစားယူသွားကြသည့် စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ကူညီစောင့်ရှောက်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင်လည်း စစ်မှုထမ်းဟောင်းများအတွက် ခံစားခွင့်များ ဆောင်ရွက်ပေးကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လ စာရင်းဇယားများအရ အရာရှိအငြိမ်းစား ၉၁၁၂ ဦး၊ အခြားအဆင့် အငြိမ်းစား ၁၀၁၀၈၈ ဦးနှင့် မှီခိုသူသားသမီးများစွာရှိကြောင်း၊ တိုက်ပွဲတွင် နိုင်ငံတော်အတွက် အသက်ပေးဆပ်ခဲ့သူနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို သာမန်အားဖြင့် နိုင်ငံတော်မှ အစိတ်အပိုင်းတစ်ခုအနေဖြင့် ထောက်ပံ့ပေးမှုများရှိကြောင်း၊ ရိုးရိုးသက်ပြည့်အငြိမ်းစားယူသွားသူများ၊ နုတ်ထွက်သွားသူ အငြိမ်းစားများအနေဖြင့် ခံစားခွင့်နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းပါရှိသည့်အတွက် လွှတ်တော်တွင် ဥပဒေတင်သွင်းထားရှိကြောင်း၊ စစ်မှုထမ်းဟောင်းများအနေဖြင့် အခက်အခဲများရှိနေသည်ကို ကြားသိရပြီး အမှန်တကယ် ခက်ခဲသူများရှိသကဲ့သို့ နိုင်ငံရေးအရ ထိုးနှက်မှုများလည်းရှိကြောင်း၊ တပ်မတော်သမိုင်းနှင့် နိုင်ငံတော်၏သမိုင်းသည် ခွဲခြား၍မရကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တပ်မတော်က စတင်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် တပ်မတော်သားများ၏ ဘဝပေးဆပ်မှုများစွာရှိခဲ့ကြောင်း၊ လောက်ကိုင်ဒေသဖြစ်စဉ်တွင် ပြည်သူများက တပ်မတော်ကို တစ်ခဲနက်ထောက်ခံပြီး တိုက်ပွဲတွင် ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း၊ ၎င်းငွေနှင့် တပ်မတော်၏ သက်သာချောင်ချိရေးရန်ပုံငွေတို့ဖြင့် စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်း ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ တိုင်းပြည်တာဝန်ထမ်းဆောင်ရာတွင် နောက်ဆံမတင်းစေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် စစ်မှုထမ်းဟောင်းများကို စောင့်ရှောက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဆောက်လုပ်မည့်ပုံစံများကို ကြည့်ရှုကြပြီး အလှူရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာကို စုစုပေါင်းမြေဧက ၁၉ ဒသမ ၄၆ ဧကပေါ်တွင် ရွှေတိဂုံပုံတူစေတီတော်တစ်ဆူ၊ ဓမ္မာရုံတစ်ရုံ၊ အုပ်ချုပ်ရေးရုံးတစ်ရုံး၊ ဧည့်ဆောင်တစ်ဆောင်၊ ဆေးခန်းတစ်ခန်း၊ အပန်းဖြေဆောင်တစ်ဆောင်၊ အဘိုးအဘွားဆောင်၊ မသန်စွမ်းလူပျိုဆောင်နှင့်ကျဆုံးပုဂ္ဂိုလ်များ၏ ဇနီးများဆောင် ၁၅ လုံး၊ ဘိုးဘွား ၁၀ ခန်းတွဲရိပ်သာ သုံးလုံး၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ ခြောက်လုံး၊ ထမင်းစားဆောင်နှင့် မီးဖိုဆောင် တစ်လုံးတို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး ယနေ့အလှူငွေပေးအပ်ပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (အငြိမ်းစား)မိသားစု၊ ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၊ Gateways Group of Companies မိသားစု၊ Amazing ကုမ္ပဏီလီမိတက်မိသားစု၊ မက်(စ်)မိသားစု၊ ချန်ဟိန်း ကုမ္ပဏီလီမိတက်မိသားစု၊ ဒေါက်တာထွန်းမင်းလတ်၊ အောင်မြင်သူကုမ္ပဏီလီမိတက်၊ ထူးဖောင်ဒေးရှင်းမိသားစု၊ ဦးဂျွန်နသန်၊ Sky One & Lucky Man ကုမ္ပဏီလီမိတက် မိသားစု၊ Golden City ကုမ္ပဏီလီမိတက်၊ Authentic ကုမ္ပဏီလီမိတက်မိသားစု၊ Paramount Image ကုမ္ပဏီလီမိတက်တို့က အလှူငွေ စုစုပေါင်းငွေကျပ် ၂၀၂၆ သန်းအား ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်၌ ဆောက်လုပ်လျက်ရှိသော စစ်မှုထမ်းဟောင်း အဆင့်မြင့်အိမ်ရာစီမံကိန်း ဆောက်လုပ်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာစီမံကိန်း၌ အရာရှိကြီးနေအိမ် နှစ်ခန်းတွဲ လေးထပ် နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ လေးထပ် လေးလုံး၊ အခြားအဆင့် စစ်သည်နေအိမ် နှစ်ခန်းတွဲ လေးထပ် ၁၀ လုံး၊ စုစုပေါင်း ၁၆ လုံးအား ၂၀၁၅ ခုနှစ် မေ ၂၃ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ယနေ့အထိ ၆၉ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

အလားတူ စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာများအား တည်ဆောက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အရာရှိကြီးနေအိမ် နှစ်ခန်းတွဲ သုံးထပ် နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ သုံးထပ် လေးလုံးနှင့် အခြားအဆင့်နေအိမ် နှစ်ခန်းတွဲ သုံးထပ် ၁၇ လုံး တည်ဆောက်မှုတွင် ပြီးစီးမှု ၉၀ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အရာရှိကြီးနေအိမ် နှစ်ခန်းတွဲ သုံးထပ် နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ သုံးထပ် လေးလုံးနှင့် အခြားအဆင့်နေအိမ် နှစ်ခန်းတွဲ သုံးထပ် ၁၇ လုံး တည်ဆောက်မှုတွင် ပြီးစီးမှု ၈၂ ရာခိုင်နှုန်း၊ လားရှိုးမြို့တွင် အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ နှစ်ထပ် လေးလုံး၊ အခြားအဆင့်နေအိမ် နှစ်ခန်းတွဲ နှစ်ထပ် ၂၈ လုံးတည်ဆောက်မှုတွင် ပြီးစီးမှု ၃၇ ရာခိုင်နှုန်း၊ ဟုမ္မလင်းမြို့တွင် အခြားအဆင့် နေအိမ် နှစ်ခန်းတွဲ တစ်ထပ် ခုနစ်လုံး တည်ဆောက်မှုတွင် ပြီးစီးမှု ၄၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း အဆင့်မီစွာ ဆောက်လုပ်ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

# စင်းလုံးငှား မန်းရွှေမြို့တော် မော်တော်ယာဉ်နှင့် ဘုရားဖူးမော်တော်ယာဉ်တို့ ယာဉ်မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၁၉**

မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် စင်းလုံးငှား မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ်နှင့် လယ်ဝေးမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျောက်စိမ်းစေတီတော်သို့ သွားရောက်ဖူးမြော်မည့် ဘုရားဖူးမော်တော်ယာဉ်တို့ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၈၁ မိုင် ၄ ဖာလုံ၌ ယနေ့နံနက် ၅ နာရီ ၁၅ မိနစ်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ကြောင့် ယာဉ်နှစ်စီးပေါ်၌ လိုက်ပါလာသည့် ခရီးသည် ၂၆ ဦး ဒဏ်ရာရရှိခဲ့ပြီး မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိရာ မိတ္ထီလာဆေးရုံ၌ အတွင်းလူနာ ၁၄ ဦးနှင့် အပြင်လူနာ ၁၂ဦးတို့ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားမှု မတိုင်မီ မန်းရွှေမြို့တော်မော်တော်ယာဉ်မှာ ခရီးသည် ၁၆ ဦးတင်ဆောင်လာပြီး အဆိုပါယာဉ်ကို ယာဉ်မောင်း ဦးစောနေအောင်က မောင်းနှင်လာသည်။ အလားတူ လယ်ဝေးမြို့မှ ဘုရားဖူးမော်တော်ယာဉ်အား ဘုရားဖူးခရီးသည် ၂၂ ဦးတင်ဆောင်လာကာ ယာဉ်မောင်း ကိုသိန်းလွင်က မောင်းနှင်လာပြီး ၂၈၁ မိုင်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ်က ဘုရားဖူးယာဉ်ကို အနောက်ဘက်မှအရှိန်ဖြင့် တိုက်မိခဲ့ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

"ကျွန်တော်က အရှိန်နည်းနည်းနဲ့ မောင်းလာတယ်။ အဲဒါကို သူက နောက်နေက ဝင်တိုက်လိုက်တဲ့အခါ ကျတော့ ကျွန်တော့်ကားက ဘေးကို ဆွဲချသွားတယ်။ အဲဒါမမှောက်အောင် မနည်းထိန်းပြီး ရပ်လိုက်ရတယ်။ ရပ်လိုက်တဲ့အခါမှာ ကားနှစ်စီးက ကပ်လျက်ဖြစ်နေတယ်။ ခေါင်းခန်းမှာ ထိုင်တဲ့လူတွေကို မနည်းဆွဲထုတ်ရတယ်" ဟု ဘုရားဖူးယာဉ်မောင်း ကိုသိန်းလွင်က ပြောသည်။

"ဖြစ်ဖြစ်ချင်း ကျွန်တော်တို့ မိနစ်အနည်းငယ်အတွင်း အခင်းဖြစ်ပွားရာနေရာကို ရောက်ပါတယ်။ ဘုရားဖူးယာဉ်က ရှေ့ကသွားနေတယ်။ မန်းရွှေမြို့တော်ယာဉ်က နောက်ကနေ အရှိန်နဲ့ဝင်တိုက်လိုက်တဲ့ အခါကျတော့ လမ်းဘေးကို ရောက်သွားတာတွေ့ရတယ်။ အခု စစ်ဆေးမှုတွေ လုပ်နေပါတယ်။ အပြင်းအထန် ဒဏ်ရာရသူ လေးဦး၊ ငါးဦးခန့်ရှိမယ်" ဟု ကနဦးစစ်ဆေး ချက်များအပေါ် သီးကုန်းစခန်းမှူး ဒုရဲမှူး မြင့်စိုးနိုင်က ပြောသည်။

"ကျွန်တော်တို့ ကယ်ဆယ်ရေးအဖွဲ့တွေက ၅ နာရီခွဲလောက် ရောက်လာတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ လူနာအချို့က လူနာတင်ယာဉ်ပေါ် ရောက်နေပြီ။ မန်းရွှေမြို့တော် ကားပေါ်မှာ ညပ်နေတဲ့ နှစ်ယောက်ကိုတော့ ဆွဲထုတ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန် လူနာ ၁၀ ယောက်လောက်ရှိတယ်။ အပြင်းအထန်ဒဏ်ရာရတဲ့သူတွေလည်းပါတယ်။ အဲဒီလူတွေကို ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့တွေနဲ့ ရဲတွေဝိုင်းကူညီပြီး ဆေးရုံပို့ပေးခဲ့တယ်"ဟု သီးကုန်းအမြန်လမ်းမီးသတ်စခန်းမှ တပ်သား ကိုနေမျိုးထက်က ပြောသည်။ ယင်းဖြစ်စဉ်ကြောင့် မန်းရွှေမြို့တော်ယာဉ်မောင်းအား သီးကုန်းအမြန်လမ်းမကြီးရဲစခန်း၌ ယာဉ် (ပ) ၂၄/၂၀၁၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**ညီညီထွန်းနှင့်အဖွဲ့**
**ဓာတ်ပုံ-ရွှေကိုကိုလေး**

## မနက်ဖြန်ညနေထိ ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် ၄၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရခိုင်

# ပြည်ထောင်စုနယ်မြေအတွင်း မဲစာရင်းကပ်ထားကြေညာမှု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အဖွဲ့ဝင် ဦးမြင့်နိုင်၊ အတွင်းရေးမှူးဦးတင်ထွန်းနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကပ်ထားကြေညာမှုအား လိုက်လံကြည့်ရှုသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထက်ကျော်က မဲစာရင်းကပ်ထားကြေညာမှုနှင့်စပ်လျဉ်း၍ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ) ဖြင့်လျှောက်ထားမှု၊ ပုံစံ(၃-က)ဖြင့် လျှောက်ထားမှု၊ မဲရုံအရေအတွက်၊ မဲရုံအဖွဲ့ဝင်အရေအတွက်၊ အခြေခံမဲစာရင်းနှင့် နောက်ဆုံးအကြိမ်မဲစာရင်း နှိုင်းယှဉ်ချက်တို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပုံစံ(၃-က)ဖြင့် လျှောက်ထားမှုမှာ ဝန်ထမ်းအင်အားနှင့် နှိုင်းယှဉ်ပါက နည်းနေသဖြင့် ကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အစိုးရဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့် မဲပေးခွင့်မဆုံးရှုံးရအောင် ပုံစံ(၃-က)ဖြင့် လျှောက်ထားရေး အသိပေးဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

၎င်းနောက် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရွှေချီ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲစာရင်းကပ်ထားမှုအား သွားရောက်ကြည့်ရှုပြီး မဲစာရင်းကြည့်ရှုချိန်တွင် တာဝန်ပေးထားသူသုံးဦးအနေဖြင့် မဲဆန္ဒရှင်များ လွယ်ကူစွာရှာဖွေနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ် သက်ကယ်ကျင်းကျေးရွာအုပ်စုများသို့ သွားရောက်ပြီး ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများအား မဲဆန္ဒရှင်များအနေဖြင့် လွယ်ကူစွာရှာဖွေနိုင်ရန် မဲစာရင်းတွင် လမ်းအမည်နှင့် အက္ခရာစဉ်များကို ထင်သာမြင်သာရေးသားထားရန်၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ) တို့ဖြင့် လျှောက်ထားခြင်းကို ချက်ချင်း ဆောင်ရွက်မှတ်တမ်းပြုလုပ်ထားရန်နှင့် ပုံစံ(၃-က) ဖြင့် လျှောက်ထားမှုစာရင်းကိုလည်း စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တပ်မတော်သားများနှင့် အိမ်ထောင်စုဝင်မိသားစု မဲစာရင်းများပါဝင်သည့် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက် မဲစာရင်းကပ်ထားမှုအား သွားရောက်ကြည့်ရှုခဲ့ပြီး မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ရာတွင် မိသားစုဝင်များထဲမှ ဝန်ထမ်းများကို တာဝန်ပေးရန်နှင့် အမှန်တကယ် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကိုသာ ကြိုတင်မဲပေးစေရန်၊ ကျန်တပ်မတော်သားများ၊ အိမ်ထောင်စုဝင်များ မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးရန် မှာကြားသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ရောက်ရှိစဉ် မဲစာရင်း လာရောက် ကြည့်ရှုနေသည့် ပြည်သူလူထုနှင့် တွေ့ဆုံ၍ မဲစာရင်းကြည့်ရှုရာတွင် အခက်အခဲ ရှိ၊ မရှိ၊ အမှားအယွင်း ရှိ၊ မရှိနှင့် အမည်ကျန်နေမှု ရှိ၊ မရှိတို့အား မေးမြန်းပြီး မဲစာရင်းအား မည်သို့ကြည့်ရှုရှာဖွေရမည်ကို မဲဆန္ဒရှင်များအား အသိပေးကာ မဲစာရင်းတွင် အမည်ပါမှသာ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ အမည်မပါရှိပါက ပုံစံ(၃)ဖြင့် လျှောက်ထားရေး၊ မပါသင့်သူပါဝင်နေပါက ပုံစံ(၄)ဖြင့် ပယ်ဖျက်ရေး၊ အမှားများရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားရေး၊ အမှားရှိသော်လည်း မဲပေးခွင့်ရှိမည်ဖြစ်ပြီး မဲစာရင်းတွင် အမည်စာရင်းပါရှိရေးမှာ အဓိကဖြစ်သည်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သေမင်းတမန်မီးရထားလမ်းပိုင်းဖောက်လုပ်သောသေဆုံးလုပ်သားများ၏ ရှားပါးဓာတ်ပုံများအား ပြသမည်

**သံဖြူဇရပ် စက်တင်ဘာ ၁၉**

ဖက်ဆစ်ဂျပန်တို့၏ အာရှစစ်မျက်နှာဖွင့်လှစ်၍ နယ်ချဲ့ကျူးကျော်စဉ်ကာလအတွင်း မြန်မာ-ယိုးဒယား(ထိုင်း)နိုင်ငံအား ဆက်သွယ်သော သေမင်းတမန်မီးရထားလမ်းဖောက်လုပ်ခိုက် အကြောင်းအမျိုးမျိုးကြောင့်သေဆုံးခဲ့ရသော လုပ်သား ဦးရေ ၁၂၀၀၀၀ ကျော်တို့၏ လှုပ်ရှားမှုပုံရိပ် ရှားပါးမှတ်တမ်းဓာတ်ပုံများအား သံဖြူဇရပ်မီးရထားပြတိုက်အတွင်း အများပြည်သူများအား အောက်မေ့ဖွယ် ကြည့်ရှုလေ့လာနိုင်ကြစေရန်အတွက် ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ဂျပန် ဘုရင့်တပ်မတော်စစ်ဝန်ကြီး ဂျန်နရယ်တိုကျိုက မီးရထားလမ်းဖောက်လုပ်ရန်အတွက် ၁၉၄၂ ခုနှစ်တွင် အဆိုပါ စီမံကိန်းရေးဆွဲပြီး လုပ်ငန်းစတင်ခဲ့ကြောင်း သိရကာ ယိုးဒယား(ထိုင်း)နိုင်ငံရှိ ဘန်းဗလား၊ ကချနပူရီနှင့် ဆန်ပေါ်ဘူတာမှစတင်၍ မြန်မာနိုင်ငံရှိ ကွေ့မမြစ်အားဖြတ်သန်းကာ မွန်ပြည်နယ်သံဖြူဇရပ်မြို့ထိ ရထားလမ်းအရှည် ၁၇၅ မိုင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း မီးရထားပြတိုက် တည်ဆောက်ရေး စီမံကိန်းလေ့လာရေးအဖွဲ့မှတာဝန်ရှိသူများကပြောကြားခဲ့ကြသည်။

အဆိုပါရထားလမ်းဖောက်လုပ်မှုတွင်ဂျပန်တပ်မတော်နှင့် မဟာမိတ်နိုင်ငံများဖြစ်သော ဗြိတိန်၊ကနေဒါ၊ အမေရိကန်၊နယူးဇီလန်၊သြစတြေးလျား၊ ဒိန်းမတ်၊ နယ်သာလန်စသောနိုင်ငံများမှစစ်သုံ့ပန်း ၆၁၈၀၀ ကျော်နှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများရှိ လုပ်သားများအပါအဝင်လူဦးရေ ၈၀၀၀၀ ကျော် တို့အားချွေးတပ်အဖြစ် စုရုံးကာ လူအင်အားများစွာဖြင့် သေမင်းတမန်မီးရထားလမ်းပိုင်းအား နေ့ချင်း ညချင်း အမြန်ပြီးစီးရန် ဖောက်လုပ်ခဲ့ကြောင်းသိရသည်။

စီမံကိန်းကာလအတွင်း ဂျပန်တို့၏ အမြန်ပြီးချင်သောလောဘကြီးမှု၊ ဖိအားပေး ခိုင်းစေမှုများကြောင့် အဆိုပါ ချွေးတပ်လုပ်သားများမှာ တောတောင်များရှင်းလင်းရာ၌ ကျားဆွဲခံကြရခြင်း၊အခြားတောရိုင်းတိရစ္ဆာန်များ၏တိုက်ခိုက်မှုကိုခံကြရခြင်း၊ ခဲယမ်းများဖြင့်တောင်များမိုင်းခွဲရာတွင် ထိခိုက်ဒဏ်ရာများရရှိပြီး သေဆုံးကြရခြင်း၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများဖြစ်ပွားခြင်းတို့နှင့် ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများဖြင့် လူဦးရေ ၁၂၀၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

၁၇၅မိုင်အရှည်ရှိသော ရထားလမ်းပိုင်းမှာ ဇလီဖားတုံးအရေအတွက်မျှရှိသော လုပ်သားတို့၏ အသက်သွေးချွေးတို့ဖြင့် ပေးဆပ်ခဲ့ရသော ရထားလမ်းပိုင်းသာ ဖြစ်ကြောင်း အဆိုပါ ပြတိုက်စီမံကိန်းလေ့လာရေးအဖွဲ့မှသိရသည်။

ယခုအခါ ထိုသမိုင်း ရာဇဝင်ဖြစ်ရပ်များအား နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းရှိ မြန်မာနိုင်ငံမှ ခရီးသွားပြည်သူများ အောက်မေ့ဖွယ်ရာလေ့လာကြည့်ရှုနိုင်ကြစေရန်အတွက် ရှားပါးဓာတ်ပုံမှတ်တမ်းများ၊ 3D ဒီဇိုင်းများနှင့် ပန်းချီကားချပ်များအား လာမည့်အောက်တိုဘာလကုန်ပိုင်း၌ ပြီးစီးတော့မည့် သံဖြူဇရပ်မြို့မီးရထားပြတိုက်တွင် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း ပြတိုက်ခင်းကျင်းပြသရေးအဖွဲ့မှသိရသည်။



**သေမင်းတမန်မီးရထားလမ်းဖောက်လုပ်သော ချွေးတပ်လုပ်သားများ၏စားသောက်မှုမြင်ကွင်းမှတ်တမ်းအား တွေ့မြင်ရစဉ်။**

**သတင်းနှင့်ဓာတ်ပုံ -ပွင့်သစ္စာ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅) ဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများကို လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၀၂/၂၀၁၅) ဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများကိုလည်းကောင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများတွင် အခန်း (၁၃) ခန်းပါရှိပြီး အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၃) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း (၄) စိစစ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၅) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၆) သတင်းပို့ အဖွဲ့အစည်းများရှိ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊အခန်း(၇) သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အခန်း(၈) ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန် တာဝန်၊ အခန်း (၉) ကြီးကြပ်ဆောင်ရွက်ခြင်း၊ အခန်း (၁၀) ငွေကြေးသို့မဟုတ် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှု၊ အခန်း (၁၁) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း၊ အခန်း (၁၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေ၊ အခန်း (၁၃) အထွေထွေ ဟူ၍ ပါရှိသည်။

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများတွင် အခန်း (၁၃) ခန်းပါရှိပြီး အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း (၂) ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက် အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း၊ အခန်း(၃)အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊အခန်း (၄)အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကုလသမဂ္ဂကသတ်မှတ်ချက်ကို ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း၊ အခန်း (၅) သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအား အတည်ပြုဖော်ထုတ်ခြင်း၊ အခန်း (၆) စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း၊ အခန်း(၇)ကြီးကြပ်ရေး အာဏာပိုင်တို့၏ လုပ်ငန်းတာဝန်များ၊ အခန်း (၈) သတင်းပို့အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ၊ အခန်း (၉) ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက် အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ အခန်း (၁၀) သတ်မှတ်ကြေညာခြင်းဆိုင်ရာ မှားယွင်းမှုများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ၊ အခန်း (၁၁) ထိန်းချုပ်ထားသည့် ရန်ပုံငွေများအား ရယူသုံးစွဲရန် ခွင့်ပြုခြင်း၊ အခန်း(၁၂) တတိယလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အကျိုးစီးပွားအားကာကွယ်ခြင်းနှင့် အငြင်းပွားမှုများအား ဖြေရှင်းခြင်း၊ အခန်း (၁၃) အထွေထွေ တို့ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ



# ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)မှ ရေဘေးသင့်ဒေသများအတွက် အလှူငွေပေးအပ်


**မန္တလေး စက်တင်ဘာ ၁၉**

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) မှ ရေဘေးသင့်ဒေသများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် ညနေ ၆ နာရီခွဲက မန္တလေးမြို့ (၃၄) လမ်းနှင့် (၈၅)လမ်းထောင့်ရှိ အဆိုပါအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဓါတ်ပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာဝင်းလှိုင်က တိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများတွင် ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) ဥက္ကဋ္ဌ ဦးမြင့်ဟန်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျပ်သိန်း ၃၀၊ ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် နေတိုးဖောင်ဒေးရှင်းသို့ ကျပ်သိန်း ၃၀၊ ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဝေဠုကျော် ဖောင်ဒေးရှင်းသို့ ကျပ် သိန်း ၃၀၊ ချင်းပြည်နယ် ရေဘေးသင့်ဒေသများအတွက် သက်မွန်မြင့်ဖောင်ဒေးရှင်းသို့ ကျပ်သိန်း ၃၀၊ ကလေးဝဒေသ ရေဘေးသင့်ဒေသများအတွက် ဟုမ္မလင်းမြို့ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့သို့ ကျပ် ၁၀ သိန်း စုစုပေါင်း ကျပ် သိန်း ၁၃၀ ကို ကျောက်မျက်အသင်းတာဝန်ရှိသူများက အသီးသီးပေးအပ်လှူဒါန်းရာ လူမှုရေးအဖွဲ့များကိုယ်စား အကယ်ဒမီနေတိုးက လက်ခံကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(ဝဝ၂)**

ဧရာဝတီမြစ်ရေ အခြေအနေ (ဇလွန်မြို့)




# ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့ တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဧရာဝတီမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ ချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ဟင်္သာတမြို့)




# ဝေါနမြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက် ခုနစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)



# တပ်မတော်သားများ၏ ရှပ်ရှပ်ချွံချွံရဲဝံ့စွာ စွန့်စားတိုက်ခိုက်မှုများကြောင့် လောက်ကိုင်ဒေသလုံခြုံ၍ တည်ငြိမ်အေးချမ်းသောအခြေအနေ ပြန်လည်ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၉**

ဖုန်ကြားရှင်ဦးဆောင်သော MNDAA သောင်းကျန်းသူများသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့အား သိမ်းပိုက်ပြီး အစိုးရအပေါ် နိုင်ငံရေးအရအကျပ်ကိုင်၍ မတရားအခွင့်အရေးများ တောင်းဆိုနိုင်ရန် လောက်ကိုင်ဒေသအတွင်း စိမ့်ဝင်ခဲ့သည်။ ဖေဖော်ဝါရီ ၉ ရက် တွင် တောက်ရွှေကျေးရွာ၊ မော်ထိုက်ကျေးရွာနှင့် ၁၈ မိုင်လမ်းဆုံတို့တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် လောက်ကိုင်မြို့ ကုန်းကြမ်းမြို့နှင့် လောက်ကိုင်ဒေသနေရာအနှံ့အပြားတို့တွင်လည်းကောင်း ကြိုတင်စီမံထားသည့်အတိုင်း စတင်တိုက်ခိုက်၍ ဒေသတစ်ခုလုံး သိမ်းပိုက်ထိန်းချုပ်နိုင်ရေး ကြိုးစားခဲ့သည်။

သို့ဖြစ်၍ နိုင်ငံအချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သည် အုပ်ချုပ်ထောက်ပံ့မှုနှင့်အင်အားဖြည့်တင်းခြင်းကို လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့်အချိန်မီဆောင်ရွက်ခဲ့ပြီး လေကြောင်းနှင့်လက်နက်ကြီးပစ်ကူများ အသုံးပြုကာ MNDAA သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့သည်။

MNDAA သောင်းကျန်းသူများသည် တပ်မတော်၏ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် နယ်မြေကျဉ်းမြောင်းလာသဖြင့် အင်အားများစုစည်းကာ မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင် ၁၁၉ အနီးရှိ တောင်ကုန်းများတွင် ခံစစ်ဆင်ရန် စီမံခဲ့ရာ တပ်မတော်လေကြောင်းနှင့်လက်နက်ကြီးပစ်ကူဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။

လောက်ကိုင်ဒေသအတွင်း တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့အထိ စုစုပေါင်းထိတွေ့တိုက်ပွဲ ၄၈၃ ကြိမ်ဖြစ်ပွားခဲ့ပြီး MNDAA သောင်းကျန်းသူများထံမှ အလောင်း ၂၂၆ လောင်း(အလောင်းရ)၊ လက်နက်မျိုးစုံ ၄၅၂ လက်၊ ကျည်မျိုးစုံ ၉၄၈၇၂ တောင့်၊ ကျည်အိမ်မျိုးစုံ ၇၅၂ ခု၊ လက်ပစ်ဗုံး ၁၀၁၉ လုံး၊ ဗုံးသီး/ဒုံးသီးမျိုးစုံ ၂၉၅ လုံး၊ မိုင်းမျိုးစုံ ၂၂၉ လုံး၊ ဆက်စပ်ပစ္စည်းများ၊ ကျည်ကာအင်္ကျီများ၊ မော်တော်ယာဉ်ငါးစီး၊ မော်တော်ဆိုင်ကယ်ခုနစ်စီးနှင့် ဘက်ဟိုးတစ်စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး**(အပေါ်ပုံ)** သောင်းကျန်းသူ ၄၈ ဦးအား ဖမ်းဆီးရမိခဲ့ကာ တပ်မတော်မှလည်း အရာရှိ၊ စစ်သည်များ နိုင်ငံတော်အတွက် အသက်ခန္ဓာစွန့်လွှတ်ပေးဆပ်ခဲ့ရသည်။

MNDAA သောင်းကျန်းသူများသည် လောက်ကိုင်ဒေသအတွင်း ဒေသခံတိုင်းရင်းသားများနှင့်ရောနှောပြီး စိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်ငန်းများ ယောင်ပြလုပ်ဆောင်ကာ လူ/လက်နက်/ခဲယမ်း စုဆောင်း၍ အင်အားတည်ဆောက်ခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်း လုပ်ကိုင်ပြီး ငွေကြေးရှာဖွေခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ တိုက်ပွဲများ ပြင်းထန်ရှည်ကြာလာခဲ့ရာ ထိခိုက်ကျဆုံးမှုများလာသဖြင့် ဒေသခံတိုင်းရင်းသားများအား အဓမ္မစစ်သားစုဆောင်း၍ မူးယစ်ဆေးဝါးအသုံးပြုကာ အသေခံတိုက်ပွဲဝင်စေခဲ့ကြောင်းသိရသည်။

တိုက်ပွဲများအတွင်း တပ်မတော်စစ်ကြောင်းများက MNDAA သောင်းကျန်းသူများထံမှ ဘိန်းဖြူ ၇ ဒသမ ၆၆၁၉ ကီလို၊ ဘိန်းစိမ်း သုည ဒသမ ၂၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁၂၀၂၇ ပြား၊ စိတ်ကြွ ဆေးပြားမှုန့် ၁၃ ဒသမ ၉၄၃၅ ကီလို၊ အက်ဖီဒရင်းအဖြူရောင်အမှုန့် ၃၄ ဒသမ ၅ ကီလို၊ အိုင်စီအီး(အိုက်စ်) ၁၃၅၉ ဒသမ ၈၀၆၉ ကီလို၊ ဒိုင်မီသိုင်းဆာလဖိတ် လီတာ ၃၀၀၀၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၇၂၀၀၊ဘိန်းညိုမှုန့် သုည ဒသမ ၆၀၅ ကီလို၊ ဘိန်းမည်း ၁ ဒသမ ၈၁၆၅ ကီလိုနှင့် ဆိုဒီယမ်အက်စီတစ်အင်ဟိုက်ဒရိုက် ကီလို ၃၀ မူးယစ်ဆေးဝါးစုစုပေါင်းကာလတန်ဖိုး ကျပ်သန်းပေါင်း ၈ ထောင်ခန့်အား သိမ်းဆည်းရရှိခဲ့သည်။

လောက်ကိုင်ဒေသနယ်မြေအခြေအနေမှာ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်နှင့်ထိစပ်နေပြီး တောတောင်လျှိုမြောင်ထူထပ်သည့်အပြင် ကျောက်တောင်များမှာ မတ်စောက်၍ လျင်မြန်စွာချီတက်သွားလာရန် ကန့်သတ်ချက်များရှိခဲ့သည်။ သောင်းကျန်းသူများအနေဖြင့် နယ်မြေကျွမ်းကျင်မှုနှင့် မြေအခြေအနေအရေးသာမှုများကိုအသုံးချ၍ အပြင်းအထန်ခုခံတိုက်ခိုက်ခဲ့သော်လည်း တပ်မတော်မှ လေကြောင်းနှင့်လက်နက်ကြီး ပစ်ကူများဖြင့် ထိရောက်သော ပစ်အားနှင့်အတူ တပ်မတော်သားများ၏ နိုင်ငံတော်အတွက် အသက်ခန္ဓာကို မငဲ့ကွက်ဘဲ ရှပ်ရှပ်ချွံချွံရဲဝံ့စွာ စွန့်စားတိုက်ခိုက်မှုများကြောင့် ယခုအခါ လောက်ကိုင်ဒေသသည် လုံခြုံ၍တည်ငြိမ်အေးချမ်းသော အခြေအနေကို ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ဆက်လက်၍ လောက်ကိုင်ဒေသတွင် ပြည်သူများလုံခြုံစိတ်ချစွာ သွားလာနေထိုင်လုပ်ကိုင်နိုင်ရေး တပ်မတော်က ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# စစ်ဘေးရှောင်ဒုက္ခသည်များဝင်ရောက်မှု ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ပိတ်ပင်မည်မဟုတ်

**အန်ကာရာ စက်တင်ဘာ ၁၉**

စစ်ဘေးရှောင် ဒုက္ခသည်အများစုသည် တူရကီနိုင်ငံနယ်စပ်မှ ဥရောပနိုင်ငံများသို့ နေ့စဉ်ဝင်ရောက်လာခြင်းနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက တူရကီနိုင်ငံမြို့တော် အန်ကာရာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက စစ်ဘေးရှောင် ပြည်သူများအား ၎င်းတို့နိုင်ငံများအတွင်းသို့ ရောက်ရှိလာမှုကို တားမြစ်ပိတ်ပင်မည်မဟုတ်ကြောင်း လူဇင်ဘတ် နိုင်ငံခြားရေးဝန်ကြီး ဂျင်းအာဆယ်ဘွန်ကဆိုသည်။

နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် စစ်ဘေးရှောင် ပြည်သူများအား ပိတ်ပင်မှုများပြုလုပ်မည်မဟုတ်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ သတင်းစာရှင်းလင်းပွဲတွင် လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ စစ်ဘေးရှောင်ပြည်သူတွေ ဝင်ရောက်လာတာကို တံခါးပိတ်ထားမှာ မဟုတ်ပါဘူး။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေ ညီတူညီမျှ ခွဲဝေယူကြမှာပါ။ ဒီလိုမှမဟုတ်ရင် ဒုက္ခသည်ပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး"ဟု လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဥရောပသမဂ္ဂအနေဖြင့် ယခုအချိန်တွင် တူရကီနိုင်ငံကြုံတွေ့နေရသည့် စစ်ဘေးရှောင်ဒုက္ခသည်များ အရေးနှင့်ပတ်သက်သည့် ဘဏ္ဍာရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းနေရကြောင်း လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

တူရကီ နိုင်ငံခြားရေးဝန်ကြီးက ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် တူရကီနှင့်ဂျာမနီနိုင်ငံတို့သည် စစ်ဘေးသင့်ဒုက္ခသည်များအရေးကို အတူတကွရင်ဆိုင်နေရပြီး ဂျာမနီနိုင်ငံ၏ သဘောထားသည် အခြားသော ဥရောပနိုင်ငံများအတွက် ရှေ့ဆောင်လမ်းပြဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

ယခုအစည်းအဝေး ကျင်းပရခြင်းသည် စစ်ဘေးရှောင်ဒုက္ခသည်အများစုက တူရကီနိုင်ငံ နယ်စပ်မှ ဥရောပနိုင်ငံများသို့ နေ့စဉ်ဝင်ရောက်လာခြင်းကြောင့်ဖြစ်သည်။ ဥရောပသမဂ္ဂ တာဝန်ရှိသူများက စက်တင်ဘာ ၂၂ ရက်တွင် အစည်းအဝေးတစ်ရပ် ထပ်မံ ကျင်းပမည်ဖြစ်ပြီး ဒုက္ခသည်များအရေးနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂ၏ မူဝါဒနှင့် ဆက်စပ်သည်များကို ဆွေးနွေးရန် ဥရောပကောင်စီကလည်း အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အိုဘားမားနှင့် ကက်စထရိုတို့ ဖုန်းဖြင့်ဆွေးနွေး

**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ကျူးဘားသမ္မတ ရာအူးကက်စထရိုတို့သည် စက်တင်ဘာ ၁၈ ရက်က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အဆိုပါ တယ်လီဖုန်းဆွေးနွေးမှုတွင် နှစ်နိုင်ငံခေါင်းဆောင်များက အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံကြား သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ခြင်း၏ အရေးပါမှုနှင့် နှစ်နိုင်ငံစလုံး၌ သံရုံးများပြန်လည်ဖွင့်လှစ်မှုကို အလေးပေးဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တစ်ခုတွင်ဆိုသည်။ ၎င်းတို့က ယခုရက်သတ္တပတ်အတွင်း ဟေတီနိုင်ငံသို့ လာရောက်မည့် အမေရိကန်ရေတပ်သင်္ဘော COMFORT ၏ ခရီးစဉ်အတွင်း အမေရိကန်နှင့် ကျူးဘားဆေးဘက်ကျွမ်းကျင်သူများအကြား ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

နှစ်ပေါင်းငါးဆယ်ကျော်ကြာ ရန်လိုမှုများကို အဆုံးသတ်စေသည့် ဝါရှင်တန်နှင့် ဟာဗားနားတို့က သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ပြီး နှစ်လအကြာတွင် ကျူးဘားနိုင်ငံအပေါ် ခရီးသွားလာမှုနှင့် စီးပွားရေးတင်းကျပ်မှုများ ပိုမိုဖြေလျှော့မည့်ကိစ္စများကို အမေရိကန်ပြည်ထောင်စုက ကြေညာပြီးနောက် အဆိုပါဖုန်းဆွေးနွေးမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အိုဘားမားနှင့် ကက်စထရိုတို့က ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံကြား ဆက်ဆံရေးတိုးတက်စေရန် ပါဝင်ခဲ့သည်ဆိုသော အခန်းကဏ္ဍကိုလည်း ထောက်ခံခဲ့ကြသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အမေရိကန်ပြည်ထောင်စုသို့ မသွားရောက်မီ ယနေ့ ကျူးဘားနိုင်ငံသို့ လေးရက်ကြာခရီးစဉ် စတင်သွားရောက်မည်ဖြစ်ပြီး စက်တင်ဘာ ၂၃ ရက်တွင် အိမ်ဖြူတော်၌ အိုဘားမားနှင့် တွေ့ဆုံမည်ဖြစ်သည်။ **ဆင်ဟွာ။**



# ယခုနှစ် ပထမခြောက်လအတွင်း၌ ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများက ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံ ဆွဲဆောင်နိုင်

**ဖနွမ်းပင် စက်တင်ဘာ ၁၉**

ယခုနှစ် ပထမခြောက်လအတွင်း၌ ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရရှိအောင် ဆွဲဆောင်နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးရေးကောင်စီမှ စက်တင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

ကမ္ဘောဒီးယားပြည်တွင်း ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုမှာ အဆိုပါဇယား၏ ထိပ်ဆုံးတွင်ရှိပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၂ ဘီလီယံဖြစ်သည်။ ၎င်း၏ နောက်တွင် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၅၄ သန်း၊ ဗီယက်နမ်မှ အမေရိကန်ဒေါ်လာ ၂၈ သန်းနှင့် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၅ သန်းတို့ဖြင့် အသီးသီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှု ပမာဏထဲမှ အခြေခံ အဆောက်အအုံများ တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃ ဘီလီယံ၊ စက်မှုလုပ်ငန်း၌ အမေရိကန်ဒေါ်လာ သန်း ၃၆၀၊ စိုက်ပျိုးရေးလုပ်ငန်း၌ ဒေါ်လာ ၃၅၂ သန်းနှင့် ခရီးသွားလုပ်ငန်းတွင်ဒေါ်လာ ၇၄ သန်းတို့ကို အသုံးပြုသွားမည် ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

❑

# ကလေးလုပ်သားပပျောက်ရေးကုလရည်မှန်းချက် အိန္ဒိယ၌ ပေါက်မြောက်လာနိုင်ဖွယ် မရှိသေး

**နယူးဒေလီ စက်တင်ဘာ ၁၉**

၂၀၁၅ ခုနှစ်ထက်နောက်မကျဘဲ ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမားများ ပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ကုလသမဂ္ဂက ရည်မှန်းသော်လည်း ယင်းရည်မှန်းချက်မှာ အိန္ဒိယနိုင်ငံ၌ ပေါက်မြောက်လာနိုင်ဖွယ်မရှိကြောင်း ကလေးသူငယ်အခွင့်အရေးလှုပ်ရှားသူတစ်ဦးက ပြောကြားသည်။

ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအနက် ရည်မှန်းချက်တစ်ရပ်အဖြစ် ၂၀၂၅ ခုနှစ်ထက် နောက်မကျဘဲ ကလေးလုပ်သားကင်းဝေးရေးကြိုးပမ်းရန် ကမ္ဘာ့နိုင်ငံများက ကတိကဝတ်ပြုကြမည့် အစည်းအဝေးကို ယခုလအတွင်း ကျင်းပရန်ရှိနေစဉ်"ကလေးများအား ကယ်တင်ပါ"အမည်ရှိ အဖွဲ့အစည်း၏ ဒေသဆိုင်ရာအကြီးအကဲ ပရာဘတ်ကူးမားက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများတွင် အသက်(၁၄)နှစ်အောက် ကလေးများအား အလုပ်လုပ်ကိုင်ခွင့်ပေးရန် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့က စီစဉ်လျက်ရှိသဖြင့် ကုလသမဂ္ဂ၏ ယင်းရည်မှန်းချက်မှာ မိမိတို့နိုင်ငံတွင် ပေါက်မြောက်အောင်မြင်လာဖွယ်မရှိကြောင်း ကူးမားက ဝေဖန်ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်ဆယ်စုနှစ်တာကာလပတ်လုံး ကလေးများ၏လုပ်အားကို စီးပွားရေး အကျိုးအမြတ်ရရှိရေးအလို့ငှာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုမပြုလုပ်နိုင်စေရေးအတွက် အစိုးရက ထိန်းချုပ်မှုများကို ထိရောက်စွာ ပြုလုပ်နိုင်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။ ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိရေးကို ဥပဒေများတွင် ပြဋ္ဌာန်းပေးထားပြီး ၎င်းတို့အတွက် လူမှုဖူလုံရေးအစီအစဉ်များ အကောင်အထည်ဖော်ပေးရန်လည်း ဥပဒေများတွင် ဖော်ပြထားသည်။ **ရိုက်တာ။**



# အယ်လ်ခိုင်ဒါများက ဆီးရီးယားလေတပ်အခြေစိုက်စခန်းမှ တပ်ဖွဲ့ဝင် ၇၁ ဦးအား သတ်ဖြတ်

**ဒမတ်စကတ် စက်တင်ဘာ ၁၉**

အယ်လ်ခိုင်ဒါစစ်သွေးကြွအုပ်စုက ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ လေတပ်အခြေစိုက်စခန်းတစ်ခုကို စက်တင်ဘာ ၉ ရက်က ဝင်ရောက်စီးနင်းခဲ့ပြီး ဆီးရီးယားတပ်ဖွဲ့ဝင်များကို ဖမ်းဆီးခေါ်ဆောင်ကာ နေ့စဉ်နှင့်အမျှ သတ်ဖြတ်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်ထိ ၎င်းတို့သတ်ဖြတ်ခဲ့သည့် တပ်ဖွဲ့ဝင်အရေအတွက်မှာ ၇၁ ဦးခန့်ရှိပြီဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဘူအယ်လ်ဒူဟာဒေသရှိ လေတပ်အခြေစိုက်စခန်းကို စက်တင်ဘာ ၉ ရက်မှစပြီး အယ်လ်ခိုင်ဒါစစ်သွေးကြွများက ဝင်ရောက်စီးနင်းခဲ့ပြီး စခန်းမှ တပ်ဖွဲ့ဝင်များအား ဖမ်းဆီးခေါ်ဆောင်သွားကြကြောင်း ဆီးရီးယားနိုင်ငံ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကဆိုသည်။

စစ်သွေးကြွများက သဲမုန်တိုင်းတိုက်ခတ်သည့်အချိန်များကို အခွင့်ကောင်းယူကာ ဆီးရီးယားတပ်မတော်၏ အခြေစိုက်စခန်းအများအပြားကို လွန်ခဲ့သောလများက ဝင်ရောက်စီးနင်းသိမ်းပိုက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

# စည်းကမ်းမဲ့ ရန်ကုန်ဘတ်စ်ကားလောကနှင့် စည်းကမ်းထိန်းသည့် မော်တော်ယာဉ်ဥပဒေသစ်

ရန်ကုန် စက်တင်ဘာ ၁၉

**၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်က ပြည်ထောင်စုလွှတ်တော်ကအတည်ပြု အသစ်ပြဋ္ဌာန်းလိုက်သည့် မော်တော်ယာဉ်ဥပဒေတွင် စည်းကမ်းမဲ့ယာဉ်များကိုမူလဒဏ်ကြေး ၁၅၀၀ ကျပ်အစား ငွေကျပ် သုံးသောင်းထက်မပိုသော ပြစ်ဒဏ်ပြဋ္ဌာန်းခဲ့သည်။ စည်းကမ်းမဲ့ယာဉ်များကို ဒဏ်ကြေးငွေအဆ ၂၀ တိုးမြှင့်သည်ဟုအကြောင်းပြ၍ ရန်ကုန်မြို့ရှိ ခရီးသည်တင်ယာဉ်လိုင်းအချို့သည် စက်တင်ဘာ ၁၅ ရက်မှစတင်ကာ ရပ်နားမှုများပြုလုပ်ခဲ့ကြသည်။**

သတင်းဆောင်းပါး – ခင်မောင်ထွေးနှင့်မင်းသစ်
ဓာတ်ပုံ – ဇော်မင်းလတ်

အဆိုပါယာဉ်လိုင်းအချို့၏ ရပ်နားမှုကြောင့် ရန်ကုန်မြို့ရှိခရီးသွားပြည်သူအများစုမှာ လတ်တလော အခက်အခဲများဖြင့်ကြုံတွေ့ခဲ့ကြရသည်။ ထို့ပြင် တက္ကသိုလ်အဆင့်စာမေးပွဲများဖြေဆိုချိန်နှင့် တိုက်ဆိုင်နေ၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများမှာလည်း ကြီးစွာသောစိတ်သောကဖြစ်ကြရသည်။

"သမီးစာမေးပွဲဖြေမယ့် သန်လျင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(တာဝ)ကို တက္ကစီခ သုံးသောင်းနဲ့ငှားပြီး သွားခိုင်းရတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ဆိုသည်။

အမှတ်(၂၁၃) ယာဉ်လိုင်းမှ ဝါရင့်ယာဉ်မောင်းတစ်ဦးကမူ "အချို့ယာဉ်လိုင်းက ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေက ဘော်ဒါလို့ခေါ်တဲ့သူတွေဖြစ်တယ်။ အခု ဥပဒေသစ်က ဒဏ်ကြေးမြင့်လာတော့ မမောင်းရဲကြတော့ဘူး။ ဒါကြောင့် အုံနာအချို့က လူစားမရလို့ ကားကို ခဏရပ်ထားလိုက်ရတာလည်းရှိတယ်။ ဆန္ဒပြတာတော့မဟုတ်ဘူး" ဟု ပြောသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အချို့က မူလထက်အဆ ၂၀ မြင့်တက်သွားသည့် ဒဏ်ကြေးဖြစ်သည်ဟု အကြောင်းပြကာ ပြေးဆွဲလက်စယာဉ်အချို့ကို ရပ်နားလိုက်သော်လည်း ယာဉ်ကြောပြောင်းပြန်မောင်းနှင်ကျော်တက်မှု၊ မီးပွိုင့်နှင့် မှတ်တိုင်တွင် ယာဉ်နှစ်ထပ်ရပ်ကာ ခရီးသည်များကို လမ်းလယ်၌ အတက်အဆင်း လုပ်စေမှု၊ မှတ်တိုင်၌ကျောက်ချ၍ အချိန်ကြာမြင့်စွာ ခရီးသည်စောင့်ဆိုင်းနေမှု၊ ယာဉ်စီးခ ပိုမိုတောင်းခံမှု၊ ခရီးသည်ကိုရိုင်းပျစွာဆက်ဆံမှု၊ ခရီးသည်ရရှိရေးအတွက် ယာဉ်အချင်းချင်း အန္တရာယ်ဖြစ်စေလောက်သည်အထိ အပြိုင်အဆိုင်မောင်းနှင်မှု အပါအဝင် ဆယ်စုနှစ်များစွာ စည်းကမ်းမဲ့ခဲ့ကြသည့် ရန်ကုန်ဘတ်စ်ကားများကို စိတ်ပျက်နေကြသော ရန်ကုန်မြို့ခံပြည်သူအများစုကမူ ယခုကဲ့သို့ယာဉ်အချို့ ရပ်နားမှုအပေါ် ကန့်ကွက်ပြောဆိုမှုများနှင့် လူမှုကွန်ရက်စာမျက်နှာထက်တွင် ကန့်ကွက်ရေးသားမှုများလည်းရှိခဲ့သည်။

သုဝဏ္ဏမြို့ မင်းဒင်လမ်းရှိ ဆံသပိုင်ရှင် ကိုအောင်မင်းက "ပြီးခဲ့တဲ့ရက်ကတာမွေ ကားမှတ်တိုင်ကနေ ဒဂုံမြောက်ပိုင်းကို ပြန်ဖို့ကားစောင့်နေတုန်း အခြား လိုင်းကားတစ်စီးက လူအုပ်ကြီးမြင်ပြီး မူလခရီးစဉ်လိုင်းကနေ ကြားဝင်လုခေါ်တယ်။ သူ့ကားပေါ်ကို ၁၅ ယောက်ပဲတက်တော့ ရှေ့မှတ်တိုင်လည်းရောက်ရော မှန်းချက်နဲ့နှမ်းထွက် မကိုက်လို့ ခရီးသည်တွေကို ပြန်ဆင်းခိုင်းတယ်။ ခရီးသည်တွေလည်း မကျေမနပ်ဖြစ်ပြီး တိုင်မယ်တောမယ်တွေ ဖြစ်ကုန်ရော"ဟု ပြောသည်။

ရပ်နားခဲ့သည့်ယာဉ်အချို့ကြောင့် စာမေးပွဲဖြေဆိုနေဆဲ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအခက်အခဲမရှိစေရန် တာဝန်ရှိသူများက တက္ကသိုလ်ကြိုပို့ယာဉ်များကို စီစဉ်ဆောင်ရွက်ပေးမှုများလည်းရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက "ကုန်းလမ်းပို့ဆောင်ရေးပိုင် စီးတီးဘတ်စ် ကားအစီး ၂၀ နဲ့ ခရီးသည် ၄၅ ဦးစီး Express ကား နှစ်စီး စုစုပေါင်း ၂၂ စီးကို စက်တင်ဘာ ၂၁ ရက်မှာပြေးဆွဲနိုင်ဖို့ အဆင်သင့်ပြင်ပြီးပါပြီ။ လိုအပ်ရင် ကုန်းလမ်းပို့ဆောင်ရေးပိုင်ကားတွေ ပြန်ဆွဲချပြီး ပြေးဆွဲပေးဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ထို့အပြင် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းနှင့် အကျိုးတူဆောင်ရွက်နေသည့် ကုမ္ပဏီနှစ်ခုမှ ယာဉ်အစီး ၅၀ ကလည်း မူလကတည်းက ဒဂုံတက္ကသိုလ်နှင့် ဆူးလေ၊ လင်းစဒေါင်းနှင့် အောင်မင်္ဂလာအဝေးပြေးဂိတ်ခရီးစဉ်များသို့ ပြေးဆွဲလျက်ရှိသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယာဉ်လိုင်းအချို့ ရပ်နားမှုကြောင့် အခက်ကြုံလျက်ရှိသည့် ရန်ကုန်မြို့ခံခရီးသွားများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ကဏ္ဍအလိုက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပါရမီမြို့တွင်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမြင့်ကြည်က "ဒီ အစားထိုးပြေးဆွဲဖို့ကိစ္စနဲ့ပတ်သက်ပြီး အထက်ကနေညွှန်ကြားလာရင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးရဲ့ မန်နေဂျင်းဒါရိုက်တာကို တင်ပြပြီး ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ပါရမီမြို့တွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှာ ယာဉ်လိုင်း ခုနစ်လိုင်းနဲ့ ယာဉ်စီးရေ ၃၀၁ စီးရှိပါတယ်။ ဒီနေ့မှာ ဆိုရင် ၂၆၇ စီး ပြေးဆွဲပေးနေပြီး ၃၄ စီးကတော့ အသေးစိတ်ပြင်ဆင်ဖို့နဲ့ အကြီးစားပြင်ဆင်ဖို့တွေအတွက် ရပ်နားထားပါတယ်"ဟု ပြောသည်။

**"တိုင်ကြားမှုများမှာ ယာဉ်စီးခပိုတောင်းမှုအပေါ် ၃၅၇ ကြိမ်၊ မချေမငံ/ရိုင်းပျစွာဆက်ဆံမှုအပေါ် ၂၀၆ ကြိမ်၊ သတ်မှတ်လမ်းကြောင်းမမောင်းမှုအပေါ် ၅၇ ကြိမ်၊ သတ်မှတ် မှတ်တိုင်မရပ်မှုအပေါ် ၇၆ ကြိမ်၊ အရှိန်ပြင်းမောင်း/ ယှဉ်ပြိုင်မောင်းမှုအပေါ် ၁၀ ကြိမ်၊ ဟွန်းတီးမောင်းမှုအပေါ် ၃ ကြိမ်၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုအပေါ် ၁၃ ကြိမ်၊ ဂိတ်စ/ဂိတ်ဆုံး မမောင်းမှုအပေါ် ၉၂ ကြိမ်၊ မဆင်မခြင်မောင်းမှုအပေါ် ၃၇ ကြိမ်၊ ယာဉ်ပေါ်မှ ကွမ်း၊ တံတွေးထွေးမှုအပေါ် ၂ ကြိမ်၊ ယာဉ်ပေါ် အရက်သောက်၊ ယာဉ်ပေါ်ဆေးလိပ်သောက်မှုအပေါ် တစ်ကြိမ်စီ ပါဝင်"**



"တကယ်စည်းကမ်းလိုက်နာတဲ့ ယာဉ်မောင်း၊ ယာဉ်အကူတွေအတွက် ဒဏ်ကြေးတိုးတာ၊ နည်းတာက မပတ်သက်ပါဘူး။ စည်းကမ်းတကျတာဝန်သိသိ အသိစိတ်ဓာတ်နဲ့ လုပ်မယ်ဆိုရင် ဒီဥပဒေက စည်းကမ်းထိန်းသိမ်းတဲ့ ဥပဒေလို့ပဲနားလည်ပြီး လိုအပ်ချက်အရ ထုတ်တဲ့ ဥပဒေလို့ထင်ပါတယ်"ဟု ၎င်းက တစ်ဆက်တည်း သုံးသပ်သည်။

"မော်တော်ယာဉ်ဥပဒေထွက်ပြီး ၁၇ ရက်နေ့မှာ ထွက်တဲ့ယာဉ်လိုင်းတချို့ကို လာနှောင့်ယှက်တယ်။ ခြိမ်းခြောက်မှုတွေရှိတယ်ဆိုတဲ့ ကောလာဟလအသံတွေ ထွက်တယ်။ အဲဒီနယ်မြေတွေမှာ ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်"ဟု မထသ (ဗဟို) ဦးလှအောင်က ပြောသည်။

"တက္ကသိုလ်စာမေးပွဲတွေရှိနေတော့ အသွားတုန်းက ပြဿနာမရှိဘူး။ အပြန်မှာ ကားလုံလောက်မှုမရှိလို့ဆိုပြီး ၁၂ စီး ထပ်ဆောင်းပေးထားပါတယ်။ မနက်ပိုင်းမှာလည်း ၆ စီးလောက် ထပ်ဆောင်းပေးထားတယ်။ တချို့ကျောင်းသား ကျောင်းသူတွေကျတော့လည်း သူတို့သွားရေးလာရေးအဆင်ပြေအောင် စုပေါင်းငှားပြီးသွားရတာတွေ ရှိတာပေါ့။ မော်တော်ယာဉ်ဥပဒေက မထသအတွက် ထုတ်တာမဟုတ်ပါဘူး။ ယာဉ်အားလုံးအတွက်ထုတ်တာပါ။ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေက အားလုံးနဲ့ဆိုင်တယ်။ မော်တော်ယာဉ် ထုတ်လုပ်သူနဲ့လည်း ဆိုင်တယ်"ဟု ၎င်းကပြောသည်။

မထသ (ဗဟို)ကို ၁၉၆၂ ခုနှစ်မှစ၍စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိအချိန်တွင် မထသ(ဗဟို)၏အောက်တွင် အဖွဲ့အစည်း ၁၈ ခု၊ ယာဉ်လိုင်းပေါင်း ၃၅၀ ကျော်၊ ယာဉ်စီးရေ ခုနစ်ထောင်ကျော်ရှိကာ နေ့စဉ် ယာဉ်စီးရေ ၄၃၀၀ ခန့်ဖြင့် ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"မော်တော်ယာဉ်ဥပဒေ ထုတ်ပြန်ပြီးနောက် ယာဉ်လိုင်းတချို့မှ ခရီးသည်တင်ယာဉ်များ ရပ်နားထားမှုသတင်းများ ထွက်ပေါ်နေမှုအပေါ် အီးလိုက်နှင့် ဂျေဂျေ အဝေးပြေးယာဉ်လိုင်းတို့မှ တက္ကသိုလ်စာမေးပွဲကာလအတွင်း ဝိုင်းဝန်းကူညီရန်အတွက် မထသ(ဗဟို)သို့ ဆက်သွယ်တင်ပြထားသော်လည်း လိုအပ်ချက်မရှိ၍ တောင်းခံခြင်းမရှိသေးကြောင်း ဦးလှအောင်က တစ်ဆက်တည်းဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်ကမူ "မော်တော်ယာဉ်ဥပဒေထွက်လာတဲ့အခါကျတော့ မော်တော်ယာဉ်ဥပဒေမှာ ပြစ်မှုပြစ်ဒဏ်က ပြစ်မှုကိုကျူးလွန်ရင် ဒဏ်ငွေသုံးသောင်းထက်မပိုသော ပြစ်ဒဏ် ခံစားရမယ်လို့ပါထားတယ်။ မော်တော်ယာဉ်မှာ ယာဉ်မောင်းတွေက သုံးသောင်းဒဏ်ငွေရိုက်ခံရမယ်ဆိုပြီး သူတို့မထွက်တော့ဘူးဆိုပြီး လုပ်ကြတာတွေရှိတယ်။ လုံးဝမထွက်တာတော့ မဟုတ်ဘူး။ သူတို့ဆီမှာ တချို့ကျတော့ ပြေးဆွဲဖို့လိုင်စင် မရှိကြဘူး။ မရှိကြတဲ့အခါ ငါတို့တော့ သုံးသောင်းဒဏ်ငွေရိုက်ခံရမယ်ဆိုပြီး စိုးရိမ်ကြောက်လန့်ပြီးတော့ မထွက်ကြတာ။ သဘောက ကားအစီးရေ ၅၀ ရှိရင် ၄-၅ စီးလောက် မထွက်တာပဲပါတယ်။ တရားသူကြီးက ဆင်ခြင်တုံတရားနဲ့ ဒဏ်ကြေးက သုံးသောင်းထက် မပိုသော၊ သုံးသောင်းအောက်လည်း ရိုက်ချင် ရိုက်မှာပါ။ အဲဒီအပေါ်မှာ သုံးသောင်းပေးရမယ်ဆိုပြီးတော့ ကြောက်ပြီးတော့မထွက်ကြတာ"ဟု ဖြစ်စဉ်နှင့် ပတ်သက်၍ ကနဦးရှင်းလင်းပြောကြားသည်။

အထက်ပါဖြစ်စဉ်အပေါ် စီစဉ်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဗုဒ္ဓဟူးနေ့ညနေမှာ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီမှာ မော်တော်ယာဉ်ပိုင်ရှင်တွေရယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနဲ့ အရာရှိတွေရယ်၊ မထသယာဉ်လိုင်းတွေက တာဝန်ရှိကြတဲ့သူတွေရယ်၊ ယာဉ်လိုင်းတိုင်းမှာပါတဲ့ ဥက္ကဋ္ဌတွေရယ် ခေါ်ပြီး အစည်းအဝေးလုပ်တယ်။ မော်တော်ကားတွေတကယ်လို့ မထွက်လို့ရှိရင် ဘာကြောင့်မထွက်တာလဲ၊ အားလုံးကြီးကြပ်ပြီး ခရိုင်လေးခရိုင်က မထသဥက္ကဋ္ဌတွေက စီစဉ်ဆောင်ရွက်နေတယ်။ အားလုံးက ညှိနှိုင်းတိုင်ပင်ပြီးလုပ်တဲ့အခါ အဆင်ပြေပါတယ်။ မော်တော်ယာဉ်တွေက မထွက်တဲ့ကား များလို့ရှိရင် တို့ဘက်ကနေ အကောင်းဆုံးဖြစ်အောင် ကုန်းလမ်းပို့ဆောင်ရေးနဲ့ညှိနှိုင်းထားတယ်။ အစိုးရပိုင်ယာဉ်တွေ၊ တပ်မတော်ယာဉ်တွေနဲ့ အစားထိုးပြေးဆွဲမယ်ဆိုတာ ကောလာဟလတွေပါ။ ကျောင်းသားတွေ စာမေးပွဲဖြေတဲ့အခါမှာ အချိန်မီဖြေလို့ရတဲ့အတွက် ကားအစီးရေတွေကို မော်တော်ယာဉ်လိုင်းတွေက ဟိုဘက်လိုင်းကနေ ဒီဘက်လိုင်း၊ အဆင်ပြေတဲ့လိုင်းကနေဆွဲခေါ်ပြီး ပြေးဆွဲပေးတယ်။ အခုလက်ရှိ ပုံမှန်ပြေးဆွဲပေးနေတယ်၊ ခရီးသွားပြည်သူတွေ၊ ကျောင်းသားတွေ အဆင်ပြေအောင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မော်တော်ယာဉ်တွေကို သတ်မှတ်ထားတဲ့အချိန်အတိုင်း ပြေးဆွဲပေးနေတယ်"ဟု တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ခင်က ရှင်းလင်းပြောကြားသည်။

သို့သော် ရာစုနှစ်ဝက်နီးနီးစည်းကမ်းမဲ့မှုများဖြင့် နာမည်ကျော်ကြားခဲ့သော ရန်ကုန်ဘတ်စ်ကားလိုင်းအများစုကိုမူ မြို့ခံခရီးသွားပြည်သူများက စိတ်ပျက်လျက်ရှိသည်။

ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်ကမူ "ကျွန်တော်တို့က အများသယ်ယူပို့ဆောင်ရေးအတွက် ကားက မှာပြီးပြီ။ ကားက အသစ်တွေပဲ မှာတာပါ။ ၂၀၁၅ မော်ဒယ်လ် အသစ်တွေ၊ အဓိကက တရုတ်၊ ကိုရီးယား၊ ဆွီဒင် သုံးနိုင်ငံက ၆၅ စီးမှာထားတယ်။ အနည်းဆုံး သုံးလကြာမယ်။ အဲဒီကြားထဲမှာ မှတ်တိုင်ရွေးတာတို့၊ မှတ်တိုင်ဆောက်တဲ့ လုပ်ငန်းတို့စပြီ။ ပြည်လမ်းတစ်လျှောက် ၁၁ ခုရှိတယ်။ ကမ္ဘာအေးဘုရားလမ်းမှာ ၁၁ ခု၊ အခု စပြီ။ မှန်းတာက ကားရောက်တာနဲ့ ပြေးလို့ရအောင်ပေါ့။ အရန်သင့်ဖြစ်နေပါပြီ။ ရုံးလည်းဆောက်ထားပြီးပြီ။ ဟိုဘက်က ပါမစ်ကျပြီဆိုရင် ဆက်လုပ်လို့ရပြီ။ မှန်းထားတာက နိုဝင်ဘာလကုန်လောက် ဖြစ်မယ်ထင်တယ်။ ကားမောင်းသမားတော့ မခန့်ရသေးဘူး။ နိုင်ငံတကာမှာလည်း ပို့ဆောင်ရေးလုပ်ငန်းဆိုတာ ကုမ္ပဏီကြီးတွေ တစ်ခု၊ နှစ်ခုပဲရှိတာဆိုတော့ ထိန်းသိမ်းဖို့လွယ်တာပေါ့။ ကျွန်တော်တို့ တစ်နှစ်လောက် လုပ်ပြီးတာနဲ့ ရန်ကုန်မြို့တစ်မြို့လုံးကို ဖြန့်ကြက်လို့ရတဲ့ ကွန်ရက်ပေါ့။ တောင် မြောက်ကို ဘီအာရ်တီဘတ်စ်ကားလိုင်းတွေ၊ အဓိကက လှိုင်သာယာဘက်ကနေ ရှစ်မိုင်ကို ဖြတ်ပြီးတော့ တစ်လိုင်းရှိတယ်။ အရှေ့ဘက်ကနေ ဒဂုံဘက်လိုင်းက ပါရမီလိုင်းရှိတယ်။ တောင်ဘက်မှာဆိုရင် ဗိုလ်တထောင်ဘုရားကိုလာမယ့်ဟာ နဂိုလမ်းကြောင်းကို ပြန်တက်ပြီးသွားမယ်။ နိုင်ငံတကာမှာသွားတဲ့နည်းလမ်းက အမြန်ဘတ်စ်ကားစနစ် အင်မတန်စနစ်ကျတယ်။ ကျွန်တော်တို့က အခုအချိန်မှာ တံတားဆောက်တဲ့လုပ်ငန်းတွေရှိသေးတော့ ခဏစောင့်ရတာပေါ့"ဟုဆိုသည်။

ဆက်လက်၍ "အခုဖြစ်တဲ့ကိစ္စဆိုရင် ပုဂ္ဂလိကပိုင်ကုမ္ပဏီကြီးတွေပဲလုပ်ရင်ပြဿနာမရှိဘူး။ သုံးသပ်ကြည့်တာက လက်ရှိဖြစ်နေတဲ့ ကားစနစ်က တစ်ဦးချင်း ပိုင်တယ်၊ ကိုယ်ရ ကိုယ်ယူပါ။ မှားနေတာတစ်ခုက လက်ရှိစနစ်မှာ ယာဉ်မောင်းကိုပဲ ပိုက်ဆံရှာခိုင်းတဲ့စနစ်ဖြစ်နေတယ်။ ပိုက်ဆံရှာခိုင်းတော့ စည်းမျဉ်းစည်းကမ်းလည်း မလိုက်နာတော့ဘူး။ ပိုက်ဆံရဖို့ပဲ အဓိကဖြစ်လာတဲ့အခါ စီးရတဲ့သူအတွက် လုံခြုံမှုမရှိဘူး။ ဆက်ဆံရေးမကောင်း၊ ဝန်ဆောင်မှုက မကောင်းဘူး။ အခုဖြစ်တဲ့ကိစ္စမျိုးဆိုရင် ဒဏ်ငွေမြှင့်တာပါ။ မြှင့်တယ်ဆိုပေမယ့် စည်းကမ်းလိုက်နာတဲ့သူအတွက် ပြဿနာမရှိဘူး။ များသောအားဖြင့် စည်းကမ်းက ဖောက်နေကျဖြစ်တော့ လျော်ရတဲ့အခါမှာ ဒဏ်ငွေဆောင်ရရင် မတတ်နိုင်ဘူး။ ဖြစ်တတ်ပါတယ်"ဟု ယခု ဖြစ်စဉ်နှင့်ဆက်စပ်နေသည့် ရန်ကုန်ဘတ်စ်ကားလိုင်းစနစ်အပေါ် ၎င်းက သုံးသပ်ပြောကြားသည်။

ဒဏ်ကြေးတိုးမြှင့်မှုများပါဝင်သည့် အဆိုပါမော်တော်ယာဉ်ဥပဒေသစ် ပြဋ္ဌာန်းပြီးနောက် စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်ထိ ရက်သတ္တပတ်အတွင်း ချလန်ဖြတ်ဖမ်းဆီးမှုပေါင်း ၅၀၇၃ မှုရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

**စာမျက်နှာ ၁၂ သို့**

❍ ကျောဖုံးမှ
လေညင်းခံကြသူများ၊ လမ်းလျှောက်လာကြသူများနှင့် ဘုရားဖူးလာကြသူများက ပြည့်နှက်၍ နေရာယူထားကြသည်။

"ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ အလွန်ဝမ်းသာပီတိဖြစ်မိတယ်။ အန်တီက အသက် (၇၀) ကျော်ပါပြီ။ ဒီလုပ်ငန်းတွေ မပြီးခင်ကတည်းက ဘုရားလည်းဖူးရင်းနဲ့ ကန်ဘက်ကို လမ်းလျှောက်ချင်နေတာ။ အခုတော့ ဆန္ဒတွေပြည့်ဝသွားပါပြီ။ အရင်ကတော့ ရေလယ်ဘုရားနဲ့ နဂါးရုံဘုရားကိုပဲ သွားရတယ်။ အခု ကန်ဦးရွှေစည်းခုံစေတီကို ဖူးပြီးပြန်လာတာပါ"ဟု လမ်းလျှောက်ရင်း ဘုရားဖူးလာသည့် နန်းတော်ကုန်း ရပ်ကွက်နေ ဒေါ်ကြည်အေးက ပြောသည်။

"အခုလို လုပ်ပေးတဲ့အတွက် အားလုံးနီးပါး ပြည့်စုံပါတယ်။ ကန်ပေါင် တစ်လျှောက်မှာလည်း မြက်ခင်းတွေ၊ ပန်းပင်တွေနဲ့ သာယာလှပနေပါတယ်။ စေတီကလည်း ရွှေရောင်တဖိတ်ဖိတ်ထနေတော့ ကြည်ညိုသဒ္ဓါ ပွားများစိတ်တွေဖြစ်မိတယ်။ ကျွန်တော့်အနေနဲ့ တွေးမိတာကတော့ ညပိုင်းလမ်းလျှောက်သူတွေအတွက် အလင်းရောင်တွေရအောင် ဓာတ်မီးတိုင်တွေ ထွန်းပေးပြီး နေ့ခင်းဘက်မှာလည်း အရိပ်တွေရအောင် အကြီးမြန်တဲ့သစ်ပင်တွေ စိုက်ပျိုးပေးရင်ပိုကောင်းမှာ"ဟု ဒေသခံတစ်ဦးက အကြံပြုပြောကြားသည်။

ထိုနေရာသည် မကြာသေးမီက မိတ္ထီလာကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထည့်သွင်းတည်ဆောက်ခဲ့သည့် မိတ္ထီလာမြောက်ကန်နှင့် တောင်ကန်နှစ်ခု၏ အကြား၌ ဆယ်ဖို့ထားသည့် ကန်ကြားကန်ပေါင်ဖြစ်သည်။

"ကျွန်မက ရမည်းသင်းကနေ မိတ္ထီလာမှာ အဆောင်နေပြီး မိတ္ထီလာ တက္ကသိုလ်မှာ ကျောင်းလာတက်တာပါ။ ဒီလိုကန်ပေါင်မှာ လမ်းလျှောက်ပြီး ညနေပိုင်း အပန်းဖြေရင်း လမ်းလျှောက်ထွက်ရတာ စိတ်ထဲမှာ ကြည်နူးမိတယ်။ အရင်တုန်းကလည်း ဒီနေရာကို လာဖူးပါတယ်။ ဒါပေမယ့် မှောင်တဲ့အတွက် သိပ်မလာဖြစ်ဘူး။ အခုတော့ ကျွန်မတို့ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ရင်း အပန်းဖြေလို့ရပါတယ်။ ကန်ရေပြင်ကို ကြည့်ပြီးတော့ အိမ်ကမိဘတွေကိုတော့ လွမ်းမိတယ်"ဟု တက္ကသိုလ်ကျောင်းသူ မခင်ပပသွင်က အိမ်လွမ်းစိတ်ဖြင့် ပြောသည်။

"တကယ်တမ်းပြန်တွက်ကြည့်မယ်ဆိုရင် ရန်ကုန်မှာ ကန်တော်ကြီးနဲ့ အင်းလျားမှာ အပန်းဖြေရင်း ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်ကြတယ်။ မန္တလေးမှာဆို ကျုံးတစ်ဝိုက်မှာတော့ လာပြီးတော့ အပန်းဖြေလေ့ကျင့်ခန်းလုပ်သူတွေနဲ့ သာယာနေတာပါ။ ကျွန်တော်တို့ မိတ္ထီလာကတော့ ဒီကန်ဟာ မြို့ရဲ့အထိမ်းအမှတ်တစ်ခုပါပဲ။ အခုလို သာယာလှပအောင်လုပ်လိုက်တဲ့အတွက် မြို့အတွက် ပိုကျက်သရေရှိသွားတယ်။ နောက်ပြီးတော့ မြို့နေပြည်သူတွေအနေနဲ့ ကျန်းမာရေးအတွက် အပန်းဖြေလမ်းလျှောက်ရင်း ကုသိုလ်တရားပွားများနိုင်သွားပြီပေါ့ဗျာ"ဟု မြို့နေ ဒေသခံတစ်ဦးက ရန်ကုန်၊ မန္တလေး မြို့ကြီးများနှင့် ခိုင်းနှိုင်းမှတ်ချက်ပြုသည်။

"ယခုကန်ပေါင်တစ်လျှောက်မှာ ဒီလိုမပြီးခင်ကတည်းက သာသာယာယာ ဖြစ်သွားတာကိုကြည့်ပြီး လေညင်းခံရင်း ညနေစောင်းမှာ လမ်းလျှောက်ထွက်တယ်။ အခုလို သာယာသွားတဲ့အတွက် စိတ်ထဲမှာ ကြည်နူးမိတယ်။ အရင်က ဒီနေရာတွေမှာ ရွှံ့တွေ၊ ဗွက်တွေရှိတယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် အရွယ်သုံးပါးလုံးအပန်းဖြေလို့ရတာပေါ့ဗျာ"ဟု ကန်ပေါင်တစ်လျှောက်တွင် အမြဲတမ်းလမ်းလျှောက်တတ်သည့် မိတ္ထီလာတက္ကသိုလ်မှ ဓာတ်ခွဲခန်းမှူး ဦးကျော်ဝင်းက ဆိုသည်။

ထိုကန်ပေါင်အား ပြန်လည်ပြုပြင်စဉ် အများပြည်သူ အပန်းဖြေနိုင်အောင် ကန်ပေါင်လမ်းအား ကွန်ကရစ်များခင်းပေးခဲ့ပြီး ၎င်းအပေါ်တွင် အားကစားပြုလုပ်နိုင်သည့် အားကစားအထောက်အကူပြုပစ္စည်းအမျိုးမျိုးနှင့် ကလေးအားကစားပစ္စည်းများပါ တပ်ဆင်ပေးခဲ့သည်။

ကန်ပေါင်သို့လာရောက်အပန်းဖြေသည့် ရန်မျိုးအောင်ရပ်ကွက်နေ မသဥ္ဇာလှိုင်ကလည်း "ကန်ကြီးကို ပြန်လည်တူးဖော်ပေးတာနဲ့အတူ ဒီကန်ပေါင်လေးမှာ ကိုယ်လက်လှုပ်ရှားလို့ရအောင် အားကစားပစ္စည်းတွေထားထားတာ တကယ်ကိုကောင်းပါတယ်။ ကန်ပေါင်မှာ လမ်းလျှောက်ရင်းနဲ့ လေကောင်းလေသန့် ရှူလို့ရတယ်။ ဒီနေ့ဆိုရင် တစ်နေကုန်ပင်ပန်းသမျှ ကန်ပေါင်မှာ အေးအေးဆေးဆေး လမ်းလာလျှောက်ရင်း အပန်းဖြေဖြစ်တယ်။ ကန်ထိပ်မှာ ကန်ဦးစေတီလည်း တည်လိုက်တော့ ဘုရားဖူးရင်း ကုသိုလ်ယူလို့ ရပါတယ်။ ဒီကို ကလေးတွေ ကစားချင်လို့ လိုက်ပို့တာနဲ့ နောက်ဆို မကြာမကြာ ရောက်ဖြစ်လိမ့်ထင်ပါတယ်။ ဒီက ကစားတဲ့ ပစ္စည်းတွေ မြန်မြန်ပျက်စီးသွားမှာတော့ စိုးရိမ်မိပါတယ်"ဟု ပြောပြသည်။

ယခုအခါ မိတ္ထီလာကန်သည် စိုက်ပျိုးရေ၊ သောက်သုံးရေဖြန့်ဝေပေးနိုင်သည့် နေရာတစ်ခုသာမက ဒေသခံများ၏ အပန်းဖြေစရာနေရာတစ်ခု ဖြစ်လာခဲ့ပြီဖြစ်သည်။

"အခုလို ကန်ကိုပြန်လည်တူးဖော်လိုက်တော့ သန့်သန့်ရှင်းရှင်း ဖြစ်သွားတာကို တွေ့ရတယ်။ ကန်မတူးခင်က ဒီလောက်မသာယာဘူး။ အခုတော့ ကန်ပေါင်ပေါ်မှာ လျှောက်လမ်းလုပ်ပေးထားတာလည်း တော်တော်ကောင်းတယ်။ အားကစားပစ္စည်းတွေလည်း လုပ်ပေးထားတော့ ဒီကန်ကိုရောက်ရင် ကိုယ်လက်လှုပ်ရှားမှုလုပ်ဖြစ်တယ်။ အားကစားလုပ်ရင်း လေကောင်းလေသန့်ရတော့ လူကြီးရော၊ လူငယ်ရောအတွက် အတော်ကောင်းတယ်။ တစ်ခုပြောချင်တာကတော့ ဒီလိုပြုပြင်ထားတဲ့ဟာတွေကို ရေရှည် ခိုင်မြဲအောင် ထိန်းသိမ်းဖို့က အရေးကြီးပါတယ်"ဟု ရတနာမာန်အောင်ရပ်ကွက်နေ ဦးထွန်းဆင့်က ပြောသည်။

နန်းတော်ကုန်းရပ်ကွက်နေ ဒေါ်ဝေဝေမောင်ကလည်း "ဒီကန်ကြားကန်ပေါင်လေး ပြီးသွားတော့ မိတ္ထီလာကန်က တော်တော်လေး သာယာသွားတယ်။ အရင်ကဆို ဒီကန်ပေါင်လမ်းကို ညဘက်ဆိုသိပ်မသွားရဲဘူး။ လမ်းကဆိုးလည်းဆိုးတယ်၊ လူလည်းပြတ်တယ်။ လုယက်တာတွေလည်း ရှိခဲ့တယ်။ အဲဒါတွေကြောက်လို့ ဒီကန်ပေါင်လမ်းက ညဘက် ပြန်ရမယ်ဆိုကားငှားပြီးပဲ ပြန်ပါတယ်။ အခုဆို ကန်ပေါင်လမ်းက တော်တော်လည်း သာယာသွားတယ်။ လူစည်ကားသွားတော့ အိမ်ပြန်ရင် လမ်းလျှောက်ပဲ ပြန်ဖြစ်တော့မယ်။ ကျန်းမာရေးလည်း ကောင်းတာပေါ့"ဟု ပြောသည်။

"အခုလို ကန်ပေါင်ကို သာယာအောင်လုပ်သွားတော့ ဒီမှာ ဂီတာတီး၊ သီချင်းဆိုရတာ တော်တော်ကောင်းတယ်။ အရင်ကဆို ဟိုဘက်နားမှာရှိတဲ့ ကျွန်တော်တို့ အခေါ် ဦးပိန်လို့ခေါ်တဲ့ တံတားနားလေးကို သွားပြီး ဂီတာတီးရပါတယ်။ အခု ဒီမှာ ကန်ပေါင်လေးက လှသွားတော့ ဒီမှာပဲလာတီးဖြစ်တယ်။ လူတွေကလည်း အများကြီး၊ အားကစားပစ္စည်းတွေလည်း ရှိတယ်။ လေကောင်း လေသန့်ကလည်းရတယ်ဆိုတော့ ဒီကိုလာပြီး ဂီတာတီးဖြစ်တာများပါတယ်"ဟု တက္ကသိုလ်ကျောင်းသား ချစ်ဖွဲ့ထူးက ပြောသည်။

အနာဂတ်ကာလတွင် မိတ္ထီလာကန်ပေါင်တစ်လျှောက်၌ တက္ကသိုလ်ကျောင်းသားများ၏ သီချင်းသံ၊ ကလေးငယ်များ၏ ကစားသံတို့ဖြင့် စည်ကားနေမှာဖြစ်သလို အရွယ်သုံးပါးတို့၏ အပန်းဖြေစရာနေရာ၊ ကုသိုလ်ပွားများရာနေရာ ဖြစ်လာတော့မည်မှာ မလွဲဧကန်ဖြစ်တော့မည်ဟု ဆိုချင်ပါကြောင်း။ ။



ဒေါ်ကြည်အေး



မခင်ပပသွင်



ဦးကျော်ဝင်း



ဒေါ်ဝေဝေမောင်



ချစ်ဖွဲ့ထူး

"ကိုယ့်ရဲ့ထမင်းရှင်အပေါ် စော်ကားတဲ့လုပ်ရပ်မျိုးကိုတော့ ကျွန်မတို့လက်မခံချင်ဘူး။ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ တက္ကသိုလ်အဆင့် စာမေးပွဲကာလမှာ ဒီလိုရပ်နားပြီး ဆန္ဒပြသလိုလုပ်တဲ့ ယာဉ်လိုင်းအချို့ကို ရန်ကုန်လိုင်စင်ပိတ်သိမ်းပြီး နယ်ကိုပို့သင့်တယ်။ ဒီထက်ဆိုးလာရင်တော့ လိုင်းက ပြေးဆွဲမှုကို ရပ်ပစ်သင့်တယ်"

စာမျက်နှာ ၁၁ မှ

အလားတူ လိုင်စင်ပိတ်သိမ်းသည့်အမှု ၁၈ မျိုး၊ အရေးယူမှု ၅၃၆ မှု၊ စည်းကမ်းပျက်အနှေးယာဉ်ဖမ်းဆီးအရေးယူမှု ၃၀၊ ကြားကားဖမ်းဆီးအရေးယူမှု လေးစီး၊ စည်ပင်(အတွင်း)မြို့နယ်များ၌ လိုင်စင်ရှိ/မဲ့ ဆိုင်ကယ်အရေးယူမှု ၁၁၆ စီး၊ စည်ပင် (ပြင်ပ) မြို့နယ်များ၌ ဆိုင်ကယ်ဖမ်းဆီးအရေးယူမှု ၃၉ စီး၊ လမ်းပြောင်းပြန် ဖမ်းဆီးအရေးယူမှု ၂၂ စီး၊ ဟွန်းတီးယာဉ် ဖမ်းဆီးအရေးယူမှုတွင် ခရီးသည်တင်ယာဉ် တစ်စီး၊ မီးနီဝင်ဖမ်းဆီးအရေးယူမှု ၄၁ စီး၊ မီးပွိုင့် လူတင်/လူချ တစ်မှု၊ ဘေးတွယ်/ နောက်တွယ်/အမိုးစီး အရေးယူမှုသုံးမှုဖြင့် အမှုအမျိုးအစားအလိုက် ဖမ်းဆီးမှုများလည်းပါဝင်ကြောင်း သိရသည်။

ရာစုနှစ်ဝက်နီးပါး စည်းကမ်းမဲ့မှုများနှင့် နာမည်ကျော်ကြားခဲ့သည့် ရန်ကုန်ဘတ်စ်ကားလိုင်းများအပေါ် မြို့ခံခရီးသည်အချို့၏ တိုင်ကြားမှုများကလည်း နေ့စဉ်လိုလို ရှိခဲ့သည်။ မထသ(ဗဟို)ကော်မတီ စီမံမှုအောက်ရှိ ယာဉ်လိုင်းများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ခရီးသည်များ၏ တိုင်ကြားမှုစုစုပေါင်းမှာ ၁၄၅၅ ကြိမ်အထိ ရှိခဲ့ကြောင်း မထသ(ဗဟို)၏ မှတ်တမ်းများအရ သိရသည်။

**တိုင်ကြားမှုများမှာ ယာဉ်စီးခပိုတောင်းမှုအပေါ် ၉၅၇ ကြိမ်၊ မချေမငံ/ရိုင်းပျစွာဆက်ဆံမှုအပေါ် ၂၀၆ ကြိမ်၊ သတ်မှတ်လမ်းကြောင်း မမောင်းမှုအပေါ် ၅၇ ကြိမ်၊ သတ်မှတ် မှတ်တိုင်မရပ်မှုအပေါ် ၇၆ ကြိမ်၊ အရှိန်ပြင်းမောင်း/ယှဉ်ပြိုင်မောင်းမှုအပေါ် ၁၀ ကြိမ်၊ ဟွန်းတီးမောင်းမှုအပေါ် သုံးကြိမ်၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုအပေါ် ၁၃ ကြိမ်၊ ဂိတ်စ/ဂိတ်ဆုံးမမောင်းမှုအပေါ် ၉၂ ကြိမ်၊ မဆင်မခြင်မောင်းမှုအပေါ် ၃၇ ကြိမ်၊ ယာဉ်ပေါ်မှ ကွမ်းတံတွေးထွေးမှုအပေါ် နှစ်ကြိမ်၊ ယာဉ်ပေါ် အရက်သောက်၊ ယာဉ်ပေါ် ဆေးလိပ်သောက်မှုအပေါ် တစ်ကြိမ်စီ ပါဝင်ကြောင်း အဆိုပါ မှတ်တမ်းများအရသိရသည်။**

၂၀၁၃ ခုနှစ်တွင် ခရီးသည်များ တိုင်ကြားမှုမှာ တစ်နှစ်တာ စုစုပေါင်း အကြိမ် ၃၃၀ သာရှိခဲ့ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်တာ တိုင်ကြားမှုမှာမူ အကြိမ်ပေါင်း ၁၄၈၅ ကြိမ် အထိရှိလာသည်။ ၂၀၁၅ ခုနှစ်တွင်မူ နှစ်ဝက်ကျော်ကာလအတွင်း ၁၄၅၅ ကြိမ် ဖြစ်လာသည်ကို အဆိုပါမှတ်တမ်းများအရ သိရသည်။



အဆိုပါတိုင်ကြားမှုများနှင့်စပ်လျဉ်း၍ မထသ(ဗဟို)က အထူးစစ်ဆေးရေးအဖွဲ့ ၁၆ ဖွဲ့ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာ ၁၀ ရက်အထိ စုစုပေါင်းအကြိမ် ၇၀ ကွင်းဆင်းပြီး ယာဉ်စီးရေ ၂၈၈၃၁ စီးကို စစ်ဆေးခဲ့ရာ ၄၄၇၂ မှုကို ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိသည်။

သို့သော် မထသ(ဗဟို)သို့ ခရီးသည်များ၏ ယခုတိုင်ကြားမှု စာရင်းဇယားများမှာ လက်တွေ့မြေပြင် စည်းကမ်းမဲ့မှုအခြေအနေများနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းလျက်ရှိရာ ယခုကျင့်သုံးဆဲ ရန်ကုန်ဘတ်စ်ကားလိုင်းများ၏ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ၊ တစ်တောတစ်ကြက်ဖ စနစ်အပေါ် ကိုလည်း ငြီးငွေ့စိတ်ပျက်လျက်ရှိကြသည်။

အလားတူ အသစ်ပြဋ္ဌာန်းလိုက်သည့် မော်တော်ယာဉ်ဥပဒေသစ်တွင် စည်းကမ်းမဲ့ယာဉ်များအပေါ် ဒဏ်ကြေးငွေ အဆ ၂၀ တိုးမြှင့်လိုက်မှုကို အကြောင်းပြု၍ ခရီးသည်တင်ယာဉ်လိုင်းအချို့၏ ပြေးဆွဲမှုရပ်နားခဲ့မှုကြောင့် အခက်အခဲတွေ့ခဲ့ရမှုအပေါ်လည်း စိတ်မသက်မသာဖြစ်ကြရသည်။

**"ကိုယ့်ရဲ့ထမင်းရှင်အပေါ် စော်ကားတဲ့လုပ်ရပ်မျိုးကိုတော့ ကျွန်မတို့လက်မခံချင်ဘူး။ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ တက္ကသိုလ်အဆင့် စာမေးပွဲကာလမှာ ဒီလိုရပ်နားပြီး ဆန္ဒပြသလိုလုပ်တဲ့ ယာဉ်လိုင်းအချို့ကို ရန်ကုန်လိုင်စင် ပိတ်သိမ်းပြီး နယ်ကိုပို့သင့်တယ်။ ဒီထက်ဆိုးလာရင်တော့ လိုင်းက ပြေးဆွဲမှုကို ရပ်ပစ်သင့်တယ်"ဟု လက်ရှိတက္ကသိုလ်စာမေးပွဲဖြေဆိုနေဆဲ ကျောင်းသူတစ်ဦး၏မိခင်ဖြစ်သူ ရန်ကုန်မြို့ သုဝဏ္ဏ (၂၉) ရပ်ကွက်နေ ဒေါ်သီတာက ဆိုသည်။**

မထသ(ဗဟို)တွင် ရန်ကုန်မြို့တွင်း နေ့စဉ်ပြေးဆွဲနေသည့် ယာဉ်စီးရေ ၄၃၀၀ အနက် စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီစာရင်းများအရ ယာဉ်စီးရေ ၄၂၃၁ စီး ပြန်လည်ပြေးဆွဲလျက်ရှိသည်။

## နောက်ခံလူ ဆာခို လီဗာပူးအသင်းနှင့် စာချုပ်သစ်ချုပ်ဆို




လီဗာပူး အသင်း၏ နောက်တန်းကစားသမားဆာခိုသည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ပြင်သစ်ကြယ်ပွင့်ဆာခိုသည် ၂၀၁၃ ခုနှစ်က ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

နောက်တန်းကစားသမား ဆာခိုသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် လီဗာပူးအသင်းနှင့်အတူ ပွဲပေါင်း ၄၇ ပွဲပါဝင်ကစားပေးထားနိုင်ခဲ့သည်။ နောက်တန်းကစားသမားဆာခိုသည် စက်တင်ဘာ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သော လီဗာပူးအသင်းနှင့် ဘော်ဒိုးအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ယူရိုပါလိဂ် ပွဲစဉ်တွင် လီဗာပူးအသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။

## ဆောက်သမ်တန်နှင့် ပွဲစဉ်တွင် တိုက်စစ်မှူး ရွန်းနီပါဝင်လာမည်



အသက် (၂၉) နှစ်အရွယ်ရှိ တိုက်စစ်မှူး ရွန်းနီသည် အင်္ဂလန်အသင်း အတွက် အကောင်းဆုံး ပါဝင်ကစား ပေးခဲ့ပြီးနောက် တံကောက်ကြော ဒဏ်ရာပြဿနာရရှိခဲ့ကာ မန်ယူအသင်းတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်သောကြောင့် စက်တင်ဘာ ၂၀ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်(၆)တွင် မန်ယူအသင်းနှင့် ပါဝင်လာမည်ဖြစ်သည်။

တိုက်စစ်မှူးရွန်းနီသည် ပြီးခဲ့သည့်တစ်ပတ်က လီဗာပူးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၅)တွင်လည်း ပွဲထွက်ကစားနိုင်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ရွန်းနီနှင့် ဖီးလ်ဂျုံးစ်တို့သည် ဒဏ်ရာများ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း၊ နောက်ခံလူလုခ်ရှောမှာ ပီအက်စ်ဗွီအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ပါဝင်လာမည်မဟုတ်ကြောင်း နည်းပြဗန်ဟားလ်က ထုတ်ဖော်ပြောကြားခဲ့သည်။

## ဟာဇက်မှာ ပရီမီယာလိဂ်တွင် အကောင်းဆုံးကစားသမားအဖြစ် ရှိနေဆဲဟုဆို

တိုက်စစ်မှူး အေဒင်ဟာဇက်သည် ပရီမီယာလိဂ်တွင် အကောင်းဆုံး ကစားသမားအဖြစ် ရှိနေဆဲဖြစ်ကြောင်းနှင့် ချယ်လ်ဆီးအသင်းအတွက် ပင်နယ်တီကန်ခွင့်ရရှိသည့်ကစားသမားများထဲတွင်လည်း ပထမဦးစားပေး ကစားသမားအဖြစ်ဆက်ရှိနေမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

ဟာဇက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် အက်ဖ်ဒဗလျူအေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုများကို ရရှိခဲ့ထားခဲ့သူဖြစ်သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းက မက်ကာဘီတဲလ်အဗစ်အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်ရရှိခဲ့သည့် ပင်နယ်တီသွင်း ဂိုးကိုမူ ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ဟာဇက်၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ မေးမြန်းမှုများရှိလာခဲ့ရာတွင် တိုက်စစ်မှူးဟာဇက်မှာ ပရီမီယာလိဂ်၌ အကောင်းဆုံးကစားသမားအဖြစ်ရှိနေဆဲဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

**ငွေကြယ် - စုစည်းသည်။**

# စင်ကာပူဂရင်းပရီတွင် ဖာရာရီနှင့် ရက်ဘူးလ်အသင်းတို့၏ ခြိမ်းခြောက်မှုကို မာစီဒီးစ်ခံရနိုင်မည်ဟု ဟာမီလ်တန်သတိပေး

လူးဝစ်ဟာမီလ်တန်က မာစီဒီးစ်အသင်းအနေဖြင့် စင်ကာပူဂရင်းပရီတွင် ဖာရာရီနှင့် ရက်ဘူးလ်အသင်းတို့၏ခြိမ်းခြောက်မှုကို ခံရနိုင်ကြောင်းသတိပေးပြောကြားခဲ့သည်။ ဟာမီလ်တန်သည် မာရီနာဘေး၌ ပြုလုပ်ခဲ့သည့် ဒုတိယမြောက်လေ့ကျင့်ရေး အစီအစဉ်တွင် စတုတ္ထနေရာမှသာ ပန်းဝင်ခဲ့ပြီး ရက်ဘူးလ်အသင်းမှ ကူးရာ့နှင့် ရီရှာဒိုတို့က ပထမနှင့် တတိယနေရာတို့ဖြင့်လည်းကောင်း၊ ဒုတိယနေရာကို ဖာရာရီအသင်းမှ ရိုကိုနမ်ကလည်းကောင်းရရှိခဲ့သည်။





ဟာမီလ်တန်က "ကားကလည်းကောင်းပါတယ်။ဒါပေမယ့် အခြားသူတွေရဲ့ စွမ်းဆောင်ချက်တွေပိုပြီး ကောင်းလာတာပါ။ ဒါမျိုးက ဒီဂရင်းပရီမှာ အမြဲဖြစ်နေကျပါ။ကျွန်တော်တို့က ပြိုင်ပွဲဝင်နေတာဖြစ်တဲ့အတွက် နောက်ဆုံးအချိန်ထိတိုက်ပွဲဝင်စိတ်အပြည့်နဲ့ ယှဉ်ပြိုင်သွားမှာပါ" ဟုဆိုခဲ့သည်။

သို့သော်ရီရှာဒိုကမူ ယခုထိမာစီဒီးအသင်းဘက်မှာသာ အခွင့်အရေးအပြည့်အဝရှိနေသေးကြောင်း ဆိုခဲ့သည်။ စင်ကာပူဂရင်းပရီသည် ၂၀၀၈မှ စတင်ထည့်သွင်း၍ ယှဉ်ပြိုင်သော မော်ဒန်ပြိုင်ပွဲဖြစ်ပြီး ယင်းပြိုင်ပွဲ၏ထူးခြားချက်မှာ ညအချိန်တွင် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **မေလဲ့သင်း**

# ဖီနာဘာချီသို့ ပြောင်းရွှေ့ရန် အိုဇေးလ်စဉ်းစားနေ

အာဆင်နယ်အသင်း၏ အဓိကကွင်းလယ်ကစားသမားအိုဇေးလ်အနေဖြင့်ဖီနာဘာချီအသင်းသို့ပြောင်းရွှေ့ရန်စဉ်းစားနေပြီး လာမည့်နွေရာသီဈေးကွက်ဖွင့်လှစ်ချိန်၌ပြောင်းရွှေ့ရန်အလားအလာများနေကြောင်း ကစားသမားဖြစ်သူက ထုတ်ဖော်ပြောဆိုလိုက်သည်။

အိုဇေးလ်မှာ ဂျာမနီနိုင်ငံသားခံယူထားသော တူရကီမိဘများမှပေါက်ဖွားလာသူဖြစ်ရာ ၎င်းအားတူရကီလူမျိုးများက လူမျိုးတူကစားသမားအဖြစ်အားပေးနေလျက်ရှိရာ အာဆင်နယ်မှထွက်ခွာကာတူရကီကလပ်ဖီနာဘာချီသို့ပြောင်းရွှေ့ရန် လေးလေးနက်နက်စဉ်းစားနေခြင်းဖြစ်သည်။သို့သော် အပြောင်းအရွှေ့မှာ အာဆင်နယ်ဘက်မှ သဘောထားအပေါ် လည်းမူတည်နေပြီး အခြေအနေအရပ်ရပ် ကွဲကွဲပြားပြားသိနိုင်ရန်မှာ ယခုနှစ်ရာသီအကုန်မှသာ ဖြစ်နိုင်ကြောင်းလည်း ကစားသမား၏အေးဂျင့်ဖြစ်သူကပြောကြားခဲ့သည်။

အိုဇေးလ်က ပြီးခဲ့သည့် ဇူလိုင်လကပင် တူရကီသတင်းစာဆာ့ဘာ့နှင့် အင်တာဗျူးပြုလုပ်ရာ၌ ၎င်းမှာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဖီနာဘာချီအသင်းဂျာစီကို ဝတ်ဆင်၍ ကစားပေးလိုကြောင်း၊ ယင်းကိစ္စရပ်မှာ သူ့အတွက် ချီးမြှောက်မှုတစ်ရပ်အလား တန်ဖိုးထားရမည့်အရာပင်ဖြစ်ကြောင်း၊ လူတိုင်းက ၎င်းမှာဖီနာဘာချီ၏ ပရိသတ် ဆိုသည်ကို သိရှိထားကြောင်း ဆိုခဲ့သည်။

အိုဇေးလ်သည် ၂၀၁၃ခုနှစ် ရီးယဲလ်မှထွက်ခွာခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့ထိပ်တန်းခြေစွမ်းပိုင်ရှင် ကစားသမားအဆင့်မှ အကျဘက်သို့ရောက်ရှိလာသူဖြစ်သည်။ **မေလဲ့သင်း**





## ခြေစွမ်းပြနိုင်သလောက် တုံ့ပြန်မှု ပြန်မရတဲ့ စီရိုနယ်လ်ဒို

ယခင်စပိန်လက်ရွေးစင်ကစားသမား ဆယ်လ်ဂါဒိုက စီရိုနယ်လ်ဒိုအနေဖြင့် ရီးယဲလ်အတွက်အကောင်းဆုံးပေးဆပ်ကစားနေသော်လည်း ခြေစွမ်းလောက်ထိုက်တန်သောတုံ့ပြန်မှု ပြန်လည်မရရှိကြောင်း သူ၏အမြင်ကိုထုတ်ဖော်ပြောကြားခဲ့သည်။ရိုနယ်လ်ဒိုသည် မကြာသေးမီကာလကပင် လာလီဂါ၏ထာဝရသွင်းဂိုးအများဆုံး စံချိန်သစ်တစ်ခုကိုရရှိခဲ့သလိုချန်ပီယံလိဂ်၌လည်း သွင်းဂိုးအများဆုံးစံချိန်အဖြစ်ရပ်တည်နိုင်ခဲ့သည်။

သူသည်ပြီးခဲ့သည့်သီတင်းပတ်က ယှဉ်ပြိုင်ခဲ့သော လာလီဂါပွဲစဉ်၌ အက်စ်ပန်ညိုဘက်သို့ တစ်ဦးတည်း ငါးဂိုးသွင်းယူနိုင်ခဲ့သလို စက်တင်ဘာ၁၆ရက်တွင်ယှဉ်ပြိုင်ခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်၌လည်း ဟက်ထရစ်ဂိုးထပ်မံရရှိခဲ့သောကြောင့် လေးရက်အတွင်း သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

သို့သော်ဆယ်လ်ဂါဒိုကမူ စီရိုနယ်လ်ဒို၏စွမ်းဆောင်ချက်မှာ မက်ဆီနှင့်အဆင့်တူသော်လည်း ပေးဆပ်သော ခြေစွမ်းလောက်တုံ့ပြန်မှုမရရှိကြောင်း၊ အသင်းအောင်မြင်အောင် ယခုလောက်ရလဒ်ကောင်းအောင်စွမ်းဆောင်ပေးရာ၌ ၎င်းအနေဖြင့်မည်မျှအားအင်စိုက်ထုတ်ပေးဆပ်ကစားရသည်ဆိုသည်ကို လူတိုင်းက မေ့လျော့နေကြောင်းဆိုခဲ့သည်။ **ရှိုင်းယန်ဟေဒင်**

### စက်တင်ဘာ ၁၈/၁၉ ရက်နေ့မှ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ်**

| | | | | |
|---|---|---|---|---|
| ချယ်လ်ဆီး | ၂ | - | ၀ | အာဆင်နယ် |
| ဆွမ်ဆီး | ၀ | - | ၀ | အဲဗာတန် |
| စတုတ် | ၂ | - | ၂ | လက်စတာ |
| ဘုန်းမောက် | ၂ | - | ၀ | ဆန်းဒါးလန်း |
| နယူးကာဆယ် | ၁ | - | ၂ | ဝတ်ဖို့ဒ် |
| ဗီလာ | ၀ | - | ၁ | ဝက်စ်ဘရွန်း |

**စပိန်လာလီဂါ**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၀ | မာလာဂါ |
| ရီးယဲလ်မက်ဒရစ် | ၁ | - | ၀ | ဂရန်နာဒါ |

**ဘွန်ဒက်စ်လီဂါ**

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၃ | - | ၁ | ဟော့ဖန်ဟိန်း |
| ဝုဖ်ဘတ် | ၂ | - | ၀ | ဟာသာဘာလင် |
| ဟမ်းဘတ် | ၀ | - | ၀ | ဖရန့်ဖတ် |
| ဝါဒါဘရီမင် | ၀ | - | ၁ | အင်ဂိုဆလပ် |
| ကိုလုံး | ၁ | - | ၀ | ဂလာဘတ်ချ် |
| ဒရန်စတက် | ၀ | - | ၃ | ဘိုင်ယန်မြူးနစ် |

### စက်တင်ဘာ ၂၀ ရက်နေ့ ယှဉ်ပြိုင် ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| စပါး | - | ပဲလေ့စ် | ည-၇း၀၀ |
| ဆောက်သမ်တန် | - | မန်ယူ | ည-၉း၃၀ |
| လီဗာပူး | - | နော့ဝှစ်ချ် | ည-၉း၃၀ |

**စပိန်လာလီဂါ**

| | | | |
|---|---|---|---|
| ဆီဗီလာ | - | ဆယ်တာဗီဂို | ညနေ-၄း၃၀ |
| ဒီပို့တီဗို | - | ဂီဂျွန် | ည-၈း၃၀ |
| ဗီလာရီးယဲလ် | - | ဘီဘာအို | ည-၁၀း၄၅ |
| လတ်ပဲမတ်စ် | - | ဗယ်လက်ကာနို | နံနက်-၁း၀၀ |
| ဘာစီလိုနာ | - | လီဗန်တေး | နံနက်-၁း၀၀ |

**စီးရီးအေ**

| | | | |
|---|---|---|---|
| ချီယေဗို | - | အင်တာမီလန် | ညနေ-၅း၀၀ |
| အတ္တလန္တာ | - | ဗီရိုနာ | ည-၇း၃၀ |
| ဘိုလောနာ့ | - | ဖရိုစီနိုနီ | ည-၇း၃၀ |
| ဂျီနိုအာ | - | ဂျူဗင်တပ် | ည-၇း၃၀ |
| တိုရီနို | - | ဆမ့်ဒိုးရီးယား | ည-၇း၃၀ |
| နာပိုလီ | - | လာဇီယို | နံနက်-၁း၁၅ |

**ဘွန်ဒက်စ်လီဂါ**

| | | | |
|---|---|---|---|
| စတုဂတ် | - | ရှော်လ်ကာ | ည-၈း၀၀ |
| ဒေါ့မွန် | - | လေဗာကူဆင် | ည-၁၀း၀၀ |
| အော့ဘတ် | - | ဟန်နိုဗာ | ည-၁၀း၀၀ |

**မောင်မောင်ဇော်**

# လိုင်စင်မဲ့ဆိုင်ကယ်ဈေးကွက် ကြောင့် ဆိုင်ကယ်ခိုးမှုများ မကြာခဏဖြစ်ပေါ်နေကြောင်း သုံးသပ်

**မကွေး စက်တင်ဘာ ၁၉**

မကွေးမြို့နယ်အတွင်း ဆိုင်ကယ်ပျောက်ဆုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆိုင်ကယ်ခိုးမှုများ မကြာခဏဖြစ်ပေါ်နေရခြင်းမှာ လိုင်စင်မဲ့ဆိုင်ကယ်အရောင်းအဝယ်ဈေးကွက်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း မကွေးမြို့နယ်ရဲတပ်ဖွဲ့ မြို့မရဲစခန်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"လိုင်စင်မဲ့ဆိုင်ကယ်ဝယ်တဲ့သူတွေရှိနေသရွေ့ ဆိုင်ကယ်ခိုးမှုတွေ ဖြစ်နေဦးမှာပဲ။ လိုင်စင်ဘီးတွေ ခိုးခံရတယ်။ အများစုက နယ်ကျော်ပြီးရောင်းကြတယ်။ ခိုးလာတဲ့နယ်မှာတော့ ပြန်မရောင်းကြဘူး။ ဝယ်တဲ့သူကလည်း ဈေးချိုရင်ပြီးရော။ ပွဲစားတချို့ကလည်း အရောင်းအဝယ်ဖြစ်ရင်ပြီးရော လုပ်နေတာကြောင့် ဆိုင်ကယ်ရဲ့နောက်ကြောင်းရာဇဝင် ဘာမှမသိဘဲ အရောင်းအဝယ်ဖြစ်နေကြတာ။ လိုင်စင်ရှိတဲ့ဆိုင်ကယ်ကိုမှ ဝယ်စီးကြမယ်ဆိုရင် ခိုးလာတဲ့သူကလည်း ဘာအထောက်အထားမှမပြနိုင်တော့ ရောင်းလို့ရမှာမဟုတ်ဘူး။ ရောင်းလို့မှမရရင် ခိုးကြမှာလည်းမဟုတ်တော့ဘူး" ဟု မကွေးမြို့မရဲစခန်းမှူး ရဲအုပ်ဇော်နိုင်ဝင်းက ပြောသည်။

မကွေးမြို့ပေါ်နေ ပြည်သူများအနေဖြင့် ရှောင်တခင် စစ်ဆေးမှုများသော ဒေသအခြေအနေအရ လိုင်စင်ဆိုင်ကယ်များကိုသာ အဓိကဝယ်ယူသုံးစွဲနေကြသော်လည်း ဒေသခံအချို့မှာ သွားလာရေးအဆင်ပြေရန်အတွက် မိသားစုဝင်ငွေပေါ်မူတည်၍ လိုင်စင်မဲ့ဆိုင်ကယ်များ ဝယ်ယူအသုံးပြုမှုရှိသည်။ ကျေးလက်ဒေသအများစုတွင် လိုင်စင်မဲ့ဆိုင်ကယ်ဝယ်ယူ အသုံးပြုမှုများပြီး လိုင်စင်မဲ့ဆိုင်ကယ်များ၏ နောက်ဆက်တွဲရာဇဝတ်မှုများကြောင့် ဆိုင်ကယ်ပွဲစားများလည်း ချုပ်နှောင်စစ်ဆေးမှုခံရသည့် အဖြစ်အပျက်များလည်း ရှိခဲ့ဖူးကြောင်း ဆိုင်ကယ်ဝယ်ရောင်းဈေးကွက်မှ သိရသည်။

"၂၀၁၂ ခုနှစ်လောက်တုန်းက လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးရောင်းပေးမိတာ ခိုးဘီးဖြစ်နေလို့ အချုပ်ထဲ ၁၄ ရက်လောက်နေလိုက်ရတယ်။ ဝယ်တဲ့သူတွေ ကွင်းဆက်လိုက်တော့ ကျွန်တော်အပါအဝင် ၁၆ ယောက် အချုပ်ထဲရောက်ကုန်ရော။ ခုတော့ပွဲစားလုပ်သက်ကလည်း ရင့်လာတော့ လေးငါးသိန်းတန်တဲ့ဆိုင်ကယ်ကို သုံးသိန်းလောက်နဲ့လာရောင်းတယ်၊ ဈေးဆစ်ကြည့်တော့လည်း ဆစ်တဲ့အတိုင်းရတယ်ဆိုပါတော့။ ဒါဆိုသေချာပြီ။ ရဲကိုအကြောင်းကြားပြီး စစ်ခိုင်းရတော့တာပဲ။ ဒီလိုမျိုးစစ်ကြည့်လို့ ခိုးဘီးတွေ မှန်းသိရတာ နှစ်နှစ်၊ သုံးနှစ်အတွင်း အစီးငါးဆယ်လောက်ရှိတယ်။ လိုင်စင်မဲ့ဘီးတွေက အရောင်းအဝယ်မလုပ်တာကောင်းတယ်။ ပြဿနာရှုပ်လွန်းလို့။ ရဲအကြောင်းကြားမိလို့ ခိုးဘီးလာရောင်းတဲ့သူက ဓားနဲ့ရန်ရှာတာလည်းခံရဖူးတယ်။ လိုင်စင်မဲ့ဘီးအဝယ်မလိုက်ရင် ရောင်းသူရော၊ ခိုးတဲ့သူရော ရှိမှာမဟုတ်ဘူး" ဟု ဆိုင်ကယ်ပွဲစားတစ်ဦးက ပြောသည်။

မကွေးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ ဆိုင်ကယ်ပျောက်ဆုံးမှု ၂၁ မှု ဖြစ်ပွားခဲ့ပြီး ငါးမှုဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး မှတ်တမ်းများအရ သိရသည်။ မကွေးဒေသအတွင်း လိုင်စင်မဲ့ဆိုင်ကယ်အသုံးပြုသူအများစုမှာ ဆိုင်ကယ်ပျောက်ဆုံးမှုဖြစ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့များသို့ မတိုင်ကြားရဲသောကြောင့် ဆုံးရှုံးမှုများရှိနေကြောင်း၊ လိုင်စင်မဲ့ဆိုင်ကယ်များက ဆိုင်ကယ်ခိုးမှုများကို အလွယ်တကူ ကျူးလွန်နိုင်စေရန် ဖန်တီးပေးသကဲ့သို့ဖြစ်နေကြောင်း ဒေသခံများ ကပြောသည်။

ဒေသဆိုင်ရာရဲတပ်ဖွဲ့များက ဆိုင်ကယ်ခိုးမှုများကို ဖော်ထုတ်ဖမ်းဆီး အရေးယူမှုများရှိသော်လည်းမကွေးတွင် အဆောင်များ၊ အိမ်များအတွင်း အတင့်ရဲစွာဝင်ရောက်ခိုးယူခံရမှုများ ရှိနေဆဲဖြစ်သည်။ရေနံမြေ့ာ်များနှင့်နယ်မြို့များရှိ ကျေးလက်ဒေသများတွင် လိုင်စင်မဲ့ဆိုင်ကယ်ဝယ်လိုအား မြင့်တက်နေခြင်းကြောင့် လည်းကောင်း၊ တရုတ်ပြည်နယ်စပ်ပေါက်များမှမကွေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်နေသော လိုင်စင်မဲ့ဆိုင်ကယ်များအား ပစ္စည်းအသစ်၊ ဈေးနှုန်းချိုချိုဖြင့်ဝယ်ယူ ရရှိနေခြင်းကြောင့်လည်းကောင်း လိုင်စင်မဲ့ ဆိုင်ကယ်ဈေးကွက်ခိုင်မာနေခြင်းဖြစ်နိုင်ကြောင်း ဆိုင်ကယ်ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက သုံးသပ်သည်။ **ဇေယျာတု(မကွေး)**

# ကော့သောင်းခရိုင် ခမောက်ကြီးမြို့တွင် မိုးသည်းထန်မှုကြောင့် တောင်ကျရေများစီးဆင်းကာ ချောင်းရေလျှံမှုဖြစ်ပွား

**ခမောက်ကြီး စက်တင်ဘာ ၁၉**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့တွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မိုးသည်းထန်မှုကြောင့် တောင်ကျရေများစီးဆင်း၍ ချောင်းရေလျှံမှုဖြစ်ပွားကာ ဌာနဆိုင်ရာရုံးများနှင့် လူနေရပ်ကွက်တချို့ ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ခမောက်ကြီးမြို့ ပြည်သူ့ဆေးရုံ၊ ပြန်/ဆက်ရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာနနှင့် (၃၅)မိုင် လမ်းများပေါ်တွင် ရေလျှံ၊ ရေကျော်မှုဖြစ်စဉ်များရင်ဆိုင်ကြုံတွေ့ရလျက်ရှိပြီး မြေပြင်အထက် ၃ ပေခန့် ရေများမြင့်တက်လျက်ရှိကြောင်း သိရသည်။

ရေလျှံဝင်ရောက်မှုဖြစ်စဉ်များတွင် စိုးရိမ်ဖွယ်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မှုအား ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက စောင့်ကြည့်လျက် ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်နေသည်။

စိုးရိမ်ရမည့် ဌာနဆိုင်ရာဆောက်အအုံများမှ အရေးကြီးစာရွက်စာတမ်းများ၊ ပြည်သူ့ဆေးရုံမှ လူနာများအပါအဝင် ရပ်ကွက်ပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများအား ဆောလျှင်စွာ ရေဘေးလွတ်ရာပြောင်းရွှေ့ပေးခြင်းလုပ်ငန်းများအား ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်မှုများတွင် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ကယ်ဆယ်ရေးစခန်း အမှတ်(၁) မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအဆောက်အအုံသို့လည်းကောင်း၊ ရပ်ကွက်ပြည်သူများအား အမှတ်(၂)ကယ်ဆယ်ရေးစခန်း၊ ရာတနာသိယံဓာဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံတွင်လည်းကောင်း ယာယီကယ်ဆယ်ကူညီနေရာချထားပေးထားကြောင်း သိရသည်။

ခမောက်ကြီးမြို့အနေဖြင့် မိုးသည်းထန်၍ တောင်ကျရေများကြောင့် ချောင်းရေလျှံမှုဖြစ်စဉ်များကို မိုးတွင်းရာသီကာလများတွင် ကြုံတွေ့နေကျဖြစ်သည်။ လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် ဖြစ်ပွားခြင်းမရှိဘဲ ယခု ၂၀၁၅ ခုနှစ် မိုးရာသီတွင် ပြန်လည်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**




## ကြေညာချက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်း (၅) ဦး (ကျား ၃ ဦး + မ ၂ ဦး) လိုအပ်နေပါသဖြင့် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

(က) သိပ္ပံတွဲဖြင့် ဘွဲ့ရရှိထားသူ

(ခ) ကွန်ပျူတာကျွမ်းကျင်မှုရှိသူ

(ဂ) ရုံးပိတ်ရက်များ အချိန်ပိုဆင်းနိုင်သူ

၂။ လျှောက်ထားသူများသည် အလုပ်သမားဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားမှု ၊ အကျင့်စာရိတ္တအတွက် သက်ဆိုင်ရာများထံမှ ထောက်ခံချက် ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁)လ (တစ်လ) အတွင်း လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com



## ဝန်ထမ်းအမြန်အလိုရှိသည်

(ရန်ကုန်၊ မန္တလေး နှင့် ပုဂံ မြို့များတွင် တာဝန်ထမ်းဆောင်ရန်)
EMERALD MYANMAR မှ
Construction, Travels & Tours Co., Ltd.

1. Project Engineer — B.E(Civil) (3) M
လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ၊
2. Site Manager — Any Graduate (5) M
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ၊
3. Site Engineer (Civil & M&E) — B.E(Civil)or(Mechanical) (5) M
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်၊ Interior Decoration အတွေ့အကြုံရှိသူ
ဦးစားပေးမည်၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ၊
4. Quantity Surveyor(QS) — B.E(Civil) (3) M/F
လုပ်ငန်းအတွေ့အကြုံ (၇)နှစ်၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ၊
5. Site Supervisor — Any Graduate (5) M
လုပ်ငန်းအတွေ့အကြုံ (၃)နှစ်၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ၊
6. Sales & Marketing Manager — Any Graduate (2) M/F
လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်၊
7. Sales & Marketing Executive — Any Graduate (5) M/F
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်၊
8. Accountant — LCCI (Level 3) (3) F
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်၊ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ၊
9. Outbound Tour Leader — Any Graduate (5) M/F
Outbound လုပ်ငန်းအတွေ့အကြုံ (၃)နှစ်၊
10. Office Staff — Any Graduate (5) M/F
လုပ်ငန်းအတွေ့အကြုံ (၃)နှစ်၊ Computer ကျွမ်းကျင်သူ

CV, ဘွဲ့လက်မှတ်၊ လုပ်ငန်းဆိုင်ရာ ထောက်ခံစာများနှင့် မိတ္တူများဖြင့်
၇ ရက်အတွင်း ရုံးချိန်အတွင်း ရုံး (သို့) email ဖြင့်ပေးပို့လျှောက်ထားနိုင်ပါသည်။

အမှတ် ၁၃၁၊ ရိပ်သာ (၃) လမ်း၊ ဝေဇယန္တာ ဥယျာဉ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
Ph: 09-421013999, 09-421014999
emeraldmyanmarjob@gmail.com



## Job Vacancy

1. Chief Accountant Female (1)Post
2. Driver Male (1)Post
For No(1) B.Com, CPA, ACCA, Able to use accounting software MYOB, Age (30-45)
(စီးပွားရေးဘွဲ့ရ များသာလျှောက်ထားရန်) Exp- 7Yrs
For No(2) လိုင်စင်အနီ၊ အိမ်စီးကားမောင်းရန်၊ Age (40-55)၊
လစာ-၂၈၀၀၀၀ (အထက်)၊ အလုံကမ်းနားလမ်း၊ သစ်တောမှတ်တိုင်၊
**Ph:09-795343992, Email-hrassistant.szbd@gmail.com**



## အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၃-၁၀-၂၀၁၃ရက်စွဲဖြင့် ထုတ်ဝေသော ကြေးမုံသတင်းစာ၏ စာမျက်နှာအချပ်ပို (ဆ)၊ တိုက်ကြီးမြို့၊ ရှမ်းစုရပ်ကွက်၊ သစ်တောလမ်း၊ အမှတ်(၉)နေ ကိုသန်းဇော်ဝင်း [၁၂/တကန(နိုင်)၀၉၁၃၄၇] ကိုင်ဆောင်သူအား အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်းကို ဤကြော်ငြာ ထုတ်ပြန်သည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာအပ်ပါသည်။ ဖခင် ဦးမောင်လှ
အမှတ်(၇)၊ သစ်တောလမ်း၊ ရှမ်းစုရပ်ကွက်၊ တိုက်ကြီးမြို့။



## အမည်တစ်ဦးတည်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကြယ်စင်သစ်ကိုယ်ပိုင် အထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးရင်ထွေး(ခ)ဦးယဉ်ထွေး[၇/ဝမန(နိုင်)၀၈၅၃၉၆] ဖြစ်ပါကြောင်း။



စာအုပ်စာပေ လူ့မိတ်ဆွေ



## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့် မြေကွက်အမှတ် [သကမ-၁၄/၉၄(က)] ဟုခေါ်တွင်သော ဧရိယာပေ(အလျား ၂၀×အနံ ၆၀)၊ ကျယ်ဝန်းသော"ပါမစ်မြေနှင့် အိမ်" ကို အပြီးအပိုင်ဝယ်ယူရန် စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးဆန်းလွင်ဦး [၁၂/တတန(နိုင်)၂၀၅၈၉၄]ထံမှ ကျွန်ုပ်မိတ်ဆွေမှ လွှဲပြောင်းဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်ငွေ အပြေအကျေပေးချေ၍ ဝယ်ယူကာ လက်ရောက်ရယူထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ "ပါမစ်မြေနှင့်အိမ်" ကို ငွေအပြေအကျေပေးချေ၍ ဦးဆန်းလွင်ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သည်ကို မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ညွှန်ကြားချက်အရ-
ဦးသိန်းညွှန့်
**B.A, HGP, R.L, DBL, DML, DIL**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)
အမှတ်(၁၂၂)၊ ပထမထပ်(ယာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၁၀၇



**BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ**
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပညာဒလလမ်း။
Ph : 09-5425251, 09-73225484

# မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ် ရှင်းလင်း ဆွေးနွေးပွဲ ဖရူဆိုမြို့၌ပြုလုပ်

**ဖရူဆို စက်တင်ဘာ ၁၉**

ကယားပြည်နယ် ဖရူဆိုမြို့တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၏ အသိပညာပေးရှင်းလင်းပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက တော်ဝင်သဇင်ခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ လုပ်ငန်းများတွင် မြို့နယ်အတွင်း သတ်မှတ်ထားသော ဖုန်ခြောက်ဖုန်၊ မဲရုံ ၃၉ ရုံ အတွက် လုံခြုံရေးဆိုင်ရာစီမံချက်များ ရေးဆွဲနိုင်ရေးအတွက် အားလုံးစီမံပေါင်းစပ်ဆောင်ရွက်သွားရန် စသည်ဖြင့်ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ရဲမှူးကျော်ခင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းတို့က လုံခြုံရေးဆိုင်ရာလုပ်ငန်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာများအား အကျယ်တဝင့် ရှင်းလင်းဆွေးခဲ့ပြီး တက်ရောက်လာကြသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၈၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# မိုးစပါးစိုက်ပျိုးမှု ၉၃ ရာခိုင်နှုန်းကျော်ပြီးစီး

**ကန့်ဘလူ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများကို ပြန်လည်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၁၅ ရက်ထိ ၉၃ ဒသမ ၂၂ ရာခိုင်နှုန်း စိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်မောင်က ပြောသည်။

ယင်းသို့ စိုက်ပျိုးနိုင်ရန် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းပျိုးခင်းများအတွက် နိုင်ငံတော်မှငွေကျပ် ၁၀၁ ဒသမ ၅၁၄ သန်းကို ဩဂုတ် ၁၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့ပြီး အခြားစေတနာရှင် အလှူရှင်များက မျိုးစပါးများလှူဒါန်းခဲ့ခြင်းကြောင့် ယနေ့ထိ မိုးစပါး ၁၃၆၉၄၆ ဧကပြန်လည်စိုက်ပျိုးပြီးခဲ့ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ကန့်ဘလူမြို့နယ်တွင် ဇူလိုင် ၁၅ ရက်ညနောက်ပိုင်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံတောင်သူများစိုက်ပျိုးထားသည့် စိုက်ပျိုးမြေ ၁၀၈၃၂ ဧက ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကန့်ဘလူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရန် ၁၄၆၉၀၅ ဧက လျာထားပြီး ရာသီကုန်(စက်တင်ဘာလကုန်) ၌ လျာထားဧကထက် ပြည့်မီကျော်လွန်နိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ချောင်းဦး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် သန်းပင်ကန်ကျေးရွာနှင့် မိုင်တဲကျေးရွာများသို့ စက်တင်ဘာ ၁၇ ရက်က ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် သန်းပင်ကန်ကျေးရွာအတွက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက သန်းပင်ကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာကော်မတီဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။ သန်းပင်ကန်ကျေးရွာအတွက်ပေးအပ်သော အဆိုပါငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၁၄၃ ဦး၊ ကုန်စုံဆိုင် သုံးဦးတို့အား ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့်အဖွဲ့သည် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအုပ်စု၊ မိုင်တဲကျေးရွာသို့သွားရောက်ပြီး မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်ခဲ့သည်။ မိုင်တဲကျေးရွာအနေဖြင့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၅၁ ဦး စုစုပေါင်း ၁၁၃ ဦးသို့ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မွေးမြူရေး ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်သော အခြေခံအပ်ချုပ်စက်သင်တန်း ၁/၂၀၁၅ ကို စက်တင်ဘာ ၇ ရက်က စတင်ဖွင့်လှစ်၍ သင်တန်းသူ ၈၀ကို စတင်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်ကြီးကြပ်၍ သင်တန်းကြီးကြပ် ငါးဦး၊ သင်တန်းဆရာမ သုံးဦး၊ စက်ပြင်ဆရာ တစ်ဦးတို့ဖြင့် အခြေခံအပ်ချုပ်စက်သင်တန်းကို တစ်လဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်/ကျေးလက်)


ကုသိုလ် - အကုသိုလ်
သာဓကဝတ္ထုများ
ရှိန်တင်ဦး(ပေါင်းတည်)
အရှယ်သုံးပါး ခံစားနှစ်သက်မယ့်
ဘာသာရေး အတွေးအမြင်နှင့်
ပုံပြဥပမာများ

မျှော်လင့်ခြင်းဆိုတာ
ကောင်းမြတ်မှုတစ်ခု၊
ကောင်းချီးမင်္ဂလာတစ်ခုပါ
ကျိန်စာမဟုတ်ပါဘူး
အောင်မြင်ရေးလောင်စာ
ခင်မောင်တိုး(မိုးမိတ်)

သမိုင်းဆက်စပ်
ဇာတ်လမ်းများ
ရှိန်တင်ဦး(ပေါင်းတည်)
မျိုးဆက်လက်ဆင့်ကမ်း
သမိုင်းစာပေ
ယဉ်ကျေးမှုအမွေအနှစ် စာစု

ချစ်ခြင်းမေတ္တာ၊ ဉာဏ်ပညာ၊
ကိုယ်ကျင့်တရားနှင့်
စိတ်ယဉ်ကျေးမှုစာစု
စိတ်ကူးကောင်းများကို
ကျောင်းထားပေးခြင်း
သန်းစိုးနိုင်

ဥပစာကမ္ဘာကြီးထဲမှာ
မောင်ခင်မင်(ဓနုဖြူ)
နေ့စဉ်လူနေမှုဘဝထဲက
ဥပစာများ၏ နေရာ၊ တန်ဖိုးနှင့်
အရေးပါမှုများကို
ဖော်ပြထားပါသည်

ပန်းချီ အနုပညာရသနှင့်
ခံစားမှုဆောင်းပါးများ
အာရုံသစ်မှာ နိုးကြားခြင်း၊
အနုပညာလွတ်လပ်ခွင့်နှင့်
သေနတ်သံများစဲပါစေ
ပန်းချီမျိုးညွှန့်(မကွေး)

ငှန်ပွင့်စာအုပ်တိုက် - အမှတ် ၂၅၇(ပထပ်)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၄ ၃၁၆၄၊ ၀၉ ၅၀၉ ၈၆၀၆၊ ၀၉ ၇၉၉ ၃၁၁ ၀၉၉



## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(စီတာပူ)၊ ဒသမတန်း (D)မှ မဘောက်ဂျာ၏ ဖခင်အမည်မှန်မှာ ဦးလဂီတန်ရာ [၁/မကန(နိုင်)၀၇၂၅၃၁] ဖြစ်ပါသည်။

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ နဝမတန်း $A_7$(2)မှ မောင်ဆွတ်မျိုးအောင်၏ မိခင် အမည်မှန်မှာ ဒေါ်ဘောမ်ဆွေ [၁/ဝမန(နိုင်)၀၅၃၈၅၀၂]ဖြစ်ပါသည်။

## မြေညီထပ်တိုက်ခန်းငှားမည်

ဗညားဒလလမ်းမပေါ်၊ သိမ်ဖြူ တင်းနစ်ကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အကျယ်အဝန်းပေ(၁၅×၆၀) ရေ၊ မီးစုံ။
ဆက်သွယ်ရန်ဖုန်း-၀၁-၅၄၀၃၉၃၊
၀၉-၅၀၉၇၂၇၇

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (ဆင်ဘို)၊ တတိယတန်း(က)မှ မောင်ဟိန်းထက်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်ငွေငွေညွန့် [၁/ဆဘတ(နိုင်)၀၀၇၁၂၃]ဖြစ်ပါသည်။

## မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်-
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
**Ph:09-260664480,**
**09-260664490**

## ဖုန်းကတ်များ ဈေးကောင်းပေးဝယ်သည်

၇၃,၉၁၀. . . . ,
၄၉,၄၇. . . . ,
၆၄,၆၅,၆၈. . . . ,
၂၀,၂၀၀. . . . ,
၅၀,၅၁. . . . ,
ဖုန်း-၀၉- ၂၀၉၈၈၈၈

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ ကျွန်ုပ်၏မိတ်ဆွေက မြေရှင်ဒေါ်လှကြည် [၁၂/မရတ(နိုင်)၁၀၄၃၈၈] ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်းသွယ်ရှိ အမှတ်(၂၃/B)ဟု ခေါ်တွင်သည့် အလျား ၆၅ပေ×အနံ ၄၅ပေရှိ မြေကွက်ပေါ်တွင် မြေရှင်နှင့် အဆောက်အအုံကန်ထရိုက်တာ ဦးညီညီ[၁၂/မရက(နိုင်)၀၀၄၀၇၀]၊ ပြည်တော်သာဆောက်လုပ်ရေးတို့ချုပ်ဆိုခဲ့ကြသည့် ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်နေ့စွဲပါ (၂)ခန်းတွဲ (၃ $\frac{၁}{၂}$)ထပ်တိုက်(၁)လုံးပေး၊ (၁)လုံးယူ မြေရှင်နှင့် ကန်ထရိုက်တာတို့၏ သဘောတူကတိစာချုပ်၏ အပိုဒ်(၄)အရ အခန်းခွဲဝေပုံ သဘောတူညီချက်ပါ ကန်ထရိုက်တာမှ လုံးဝအကျိုးခံစားခွင့်ရှိသည့် တိုက်အမှတ်(၂၃-B/A)ဟုခေါ်တွင်သော (အလျားပေ၃၀×အနံ ၄၅ပေ)ရှိ (၂)ခန်းတွဲ (၃ $\frac{၁}{၂}$)ထပ်တိုက် အဆောက်အအုံ၏အပေါ်ဆုံးထပ်(ဒါဘာ)(ယာ) (အလျား၁၅ပေ×အနံ၄၅ပေ)ရှိ မြေရှင်အား ပြန်လည်ရောင်းချထားပြီးဖြစ်သည့် တိုက်ခန်းမှလွဲ၍ကျန်တိုက်ခန်း (၉)ခန်းကို ကန်ထရိုက်တာထံမှ ကြိုတင်စနစ်(Pre-Contract)ဖြင့် အပြီးအပိုင်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ကန်ထရိုက်တာသို့ ပေးချေထားပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ တိုက်ခန်းများနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဤအကြောင်းကြားစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းလုံးဝမရှိပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြုချုပ်ဆိုသွားမည်ဖြစ် ကြောင်း သက်ဆိုင်သူများသိစေရန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်ကျော်
**B.Sc.,H.G.P.,R.L**
တရားလွှတ်တော်ရှေ့နေ(၅၃၁၅/၉၀)
၁၃၈/ပ-ထပ်၊ ၃၂လမ်း(လယ်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph:243568, 09-5186021**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊မြေကွက်အမှတ်(၇၄)၊မြေကွက်တည်နေရာအမှတ်(၇၄)၊(၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ဦးအောင်မြင့်အမည်ပေါက်၊ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးအောင်မြင့်(၁၃/လရန(နိုင်)၀၇၁၇၉၁)မှပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အိမ်အကူအလိုရှိသည်

ရိုးသားကြိုးစားသော နယ်မှ တိုင်းရင်းသူကို ဦးစားပေးမည်။
ဖုန်း-၀၉-၂၅၄၃၈၀၆၅၆၊
၀၉-၉၇၅၄၄၁၉၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ဘီ၊ မြေကွက်အမှတ် V Class ၃၃၊ မြေကွက်တည်နေရာအမှတ် ၉၇၊ သိပ္ပံလမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊ မောင်ဝင်းကြည်၊ မအေးသန်းနှင့်မအေးမြင့်တို့အတွက် (အုပ်ထိန်းသူ ဖခင်ဦးသိုင်း) အမည်ပေါက် နှစ်(၉၀)မြေငှား ဂရန်မြေအား ရောင်းဝယ်စာချုပ်အမှတ် ၇၅၀/၈၁ဖြင့် (၅၃'-၆"/၅၃'-၁၀"×၁၂')ကို ဦးစောနိုင်၊ ဒေါ်သန်းမြင့်သို့ ရောင်းချခဲ့၍ ဒေါ်ရင်ကြည်နှင့် ခင်ပွန်း ဦးခင်မောင်ဆွေတို့နှစ်ဦးစလုံး ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးနေလင်းဆွေ၊ ဒေါ်မြတ်လေးဆွေတို့အား ဦးစောနိုင်၊ ဒေါ်သန်းမြင့်မှ တရားမကြီးမှုအမှတ် (၄၅၁/၁၄)ဖြင့် အမှုရင်ဆိုင်ခဲ့ပြီး တရားမဇာရီမှုအမှတ်(၄၈/၂၀၁၅)အမိန့်နှင့် ဒီကရီတင်ပြ၍ တရားရုံးများ ကိုယ်စားဘီလစ်ဒေါ်စောယုမွန် [၁၂/သကတ(နိုင်)၁၄၅၃၁၇]မှ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပိုးစုန်းကြူးက လမင်းပြိုင် ညခင်းချိန်တိုင် နိုင်ပါရိုးလား

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

**à ကိုရင်ညြ**

အရှေ့တောင်အာရှတစ်ခွင် နုထွားကြီးမို့ ရှုတိုင်းယဉ်လှသည့် သေးသေးကွေးကွေး နိုင်ငံငယ်ကလေးအဖြစ် ဟန်ဟန်ပန်ပန် ရပ်တည်နေသော နိုင်ငံသည်ကား "စင်ကာပူ" ဟူ၍ သူငါခပင်း သိရှိကြသည့် မြို့ပြနိုင်ငံတော်ဖြစ်သည်။ မလေးကျွန်းဆွယ် တောင်ဘက်စွန်း၌ ဝဇီရာစိန်ကျောက်ပမာ ထိန်တောက်ကာရပ်တည်နေသော ခြင်္သေ့မြို့တော် (ဝါ) စင်ကာပူနိုင်ငံကလေးသည် ကမ္ဘာ့အကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့များတွင် မြို့တစ်မြို့အဖြစ် ထင်ပေါ်ကျော်ကြားကာ ဘွားဘွားပေါ်လျက်ရှိလေ၏။

သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဖွယ့်မြိုင်ခြေ၊ ကျွန်းရပ်မြေအလား၊ သာယာအေးချမ်း၊ ဘေးဘျမ်းကင်းကွာ၊ မွေ့လျော်စရာ နိုင်ငံကလေးဖြစ်သော စင်ကာပူ၌ လွန်ခဲ့သည့်သီတင်းပတ်က နိုင်ငံရေးအားစမ်းပွဲဖြစ်သည့် ပါလီမန်ရွေးကောက်ပွဲကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲခဲ့ကြလေသည်။

စင်ကာပူသမိုင်းတွင် နိုင်ငံရေးမာလိန်မှူးကြီးအဖြစ် ကျွမ်းကျင်စွာပဲ့ကိုင်ခဲ့လေသော လီကွမ်းယူ၏ ခြေရာကိုနင်းသူ သားကြီးဩရသ လီရှန်လွန်း၏ ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party)(PAP) သည် အကြိတ်အနယ် အပြိုင်အဆိုင်ရှိလှသည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူ့အသည်းကြားမှ မဲပြားများကို အစုလိုက် အပြုံလိုက် အောတိုက်ရယူရန် အခါအခွင့် သင့်ခဲ့လေသည်။

### နိုင်ငံရေး ရေချိန်

စင်ကာပူနိုင်ငံရေးမှာ ရေချိန်မြင့်သည့် အဆင့်သို့ တက်လှမ်းခဲ့ပြီလောဟု ကျွန်ုပ် စေ့ငုမိ၏။

ပီအေပီပါတီသည် ၁၉၅၉ ခုနှစ်မှစ၍ နိုင်ငံတော်အာဏာကို တင်းတင်းရင်းရင်း ဆုပ်ကိုင်ထားနိုင်သည်မှာ ယနေ့တိုင်အောင် သောင်ပြင်မှာဆင်သွားသလို ထင်ရှားနေ၏။

၁၉၅၉ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှ အစတည်လျက် အောင်ပွဲအလီလီ ရရှိနေသော ပီအေပီပါတီမှာ ပြည်သူ့ထောက်ခံမှု ကြိမ်နှုန်းမြင့်နေဆဲဟု ကျွန်ုပ်ရှုမြင်ရပြီး အဆက်မပြတ် အထစ်အငေါ့မရှိ စိုးစံနိုင်ခြင်းမှာ မည်သည့်အကြောင်းတရားများကြောင့် ဖြစ်သနည်းဟူ၍ တွက်စစ်ကြည့်စရာ ဖြစ်ရလေသည်။

ပီအေပီပါတီသည် စင်ကာပူနိုင်ငံ၏ ပါလီမန်ဒီမိုကရေစီ နိုင်ငံရေးရှုခင်းတွင် ထီးထီးမားမား ပေါ်လွင်နေပြီး အာဏာပါဝါ အရှိန်အဝါ ထိန်ထိန်သာနေဆဲဟု သုံးသပ်ရ၏။

အထက်ကျော်ကာရီကပင် နိုင်ငံရေးအရ ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သော ပီအေပီပါတီ၏ အောင်မြင်မှုသော့ချက်ကို စေ့စေ့တွေးကြည့်လျှင် ရေးရေးပေါ်လာသည်ကား တိုးတက်နေသောနိုင်ငံတော်ကို တည်ဆောက်နိုင်ခြင်းဖြစ်သည်တမုံ့။

မြို့ပြနိုင်ငံကလေး စင်ကာပူမှာ နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း တိုးတက်မှုလမ်းကြောင်းပေါ် လျင်မြန်စွာရောက်ရှိလာပြီး တစ်ရှိန်ထိုး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက်မနေရာတွင် ပြည်သူများနှင့်အတူ ရပ်တည်နေသည်မှာ ပီအေပီပါတီပင် ဖြစ်လေသည်။



### နိုင်ငံရေး ဆင့်ကဲဖြစ်စဉ်

ပီအေပီပါတီကို ၁၉၅၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် လီကွမ်းယူက ဖွဲ့စည်းထူထောင်ခဲ့သည်။

လီကွမ်းယူသည် ယူကေ၌ ပညာရင်နို့သောက်စို့ခဲ့ပြီးနောက် ရှေ့နေရှေ့ရပ်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ သူ၏ အနာဂတ်မျှော်မှန်းချက်ကား စင်ကာပူ အပြည့်အဝလွတ်လပ်ရေးဖြစ်သည်။ စင်ကာပူကို သီးခြားနိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်နိုင်ရန် ကြိုးပမ်းခဲ့သော သူ၏ စွမ်းဆောင်ချက်များမှာ ရင်သပ်ရှုမောဖွယ် ဖြစ်ရလေသည်။

ဤနေရာ၌ နိုင်ငံရေးဟူသည် ခယောင်းတောမှစတင်ရသည်ဟူသော သဘောတရားတစ်ရပ်ကို ကျွန်ုပ်ခြုံငုံမိ၏။

လီကွမ်းယူ၏ နိုင်ငံရေးခရီးစဉ်သည် စင်ကာပူ၏ သမိုင်းကြောင်းပမာ သာမညဘဝမှ စခဲ့ရသည်။

စင်ကာပူသမိုင်းကြောင်းကို ဆန်းစစ်ကြည့်လျှင် အထုံးအဖွဲ့များစွာကို တွေ့ရသည်။ အထစ်အငေါ့အပေါင်းကိုလည်း အသွယ်သွယ်အဝဝ တွေ့ကြုံခဲ့ရသည်။

စင်ကာပူသည် အထက်ကျော်ကာရီက စုမတြကျွန်းသား သီရိဝိဇယမင်းနေပြည်၏ တစ်စိတ်တစ်ဒေသဖြစ်ခဲ့သည်။ ၁၈၁၉ ခုနှစ်တွင် ဆာစတမ်ဖို့ဒ်ရက်ဖဲ၏ အကြံပေးချက်အရ အရှေ့အိန္ဒိယကုမ္ပဏီက ဂျိုဟိုစော်ဘွားထံမှ ကျွန်းကို ငှားရမ်းခဲ့သည်။ ၁၈၂၆ ခုနှစ်တွင် ရေလက်ကြားများ အခြေစိုက်ရေးအဖြစ် စင်ကာပူ၊ မလက္ကာနှင့် ပီနန်တို့ ပူးပေါင်းခဲ့ကြသည်။

### ပဿျူးတို့နှင့် လက်တွဲဖြုတ်

၁၈၆၇ ခုနှစ်တွင် ဗြိတိသျှသစ္စာခံ ကိုလိုနီဖြစ်လာသည်။ စင်ကာပူကို နှစ်ပေါင်းရှည်ကြာ ဗြိတိသျှတို့ ထိန်းချုပ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်တပ်ဖွဲ့၏ သိမ်းပိုက်အုပ်စိုးမှုကို မလွန်ဆန်နိုင်ခဲ့ချေ။ ၁၉၄၂-၄၅ ခုနှစ်အတွင်း ဂျပန်အောက် ကျရောက်ခဲ့သည်။

ယင်းနောက်တွင်ကား ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ နိုးထလာခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းရန် အကွက်ကောင်းမိခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီး အုပ်စိုးမှုအရ ကိုယ့်လက်ကိုယ့်ခြေဖြစ်လာသည်။ ၁၉၆၃ ခုနှစ်မှစ၍ မလေးရှားပြည်ထောင်စု၏ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ပဿျူးတို့နှင့် လက်တွဲဖြုတ်ကာ တင်းပြည့်ကျပ်ပြည့် လွတ်လပ်ရေးရရှိခဲ့လေသည်။

၁၉၆၅ ခုနှစ် ဩဂုတ် ၉ ရက်တွင် လွတ်သဘင်ဆင်နွှဲခဲ့ပြီး နိုင်ငံတော်၏ ပထမဆုံးသော သမ္မတအဖြစ် ယူဆွတ်ဘင်အာရှက်ကလည်းကောင်း၊ ပထမဆုံးသော ဝန်ကြီးချုပ်အဖြစ် လီကွမ်းယူကလည်းကောင်း တိုင်းပြည်တာဝန်များ ထမ်းရွက်ကြလေတော့သည်။

### မီးကုန်ယမ်းကုန် ဇွဲအဟုန်ဖြင့်

လွတ်လပ်ရေးရပြီဆိုသော်လည်း နှလုံးတုန်ရင်ခုန်စရာပြဿနာများမှာ အစိုးရအဖွဲ့အပေါ် ဖိစီးနေသည်။ ပြည်သူသုံးသန်းအနက် အများစုမှာ အလုပ်လက်မဲ့များဖြစ်ကြပြီး ဘဝရပ်တည်ရေးအတွက် လူးလွန့်ရုန်းကန် လှုပ်ရှားကြရသည်။

ထိုစဉ်က လူဦးရေ သုံးပုံနှစ်ပုံကျော်မှာ ရွာငယ်ဇနပုဒ် မီးကလေးမိုတ်တုတ်ဘဝတွင် နေထိုင်ကြရသူများပမာ အနုပ်စုတ်ကုပ်စုတ် ရှိခဲ့ရသည်။ ပါချည်ပါချဲ့ ပုံကျရပ်ကွက်များမှာ ရပ်စွန်ရွာနား မြို့စွန်မြို့ဖျားတွင် တည်ရှိနေခဲ့သည်။

အတိတ်သမိုင်းအရ စင်ကာပူနယ်မြေမှာ အသားညှပ်ပေါင်မုန့်သဖွယ် မလေးရှားနှင့် အင်ဒိုနီးရှားဟူသော မတည့်အတူနေ နိုင်ငံကြီးများအလယ်တွင် ကြားညှပ်နေခဲ့ရပြီး ဟန်တစ်လုံးပန်တစ်လုံး မရှိခဲ့ရှာ။ ဟန်ပန်လေလန်အရ ကြွားကြွားဝါဝါ မလုပ်နိုင်ဘဲ တေးသွားမည်ဲ သံစဉ်မလှဖြစ်ကာ သုခုမာလတာဂုဏ်ကို မပြနိုင်ခဲ့ပါချေ။

သို့ဖြစ်စေကာမူ နိုင်ငံ့သိက္ခာအတွက် မီးကုန်ယမ်းကုန် ဇွဲအဟုန်ဖြင့် အစွမ်းကုန်ကြိုးပမ်းမည်ဆိုသော သံမဏိစိတ်ဓာတ်နှင့်အတူ အစိုးရနှင့်ပြည်သူ လက်တွဲကူကြသောအခါ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် တစ်စတစ်စရောက်ရှိလာခဲ့သည်ကို အံ့ဘနန်းတွေ့ရလေသည်။

### နတ္ထိဘဝ ဝိတ္ထာရရှဲ့

၆၁၈ စတုရန်းကီလိုမီတာ (၂၃၈ စတုရန်းမိုင်) မျှသာ ကျယ်ဝန်းသော စင်ကာပူသည် သဘာဝအရင်းအမြစ်မရှိ၊ အခြေခံအဆောက်အအုံ နတ္ထိဘဝမှ အစတည်ကာ ဖွံ့ဖြိုးရေးမူဝါဒကို ဝိတ္ထာရရှဲ့ကာ တည်ဆောက်ခဲ့ပြီး ယနေ့ကာလတွင် လူတစ်လုံးသူတစ်လုံး ရပ်တည်လေပြီ။

ပင်လယ်ဆိပ်ကမ်းလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဇီဝနည်းပညာလုပ်ငန်း၊ ရေနံချက်လုပ်ငန်း၊ ပို့ကုန်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းတို့ဖြင့် ဂုဏ်တင့်ဝင့်ထည်လာပြီး နှစ်စဉ် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ဒေါ်လာဘီလီယံ ၃၀၀ ကို ကျော်လွန်ခဲ့ပြီဖြစ်သည်။

### ကျတ်တီးကုန်းမြေမှသည်

စင်ကာပူနိုင်ငံသည် တံငါရွာငယ်ကလေးဘဝမှ အစပြုကာ ဖွံ့ဖြိုးမှုအတွက် တက်စုံလွှင့် ရွက်စုံဖွင့်ခဲ့သည်။ မျိုးဆက်တစ်ဆက်မျှသာ ကြာမြင့်ခဲ့သည့် ကာလအတွင်း သိသိသာသာ ထင်ထင်ရှားရှား နိုင်ငံတိုးတက်လာမှုကို ကျွန်ုပ်တို့ တွေ့ကြရသည်။

ကျတ်တီးကုန်းမြေမှသည် သာယာရွှေပြည်သို့ တက်လှမ်းရန် ကြိုးပမ်းနေသော စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းမှာ ပါတီစုံဒီမိုကရေစီစနစ်အတွင်း လူးလွန့်မျောပါရင်း အချိန်ရှိခိုက် လှံ့လစိုက်နေဆဲ ဖြစ်ပေလိမ့်မည်။

လူမျိုးပေါင်းစုံနေထိုင်သည့် စင်ကာပူနိုင်ငံသည် တိုးတက်ရေးလမ်းကြောင်းပေါ် ရောက်ရှိနေသည့်တိုင် လူ့အလိုနတ်မလိုက်နိုင်သည့်ပြဿနာများကား ရှိနေဆဲပင်။

အာဏာရ ပီအေပီပါတီသည် အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီပုံစံကို လက်မခံဘဲ တင်းကြပ်သည့်ဥပဒေများဖြင့် နိုင်ငံကို အုပ်ချုပ်နေသည်ဟု အတိုက်အခံတို့က ထောက်ပြကြသည်။ လီကွမ်းယူ အာဏာရချိန်အတွင်း အတိုက်အခံတို့ကို နှိမ်နင်းခြင်း၊ မီဒီယာများကို ချုပ်ကိုင်ခြင်း၊ ဝေဖန်သူများကို ပြစ်ဒဏ်ချခြင်းတို့ ပြုလုပ်ခဲ့သည်ဟု ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေခြင်း၊ နိုင်ငံခြားသားလုပ်သားများအား ထိန်းချုပ်ကန့်သတ်ခြင်း၊ လူမှုဖူလုံရေး၊ အိုနာစရန်ပုံငွေနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို တိုးမြှင့်ပြုလုပ်ပေးစေလိုခြင်း၊ အိမ်ခြံမြေဈေးနှုန်းများ ခေါင်ခိုက်နေခြင်း၊ လူနေမှုစရိတ်ကြီးမြင့်ခြင်း၊ အစိုးရက တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း စသည်တို့မှာ ယခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလတွင် အတိုက်အခံပါတီများ၏ ဆွေးနွေးငြင်းခုံစရာ ဖြစ်ခဲ့လေသည်။

### တောင်ပြိုကမ်းပြို အနိုင်ရ


၅၆ နှစ်ကြာ အုပ်ချုပ်လာခဲ့သော ပီအေပီပါတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် လွတ်လပ်သောဈေးကွက်စနစ်တို့ကို မြှင့်တင်အားပေးကာ ပြည်သူတို့ ပညာရည်မြင့်မားစေမည့် ပညာရေးစနစ်ကို ဖော်ဆောင်မည်၊ အဂတိကင်းသော အစိုးရအဖြစ် ဆက်လက်ရပ်တည်မည်ဟု ကြွေးကြော်ကာ မဲဆွယ်ခဲ့သည်။

ယခုနှစ်ရွေးကောက်ပွဲ၏ ထူးခြားချက်များမှာ အတိုက်အခံပါတီများက ပါလီမန်အမတ်နေရာ ၈၉ နေရာစလုံးအတွက် ပထမဆုံးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ လွတ်လပ်ရေးဗိသုကာကြီး လီကွမ်းယူကွယ်လွန်ခဲ့အပြီး မျိုးချစ်စိတ်ဓာတ် ပြန်လည်နိုးကြားလာချိန်နှင့် လွတ်လပ်ရေးနှစ် ၅၀ ပြည့်ရွှေရတုကာလကျရောက်ချိန်တို့နှင့် တိုက်ဆိုင်နေခြင်းတို့ ဖြစ်လေသည်။

မဲဆန္ဒရှင် ၂ ဒသမ ၅ သန်းက မဲမပေးမနေရ မဲပေးကြရပြီး အမတ်နေရာ ၈၉ နေရာအနက် ၈၃ နေရာကို ပီအေပီက ရရှိလိုက်ရာ တောင်ပြိုကမ်းပြို အနိုင်ရလိုက်ပုံမျိုး ဖြစ်လေသည်။

ပါလီမန်တွင် အာဏာရပါတီကြီးတစ်ပါတီတည်းက လွှမ်းမိုးထားခြင်းမှာ ဗဟုဝါဒကို ညှိုးနွမ်းစေသည်ဟု အတိုက်အခံတို့က ယူဆကြပေမည်။ ကာလသမနိရှည်ကြာစွာ လက်သံပြောင်ပြောင် အုပ်ချုပ်လာခဲ့သော ပီအေပီထောက်ခံသူ ဝိုင်းတော်သားတို့ကမူ "ပိုးစုန်းကြူးက လမင်းပြိုင် ညခင်းချိန်တိုင် နိုင်ပါရိုးလား" ဟူ၍ လက်ခမောင်းခတ် ကြွေးကြော်ကြလိမ့်မည်ဟု အတ္တနောမတိ ကျွန်ုပ်တွေးဆမိပါသတည်း။ ။

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ထို့နောက် လက်ဝဲဘက်သို့ ချိုးကာ ပိတောက်ပင်များအောက်မှ လမ်းအတိုင်း မြောက်ဘက်သို့ လျှောက်ကြသည်။ တက္ကသိုလ်ရိပ်သာလမ်းပေါ်သို့ ရောက်သောအခါ အရှေ့ဘက်သို့ ဆန်တက်ကြသည်။ ထို့နောက် အင်းယားရိပ်သာလမ်းအတိုင်း တောင်ဘက်သို့ ဆက်လျှောက်ကြပြန်သည်။ ဝင်ဒါမီယာဝင်းကို ဖြတ်၍ ဦးဝိစာရလမ်းဆီ ရောက်ခဲ့ကြပြီးနောက် ပြည်လမ်းဆီလျှောက်ကာ ကျောင်းဆောင်သို့ ပြန်ကြ၏။

အေးဝင်းရော သက်ခိုင်ပါ နုနယ်ငယ်ရွယ်ကြသေး၏။ ထို့အတူ . . ဥတုသုံးပါးအနက် ဆောင်းသည် အနုနယ် အငယ်ရွယ်ဆုံးဖြစ်လေသည်။

ဆောင်း၏ ညင်သာသော မြောက်ပြန်လေနှင့် သိမ်မွေ့သော နှင်းငွေ့ဖြူသည် နုပျိုသော သူတို့၏မျက်နှာများကို အေးမြလန်းဆန်းစေသည်။ မျက်နှာများကိုသာမက နှလုံးသားများကိုပါ အေးမြလန်းဆန်းစေသည်။ နှလုံးသားတို့မည်သည် အေးမြလန်းဆန်းသောအခါ၌ ဆောင်းကဲ့သို့ပင် အညွန့်အဖူးနှင့် အပွင့်အသီးတို့ကို ပေးတတ်၏။

နှလုံးသား၏ အညွန့်အဖူးတို့ကား ချစ်ခြင်းသမုဒယနှင့် ချစ်ခြင်းသမုဒယမှ နွယ်လာသော စေတနာ၊ ဝေဒနာ သဘောတို့ ဖြစ်ကြ၏။ ဤစေတနာ၊ ဝေဒနာ သဘောတို့က ခံစားမှုဆိုင်ရာ အနုပညာတို့ကို ပွင့်သီးပေးသည်။ ဆိုခဲ့သည့်အတိုင်း နံနက်စောစော၌ လမ်းလျှောက်ကြသောအခါ သိမ်မွေ့သော ဆောင်း၏အလှသည် သူငယ်ချင်းနှစ်ဦး၏ နှလုံးသားကို ဖမ်းစားသည်။

နှင်းငွေ့ငွေ့သည် ဖွေးသည်လည်း မမည်. . ရေးသည်လည်းမက မြေးမြေးမြမြမှု အစဉ်ရှိနေတတ်၏။ နေခြည်လက်သောအခါ သစ်ရွက်နှင့်မြက်ပင်တို့ထက်မှ ဆောင်း၏ ပုလဲတို့သည် ပြိုးပြက်ပြတတ်သည်။

ကဗျာသမား သက်ခိုင်က နှုတ်ဖျားတွင် အလွယ်တကူ သီးလာသော လင်္ကာတိုများကို ရွတ်ပြလေ့ရှိ၏။

တက္ကသိုလ်ရိပ်သာလမ်းပေါ်၌ ထင်ရှားသော ကဗျာဆရာကြီးတစ်ဦးနေသည့်အိမ် ရှိသည်။ ခရမ်းရင့်ရောင်ဆေးသုတ်ထားသော သစ်သားအိမ်ဖြစ်သောကြောင့် အနည်းငယ် ညို့ညို့မှိုင်မှိုင်နိုင်သည်။ အိမ်ဝင်းအတွင်းမှ သစ်ပင်ကြီးများကလည်း အုပ်အုပ်ဆိုင်းဆိုင်း ရှိလှ၏။ သက်ခိုင်ရော အေးဝင်းပါ မြတ်မြတ်နိုးနိုး ကျက်မှတ်ကာ အလွတ်ရထားသည့် ထိုကဗျာဆရာကြီး၏ လင်္ကာအချို့၌ နှစဉ်အခါက သမုဒယမုန်းတိုင်းဒဏ် ရိပ်ရိပ်ကို ခံစားတွေ့ထိရသည်။

ဤအိမ်ကြီးရှေ့ ရောက်တိုင်း သက်ခိုင်သည် ရွတ်လေ့ရှိ၏။

"ညို့ညို့မှိုင်းမှိုင်း၊ အုတ်အုတ်ဆိုင်းသည်၊ မုန်တိုင်းရိပ်မှ သူ၏အိမ်. . ."

တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းယားရိပ်သာလမ်းထောင့်၌ ကျောင်းသူကလေးများကို တွေ့ရမြဲ ဖြစ်၏။ အချို့ကမူ လမ်းထောင့်ရှိ အကြော်ဆိုင်၌ အကြော်လာစားကြသူများ ဖြစ်ကြ၏။

မိန်းကလေးတစ်ဦး လှ၊ မလှကို နံနက်စောစော အိပ်ရာထ၌ ကြည့်ရသည်ဟု ဆိုရိုးရှိသည်။ သက်ခိုင်တို့ နံနက်စောစော၌ တွေ့ခဲ့ရသော မိန်းကလေးတိုင်းသည် လှပနေကြသည်။ ပင်ကိုအလှရှိပြီးကြ၍ နံနက်စောစော ထရဲသူများချည်းလော မပြောတတ်၊ မပြုမပြင်ဘဲနှင့် ယဉ်ကြသူများချည်း ဖြစ်ကြသည်။ ဆောင်း၏ နံနက်၌ သူကလေးတို့၏ ပါးမို့များက နှင်းဆီသွေးကိုဆောင်ထားကြ၏။ သူကလေးတို့၏ မျက်လုံးများက သစ်ရွက်နှင့် မြက်ပင်တို့ထက်မှ ဆောင်း၏ ပုလဲများနှင့်ပြိုင်ကာ ပြိုးပြိုးပြက်ပြက်ဝင်းလက်သည်။

သက်ခိုင်၏ နှုတ်ဖျား၌ စာသား ကာရန်သည် အဆင်သင့်ရှိနေပြန်၏။

"လေးနွယ်မျက်မှောင်၊ ကော့မျက်တောင်နှင့်၊ ကြယ်ရောင်မျက်ရှင်၊ သည်သခင်ကို. . "

တစ်နံနက်ခင်း၌ သက်ခိုင်က ဤသို့ ရွက်သောအခါ အေးဝင်းသည် လှိုင်လှိုင်လှဲလှဲ ရယ်သည်။

"ဟော့ကောင် သက်ခိုင်. . မင်းပါးစပ်ထဲမှာ မိန်းကလေးလှလှလေးတွေအတွက် ရွက်ပြစရာ ကာရန်တွေ. . ကဗျာတွေ အမြဲရှိနေတယ် ထင်တယ်"

သက်ခိုင်ကမူ တည်ကြည်အေးချမ်းစွာနှင့် ရိုးသားစွာ ဝန်ခံသည်။

"ဟုတ်တယ် သူငယ်ချင်း၊ အမြဲရှိနေတယ်၊ ဟိရမ္မတိပေါက်၊ ပုရမ္မတိထိ၊ ဟိ၊ ဟသာ်တို့သည်၊ ပေါက်-ရေကန်၌၊ ရမ္မတိ-မွေ့လျော်၏။ ပု-ယောကျ်ားတို့သည်၊ ထိ-မိန်းမ၌၊ ရမ္မတိ-မွေ့လျော်၏. . တဲ့၊ အဲဒီတရား ရှိရက်သားနဲ့ ငါက မဟုတ်ပါဘူးလို့ငြင်းရင် ငါ လူညာဖြစ်နေမှာပေ့ါ"

"တော်စမ်းပါကွာ. . . မင်းက စကားလည်းတတ်၊ တရားလည်းဖတ်တာမို့ အနိုင်လုပြောမနေစမ်းပါနဲ့"

"ငါ အနိုင်လုပြောနေတာ မဟုတ်ပါဘူး သူငယ်ချင်း အမှန်ကိုဝန်ခံနေတာ၊ အလှအပဆိုတာကို ငါတော့ မြတ်နိုးတယ်၊ မိန်းကလေးတစ်ယောက်ရဲ့ အလှအပကိုတင်မကဘူး၊ ကမ္ဘာမြေလောကတစ်ခုလုံးက အလှအပတွေကို မြတ်နိုးတယ်၊ ကမ္ဘာမြေကြီးနဲ့ လောကကြီးက အလှအပတွေကို မြတ်နိုးပြီး ချီးမွမ်းတဲ့နေရာမှာ မင်းတို့ ငါတို့ ပါမွားတွေနဲ့ မနှိုင်းယှဉ်လောက်အောင်မြင့်မြတ်ဖြူစင်တော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်သခင်ကိုယ်တော်တိုင် ထိပ်ကပါတယ်"

"ဘာ. . . သက်ခိုင်၊ ဗုဒ္ဓက ကမ္ဘာမြေကြီးနဲ့ လောကကြီးက အလှအပတွေကို မြတ်နိုးချီးမွမ်းခဲ့တယ်"

"ဟုတ်တယ် အေးဝင်း၊ ငါ ရွက်ပြမယ်၊ ရတနသုတ်တော် ပါဠိပဲ။

ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိဂိမှေ၊ တထူပမံ ဓမ္မဝရံ အဒေသယိ၊ နိဗ္ဗာနဂါမိ ပရမံဟိတာယ၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အေးဝင်းရေ. . ငါ အနက်ပြန်ပြရဦးမလား"

"ပါဠိမှ ငါ မတတ်ဘဲ၊ ပြန်ပြမှပေ့ါကွ"

"အေး. . ငါပြန်ပြမယ်၊ အစအဆုံးတော့ မဟုတ်ဘူး၊ အစအဆုံးဆိုရင် မင်းပျင်းသွားမယ်၊ အဓိပ္ပာယ်ပေါက်ရုံပဲ၊ ဒီလို. . ဂိမှာန-ဒေါင်းငွေ့စကြာ၊ သူရိယာ၏၊ ရောင်ဝါပြင်းပြ၊ နွေလေးလတို့တွင်၊ ပဌမသ္မိဂိမှေ-ရှေးဦးအစ၊ နွေကာလဖြစ်သော၊ မာသေ-ရန့်သင်းထုံ၊ ရောင်ဆင်းစုံသည့်၊ ဖူးငုံရွက်ချပ်၊ ပန်းရင်ခတ်တို့၊ ပွင့်လတ်ခါထူး၊ လတန်ခူး၌၊ ဖုဿိတဂ္ဂေ-စွင့်စွင့်ကားကား၊ ပင်လုံးကျွတ် ပွင့်သောအဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ-ကြီးကျယ်ခမ်းနား၊ ပင်စုံပွား၍၊ မားမားမို့မို့၊ လေပြည်တို့လျှင်၊ ယို့ယို့ယိုင်ယိုင်၊ ရဂုံမြိုင်ထီး၊ တောအုပ်ကြီးသည်၊ သ-သီရိကော ယထာ-ရွှန်းရွှန်းအိအိ တင့်တယ်လှပသော အသရေရှိသကဲ့သို့၊ တထူပမံ-ထိုတောအုပ်ကြီး သဖွယ်. . တဲ့"

အေးဝင်းသည် လမ်းလျှောက်ရင်း ငြိမ်သက်စွာ နားထောင်လာ၏။

သက်ခိုင်၏ စကားဆုံးသွားပြီးနောက် အတန်ကြာစွာအထိ သူသည် ငြိမ်သက်နေသေးသည်။ ထိုနောက်မှ မေး၏။

"တောအုပ်ကြီးရဲ့ သဘာဝအလှကို ချီးမွမ်းထားပုံကတော့ အံ့စရာပါပဲ သူငယ်ချင်း။ ဒါပေမဲ့ ကိုယ်သိချင်တာက မင်း ရွတ်ပြတာမှာ တောအုပ်ကြီးသဖွယ်. . နဲ့ ဆုံးထားတယ်၊ တစ်နည်းအားဖြင့် တစ်စုံတစ်ခုကို တောအုပ်ကြီးနဲ့ နှိုင်းထားတယ်၊ အဲဒီ အနှိုင်းခံရတာက ဘာလဲ၊ တို့စာပေစကားနဲ့ ပြောရရင် တောအုပ်ကြီးက ဥပမာပဲ၊ ဒီတော့ ဥပမေယျက ဘာလဲ"

"အနှိုင်းခံရတာ သို့မဟုတ် ဥပမေယျကတော့ ကလျာဏ သုံးပုံ၊ သတ္တ. ဗျဉ္ဇန စတဲ့ ပန်းရန့်တွေနဲ့ပြည့်စုံတဲ့ သုံးပုံပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာလို့ အကျယ်ချဲ့ ဂုဏ်ဖွင့် ဆိုရမယ့် တရားတော်မြတ်ပါပဲ သူငယ်ချင်း. . "

အေးဝင်းက စဉ်းစားတွေးခေါ်စွာနှင့် ခေါင်းညိတ်ပြီး ဆို၏။

"ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ တရားတော်မြတ်ရဲ့ တင့်တယ်ပုံကို ငါ နားလည်တယ်၊ မင်း အခုရွတ်ပြတဲ့စာမှာက ဒီလိုတင့်တယ်ခြင်းမက တင့်တယ်လှတဲ့ တရားတော်ကို တောတောင်သဘာဝအလှနဲ့ နှိုင်းထားတာကို တွေ့ရတယ်၊ အင်း . . . ဟုတ်တယ်၊ မင်းပြောသလိုပဲ . . မြတ်စွာဘုရားရှင်သခင်ဟာ လောကမ္ဘာမြေရဲ့ သဘောဝအလှအပတွေကို ပယ်တော်မမူဘူး"

"ပယ်တော်မမူဘူး. . ဟုတ်တယ်၊ ဒီစကားကို ရွေးသုံးလိုက်တဲ့ မင်းကို ငါ ကျေးဇူးတင်တယ် သူငယ်ချင်း၊ ပယ်တော်မမူဘူး၊ ပယ်တော်မမူဘူး ဆိုတာက တပ်မက်သာယာတယ်လို့ ဆိုလိုတာ မဟုတ်ဘူး"

အေးဝင်းက နားမလည်ဟန် မျက်မှောင်တွန့်၍ သက်ခိုင်ကို ခေါင်းငဲ့ကြည့်သည်။

ထိုအချိန်တွင် သူငယ်ချင်းနှစ်ဦးမှာ စကားကောင်းလာကြသောကြောင့် ခရီးမည်မျှ တွင်လာကြသည်ကို သတိမပြုမိကြ။ သတိပြုမိချိန်၌ သက်ခိုင်သည် ဝင်ဒါမီယာပတ်(ခ်)လမ်းခွဲရှိ ရေစင်ကြီးကို မြင်ရ၏။

"လာကွာ. . အေးဝင်း၊ ဟိုရေစင်ကြီးအောက် သွားစကားပြောကြရအောင်"

သူငယ်ချင်းနှစ်ဦးသည် ရေစင်ကြီးအောက်နားရှိ အုတ်ခုံတစ်ခုထက်ထိုင်ကြ၏။ (ဆက်လက်ဖော်ပြပါမည်။)

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


MARITIME TRAINING CENTRE (PGI)

ဖော်ပြထားသည့် CoC အဆင့်များအတွက် သင်တန်းအပ်နှံနိုင်ပါပြီ

FOLLOWING TRANING COURSE ARE AVAILABLE

DMA Approved CoC Courses
1. Deck Officer Class I (Master)
2. Deck Officer Class I & II Combined (Master & Chief Mate)
3. Deck Officer Class III (OOW)

Ancillary Courses
1. Electronic Chart Display & Information System
2. Advanced Medical Care Course
3. Medical First Aid Course
4. Ship Security Officer Course

Revalidation Courses
1. Management Level Revalidation Course ( Mate & Master )
2. Operational Level Revalidation Course ( 2nd Mate )

No. (6), New Building, Dawbon Dockyard Road, Dawbon Township, Yangon.
Tel : +95-9-420184291
E-mail :myanmarpgi@gmail.com
mtc@myanmarpgi.com








**အမည်ပြောင်း**

အထက(ကတိုး)တွင် ပညာသင်ကြားနေသော အဖ ဦးမိုးသန်း၏သမီးဖြစ်သူ မဝတ်မှုံဦးအား မယွန်းဝတီကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မယွန်းဝတီကျော်

**မွေးသက္ကရာဇ်အမှန်**

နမ့်ခမ်းမြို့၊ အထက(၁) အဌမတန်း(D)မှ အဘ ဦးခင်မောင်၏သား မောင်အောင်နိုင်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၉-၂၀၀၃ဖြစ်ပါကြောင်း။

**တိုက်ခန်းအမြန်ရောင်းမည်**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၅) ရပ်ကွက်၊ လောင်းလုံလမ်း၊ နိကာယ်စာသင်တိုက်အနီး၊ တိုက်သစ်၊ အခန်းကျယ် ၉၅% ပြီး၊ အကျယ် (၁၉'×၅၄')

| | |
|---|---|
| ◆ မြေညီ | ၅၅၀ သိန်း |
| ◆ ဒုတိယထပ် | ၃၅၀ သိန်း |
| ◆ တတိယထပ် | ၃၂၀ သိန်း |
| ◆ စတုတ္ထထပ် | ၂၉၀ သိန်း |
| ◆ ပဥ္စမထပ်(A) | ၂၆၀ သိန်း |
| ◆ ပဥ္စမထပ်(B) | ၂၆၀ သိန်း |

ဖုန်း - ၀၉-၂၅၄၄၈၇၉၃၀ ၀၁-၈၅၅၀၉၈၇

**တိုက်ခန်းအမြန်ရောင်းမည်**

လူနေထိုင်ခွင့် BCC ကျပြီး၊ မေတ္တာနဒီဆောက်လုပ်ရေးပိုင်ရှင်ကိုယ်တိုင် တိုက်ခန်းများ ရောင်းချပါမည်။

* တောင်ဥက္ကလာပမြို့နယ်၊ ၁၂-ရပ်ကွက်၊ မာဃ(၁၂)လမ်း၊ မြေညီ-ခေါင်းရင်းခန်း (၁၁½'×၆၀') ၁၂'အမြင့် ၄၆၀ သိန်း
* သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ ဇမ္ဗူသိဂီလမ်း၊ မြေညီ၊ ဒုတိယထပ် (၁၂'×၅၀') ၃၂၀ သိန်း၊ ၂၄၀ သိန်း
* သဃ်န်းကျွန်းမြို့နယ်၊ သွပ်ပိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း၊ သုဝဏ္ဏသွားကောလိပ်ရှေ့အနီး၊ (၁၈'×၅၄') ၃-လွှာ၊ ၄-လွှာ၊ ၆-လွှာ ၃၈၅ သိန်း၊ ၃၄၀ သိန်း၊ ၂၉၀ သိန်း

ဖုန်း - ၀၉-၂၅၄၄၈၇၉၃၀၊ ၀၁-၈၅၅၀၉၈၇






မြန်မာနိုင်ငံရွေးကောက်ပွဲကာလ မီဒီယာ၏ အခန်းကဏ္ဍ ထွက်ပြီ

ELECTION & MEDIA

ဟံဝင်း (Y.U.D.E)

ARTICLE 19 အဖွဲ့၏ အာရှရေးရာ တာဝန်ခံ မစွတာ ဖော်လီဗာ ဗပင်စာ၏ အမှာစာနှင့်အတူ ......

မီဒီယာ သမားတိုင်းနှင့် လူ့အခွင့်အရေးအကြောင်း နားလည်လိုသူတိုင်းအတွက် ......................

ARTICLE 19 သည် ကမ္ဘာ့ ကုလသမဂ္ဂ၏ ကြေညာ စာတမ်းမှ အပိုဒ် (၁၉)ပါ လူတိုင်းလွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် ရှိရမည်ဟူသော အချက်ကို ကမ္ဘာ့နိုင်ငံအများအပြားတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော် ဆောင်ရွက်နေသော အဖွဲ့ဖြစ်ကြောင်း

မနောဖြူစာပေ - ဖုန်း - 09 73246980 ၊ 09 73043873

# အရင်းအနှီးဈေးကွက်မိတ်ဆက်နှင့်စတော့အိတ်ချိန်းသင်တန်း မော်လမြိုင်ကုန်စည်ဒိုင်ခန်းမကြီးတွင် ဖွင့်လှစ်မည်

**မော်လမြိုင် စက်တင်ဘာ ၁၉**

အများပိုင်ကုမ္ပဏီထူထောင်၍ စတော့ဈေးကွက်တွင် အရင်းအနှီးရှာလိုသော လုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာနှင့် မြန်မာ့ ရွှေ၊ ငွေ၊ ကြေးဈေးကွက်တွင် ဝင်ရောက်လိုသောသူများ၊ ပြည်တွင်းမှနေပြီး ရွှေ၊ ငွေ၊ ကြေးနှင့် စတော့ဝယ်ရောင်းလုပ်လိုသော လုပ်ငန်းရှင်များနှင့် အကျိုးဆောင်ကြီးများ၊ လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူနားလည်တတ်ကျွမ်းစေရန်ရည်ရွယ်လျက်မွန်ပြည်နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအသင်းနှင့် Myanmar Golden Link တို့ပူးပေါင်း၍ .Introduction to Capital Market and Stock Exchange. အရင်းအနှီးဈေးကွက်မိတ်ဆက်နှင့် စတော့အိတ်ချိန်းသင်တန်းကို ၂၀၁၅ စက်တင်ဘာ ၂၇ ရက်မှ ၂၈ ရက်ထိ မော်လမြိုင်ကုန်စည်ဒိုင်ခန်းမကြီးတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အခြေခံဈေးငွေနှင့် အရင်းအနှီးကို ခွဲခြားနားလည်ခြင်း၊ ပိုင်ဆိုင်မှုဖြင့် အရင်းအနှီးရှာခြင်း၊ စတော့ဈေးကွက်တင်ခြင်း၊ ရွှေ၊ ငွေ၊ ကြေးနှင့် စတော့ရှယ်ယာများ ရောင်းဝယ်ခြင်း မိတ်ဆက်၊ CFDs နည်းအသုံးပြုပြီး ရွှေ၊ ငွေ၊ ကြေး ရောင်းဝယ်ခြင်း၊ အွန်လိုင်းအသုံးပြုလျက် နိုင်ငံတကာငွေကြေးများ ရောင်းဝယ်ခြင်း စသည့်ဘာသာရပ်များကို လက်တွေ့လုပ်ကိုင်နေသောလုပ်ငန်းရှင်များက စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်မည့်သူများသည် အွန်လိုင်း၊ အင်တာနက်အသုံးပြုတတ်သူများ ဖြစ်ရန်လိုအပ်ပြီး သင်တန်းတက်ရောက်ပါက အင်တာနက်ပါအသုံးပြုနိုင်သော ဖုန်း (သို့) တက်ဘလက် (သို့) လက်တော့ပ်ယူဆောင်လာရန်လိုအပ်ပါသည်။

သင်တန်းသားများထဲမှ လက်တွေ့စမ်းသပ်လုပ်ကိုင်လိုသူများကို Demo Account ဖွင့်ပေးခြင်း ဆောင်ရွက်ပေးပါမည်။ တန်းခွဲတစ်ခုလျှင် လူဦးရေ ၃၀ သာ လက်ခံမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းထားရန်လိုအပ်သည်။ အသေးစိတ်သိရှိလိုလျှင်သော်လည်းကောင်း၊ စာရင်းပေးသွင်းလိုလျှင်သော်လည်းကောင်း မော်လမြိုင်ကုန်စည်ဒိုင် ဝ၅၇ ၂၅၇၂၂ လိုင်းခွဲ ၅၂၀၊ ၂၆၆ Myanmar Golden Link ဝ၉ ၉၇၄၄ ၁၈၄၄၄ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **ဇော်မင်းထွန်း**

# ကမာရွတ်မြို့နယ် ကမာရွတ်တံတားအဆင်း ကားသုံးစီးတိုက်မှုဖြစ်



**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကမာရွတ်ခုံးကျော်တံတားအဆင်း ပြည်လမ်းမပေါ်တွင် ကားသုံးစီးတိုက်မှုတစ်ခု စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ရာ school bus အမည်ရှိကား၏ အရှေ့ဘယ်ဘက်တွင်လိုက်ပါလာသူ အမျိုးသမီးတစ်ဦး၏ ခြေထောက်မှာ ကားအရှေ့ဘက်တိုက်မိထားသောတံခါးဖြင့် ညပ်နေ၍ ခရီးသွားပြည်သူများ၏ ဝိုင်းဝန်းကူညီမှုဖြင့် ဆွဲထုတ်ကာ ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

တိုက်မိသောကားပေါ်ပါသူများ ထိခိုက်မှုမရှိကြောင်းနှင့် school bus နှင့် ဆလွန်းကားတို့မှာ ခုံးတံတားပေါ်မှဆင်းလာပြီး ဘယ်ဘက်သို့အကွေ့ မင်္ဂလာဒုံဘက်မှ မြို့တွင်းဘက်သို့မောင်းနှင်လာသော ကုန်တင်ကားက ခုံးတံတားအနီးအရောက် ညာဘက်သို့အကွေ့တွင် တိုက်မိကြပြီး school bus အနောက်မှကပ်လိုက်လာသော ဆလွန်းကားမှ ထပ်မံတိုက်မိခဲ့ကြောင်း ဆလွန်းကားပေါ်တွင်ပါလာသူက ပြောသည်။ **(၆၉၀)**

# ကော့သောင်း–ရနောင်း နှစ်နိုင်ငံ နယ်စပ်လူကုန်ကူးမှုများ ပူးပေါင်း တိုက်ဖျက် ရေး ဆိုင်ရာ ဆက်ဆံရေးရုံး (BCATIP) အစည်းအဝေးပြုလုပ်

**ကော့သောင်း စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့ နှစ်နိုင်ငံနယ်စပ်လူကုန်ကူးမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာဆက်ဆံရေးရုံး (BCATIP) အစည်းအဝေးတစ်ရပ်ကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ သူဌေးကွန်း Grand Andaman Hotel တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် အိမ်ရှင်မြန်မာနိုင်ငံ၊ ကော့သောင်း-ရနောင်း (BCATIP) ဥက္ကဋ္ဌ ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဦးနှင့် ထိုင်းနိုင်ငံလူ့ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားလုံခြုံရေးမူဝါဆိုင်ရာဌာန ရနောင်းခရိုင်ဌာနမှူး၊ ရနောင်း-ကော့သောင်း (BCATIP) ဥက္ကဋ္ဌ မစ္စဆူပါပွန် နာနာကာရာ Ms.Supaporm Na Nakara တို့က အသီးသီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်ကြသည့် ကော့သောင်း-ရနောင်း နှစ်နိုင်ငံနယ်စပ် လူကုန်ကူးမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ NGO အဖွဲ့များက နှစ်နိုင်ငံနယ်စပ်အတွင်း လူကုန်ကူးမှုပြဿနာများ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ကိစ္စများအား အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးအား မြန်မာ-ထိုင်း နှစ်နိုင်ငံ အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံ၍ ကျင်းပခြင်းဖြစ်သည်။ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် ဖြစ်ပွားလေ့ရှိသည့်လူကုန်ကူးမှုပြဿနာများ၊ တစ်ဖက်နိုင်ငံအတွင်းတရားဝင် ဝင်ရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားနှင့် အလုပ်ရှင်ပြဿနာများ၊ ငါးဖမ်းလှေလုပ်သားပြဿနာများ၊နယ်စပ်ဖြတ်ကျော်မှုခင်းကိစ္စများ ၊ နယ်စပ်ဖြတ်ကျော်၍ နှစ်နိုင်ငံလုံးတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် Boat People ပြဿနာများ မဖြစ်ပေါ်ရေး ညှိနှိုင်းခဲ့သည်။ **ကျော်စိုး(ကော့သောင်း–ပြန်/ဆက်)**

# မြေပဲသီးနှံ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲပြုလုပ်

**ချောင်းဦး စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာတွင် စိုက်ပျိုးထားရှိသည့် မြေပဲသီးနှံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးကြည်၊ ချောင်းဦးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းလှက တောင်သူဦးစိန်မြ၏ ကွင်းအမှတ် (၂၀၃၈) ဦးပိုင်အမှတ် ၅၀/၁ ၏ မြေပဲသီးနှံ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်တွင် ဆင်းပဒေသာ (၇)၊ ဆင်းပဒေသာ (၁၁)၊ ဆင်းပဒေသာ (၁၂) YZG 98017 မကွေး(၁၀) တို့အား စံနမူနာအဖြစ် မြေပဲပင်များအားနုတ်ပြပြီး ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာသော တောင်သူများက ဆင်းပဒေသာ (၁၁) မြေပဲသီးနှံမှာ အခြားမျိုးများထက် ပို၍ဥများဥသည့်အတွက် ဆင်းပဒေသာ (၁၁) ကို ကြိုက်နှစ်သက်ပြီး စိတ်ဝင်စားသည်ဟု ပြောသည်။ **ယုယုဝင်း**

ရင် ခုန် လှုပ် ရှား ၂၀၁၅ ခ ရီး စဉ် များ

ကမ္ဘာပတ်မယ် အားလပ်ရက် များဝယ်

| | | |
|---|---|---|
| အမေရိကား | 9 DAYS, 15 DAYS | [ OCT 21/DEC ] |
| ဥရောပ (၆) နိုင်ငံ | 14 DAYS | [ OCT 24/NOV/DEC ] |
| အင်္ဂလန် + စကော့တလန် | 9 DAYS | [ NOV/DEC ] |
| နယူးဇီလန် | 8 DAYS | [ DEC ] |
| ဂျပန် | 8 DAYS | [ OCT 24/DEC ] |
| ဘန်ကောက် | 6 DAYS | [ OCT 25/NOV/DEC ] |
| စင်္ကာပူ | 5 DAYS | [ OCT 27/NOV/DEC ] |
| ဩစတြေးလျ | 8 DAYS, 15 DAYS | [ NOV ] |

UNITED TREASURE Travel Co., Ltd. | IMPACT MYANMAR

THAN THAN : 09 250 510 206, 09 97 8767 112 | WIN WIN : 09 731 77936, 09 516 5219, 09 730 43892

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-6809893
09-6819020

ဟာသချစ်သော ပြည်သူများအတွက် ....
ရုပ်ရှင်နှင့်ဗီဒီယို 'ဟာသ'သရုပ်ဆောင် စံလင်းတို့ အငြိမ့်အဖွဲ့
လူရွှင်တော်များ
+ စံလင်း + လိပ်ပမ + စပ်ဖြူ + ဇာတာ + ဩဇာသီး
မင်းသမီး + ဖြူစင်ဝင်းရှိန်
ဆိုင်း: စိန်မြအေး ဂီတမှူး: K13 နှင်းအောင်
လှူဒါန်းပွဲ၊ ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူမင်္ဂလာပွဲ၊ ကုမ္ပဏီ Promotion ပွဲများအတွက်
ဆက်သွယ်ရန် ▸ ဝ၉ ၇၉၉၆၀၂၀၀၄ ၊ ဝ၉ ၂၅၀၅၁၂၁၇၆
အမှတ်-၅၈၄၊ ယုဇနလမ်းမကြီး၊ ၂/ရွှေထိပ်၊ မြောက်ဥက္ကလာပ

Job Vacancy
DFM Brand New Car showroom

1. Car Service Technician (စက်ပြင်ကျွမ်းကျင်) ကျား (၄)ဦး
2. Sales Staff မ (၄)ဦး
3. Receptionist မ (၁)ဦး
4. Admin Staff ကျား (၁)ဦး

၁၉၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း 01-2304801, 01-2304802
Email: dfm.hrdpt.mm@gmail.com

ရောင်းမည်။
အင်းဝအိမ်ရာ
တိုက် (၃၅)၊ ပထမထပ် ၊ ၇၅၀ စ/ပေး
09-262961226 , 09-73116105

ရောင်းမည်
ဘုရင့်နောင်မြေကွက် အင်ကြင်းလမ်းနှင့်ခရေလမ်းထောင့်
ကျန်စစ်သားလမ်းမပေါ် ရွှေဥက္ကံဈေး၊ 60'x40' ထောင့်ကွက်
09 5001920, 09 799991920

ဦးအာကာမင်းခန့်(ခ)ဦးအောင်ကျော်မိုး
[၁၁/မပန(နိုင်)ဝ၇၅၁၃၇] နှင့်အများသိစေရန်

ဦးအာကာမင်းခန့်(ခ) ဦးအောင်ကျော်မိုး (အဖ) ဦးမောင်ချို [၁၁/မပန(နိုင်) ဝ၇၅၁၃၇] ကိုင်ဆောင်သူသည် ကျွန်ုပ်တို့ကုမ္ပဏီတွင် SAQ Engineer ရာထူးဖြင့် ၇-၅-၂၀၁၅ရက်မှစ၍ တာဝန်ထမ်းဆောင်ခဲ့ပြီး ၃၀-၆-၂၀၁၅ရက်တွင် သက်ဆိုင်ရာဌာနသို့ ဆက်သွယ်အကြောင်းကြားခြင်းမရှိဘဲ အလုပ်မှနှုတ်ထွက်သွားပါသည်။ ၎င်းအား လုပ်ငန်းအတွက်ပေးအပ်ထားသော လုပ်ငန်းသုံးပစ္စည်းအချို့နှင့် စာရွက်စာတမ်းများကို ရှင်းလင်းသွားခြင်းမရှိသောကြောင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန် အသိပေးအပ်ပါသည်။

ဖုန်း ဝ၉-၅ဝ၂၄၁၁၇၊ ဝ၉-၇၃ဝ၈ဝ၇၄၅

MYANMAR SEARCH INT'L — Knowledge . Career . Family
Your future is accessable
with MSI for PSB Academy's study grant

Accounting & Finance,
Business & Communications,
Engineering & IT,
Hospitality & Tourism,
Life & Physical Sciences

Date : 23. Sep. 2015
Time : 4:30 pm - 6:30 pm
Place : MSI Office

University Partners
- Coventry University
- Edinburgh Napier
- Loughborough
- La Trobe
- University of London
- Newcastle
- Wollongong

psb Academy | edutrust SINGAPORE

Intake : November 2015 Only
S$1,000 study grant*
Coventry University
Bachelor of Science (Honours) Computer Science
- Top 15 UK Universities
- Modern University of the Year
- University of the Year for Student Experience

No.234, 2nd Floor (Right), Shwebontha Street (Middle Block), Pabedan Township, Yangon
MSI 09 510 3915, 01 250 929, 01 389 915
www.msieducation.com Facebook : MyanmarSearchInternational

## အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အတွင်း ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ရက်ကလှိုင်းဘွဲ့မြို့နယ် ကွမ်ဘီကျေးရွာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်လှစ်ရာ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်ခိုင်ခိုင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇေယျာလှိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်၊ မြို့နယ်ကျေးလက်ဦးစီးမှူးဦးသိန်းစိုးနှင့် ဝန်ထမ်းများ၊ သင်တန်းသားများတက်ရောက်ကြသည်။ အဆိုပါ သင်တန်းသို့သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

**(ကျေးလက်ဦးစီး)**

ဖတ်စရာ

## မြန်မာမှုလက်ရာများနှင့် ဂုဏ်ယူဖွယ်တည်ရှိနေသော ရွှေအင်ပင်သစ်သားကျောင်းတိုက်

**à တိမ်တမန်**



မန္တလေးမြို့သို့လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များ အများဆုံးလာရောက်လေ့လာသော မြန်မာမှုသစ်သားကျောင်းတော်နှစ်ကျောင်းရှိသည်။ ထိုကျောင်းမှာ ရွှေနန်းတော်ကျောင်းနှင့် ရွှေအင်ပင်ကျောင်းပင်ဖြစ်သည်။ ရွှေအင်ပင်ကျောင်းသည် လက်ရှိကာလအထိ သန့်ရှင်းသပ်ရပ်စွာ တည်ရှိနေသောကျောင်းပင်ဖြစ်သည်။

ကျောင်းအတွင်းဝင်လိုက်သည်နှင့် ခံ့ထည်ဝါသော သရက်ကင်းလှေကားရှစ်စင်းတပ်ထားသည့် ကျောင်းဆောင်ကို လှပခန့်ညားစွာ တွေ့မြင်ရသည်။ ကျောင်းဦးပြသာဒ်ဆောင်၊ စနုဆောင်၊ စေတဝန်ဆောင်နှင့် ဘောဂဆောင်များကို သစ်သားဖြင့်တည်ဆောက်ကာ မြန်မာမှုမြန်မာ့ဟန်အမွမ်းအပြောက် ပန်းပုများဖြင့် တည်ဆောက်ထားသည်။ ထူးခြားသည့်ပုံစံမှာ ဘောဂဆောင်၊ အာရုံဆောင်၊ စေတဝန်ဆောင်တို့ကို ပေါင်းကူးဆက်သွယ်ထားသည့် ရှားပါးလက်ရာများရှိသည့်ကျောင်းတော်ကြီးပင်ဖြစ်သည်။

ရွှေအင်ပင်ကျောင်းသည် ရတနာပုံခေတ်နှောင်းပိုင်းလက်ရာဖြစ်ပြီး တရုတ်သူဌေးဦးစက်ရှင်နှင့် ဒေါ်ဘွားတို့က လှူဒါန်းထားသောကျောင်းဖြစ်သည်။ ကျောင်းတော်ကြီးမှာ ဂုံးဆောင်စနစ် တပ်ဆင်ထားသောကျောင်းဖြစ်ပြီး လက်ရန်း၊ စက်လုံးများ၊ အမွှမ်းပန်းလက်ရာများကို လေ့လာနိုင်သည်။ ရတနာပုံခေတ်နှောင်းလက်ရာဖြစ်ကာ ၁၂၅၇ ခုနှစ် ခရစ်သက္ကရာဇ် ၁၈၉၅ တွင် ဆောက်လုပ်ခဲ့ပြီး တိပိဋကဓရ ရွှေအင်ပင်ဆရာတော်ဘုရားကြီး ဦးဇဝနဓဇအား လှူဒါန်းခဲ့သောကျောင်းတော်ကြီးဖြစ်ပြီး သီပေါမင်းပါတော်မူပြီး ၁၀ နှစ်အကြာတွင် ဆောက်လုပ်ခဲ့ကြောင်းသိရသည်။

ရွှေအင်ပင်ကျောင်းမှာ တိုင်ပေါင်း ၁၅၄ တိုင်ရှိပြီး တိုင်ထိပ်များတွင် ရွှေကျောင်းတော်ကြီးကဲ့သို့ စကျင်ကျောက်တိုင်ဖုံးများပါရှိသည်။ မန္တလေးမြို့တွင် မြန်မာမှုလက်ရာ ရွှေကျောင်းတော်ကြီးပြီးလျှင် မြန်မာရှေးလက်ရာ ပန်းပုရုပ်အများဆုံးတပ်ဆင်ထားသော မြန်မာမှုလက်ရာ စံပြကျောင်းတစ်ကျောင်းပင်ဖြစ်သည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံရောက် နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးသဘောကျကာအများဆုံး လာရောက်လေ့လာသော သန့်ရှင်းသပ်ရပ်သည့်မြန်မာမှုကျောင်းတော်ကြီးအဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေသည်။

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများပိုမိုလုပ်ဆောင်နိုင်ရန် ဆွေးနွေး

**မြင်းခြံ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဝန်ထမ်းများအနေဖြင့် စာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးပွားရေး၊ စာပေရေချမ်းစင်များတွင် ရောက်ရှိလာသည့်စာအုပ်များ ဖြည့်ဆည်းပေးရေး၊ ထူးခြားဖြစ်စဉ်သတင်းများကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ရေး၊ ထုတ်ပြန်ရေးစသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဝန်ထမ်းများသက်သာချောင်ချိရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ယင်းနောက် မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်က မြင်းခြံခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် လုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည် ။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် ဆွေးနွေးပွဲသို့ မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံမြို့နယ်ဦးစီးမှူးများနှင့် မြင်းခြံခရိုင်ရုံးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲ မိုးနဲမြို့တွင်ပြုလုပ်

**မိုးနဲ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကလေးသူငယ်နှင့် အမျိုးသမီးများ လူမှောင်ခိုနှင့် လူကုန်ကူးမှုမရှိစေရေး အတွက်ရည်ရွယ်၍ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ကမ္ဘောဇခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လင်းခေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် မိုးနဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းဝင်းမင်းထွန်းက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်ဝင်းနိုင်က လူမှောင်ခိုနှင့် လူကုန်ကူးမှုများ မြို့နယ်အတွင်း မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ် လုပ်ဆောင်သွားရမည့် လုပ်ငန်းများအကြောင်းကိုလည်းကောင်း ပညာပေးရှင်းလင်းဟောပြောခဲ့ကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသော မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ၊ဒေသခံအမျိုးသမီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အ. ထ. ကမှ အထက်တန်းကျောင်းသူများအား လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

Amazing Travels
ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ(6D/5N)-$450
ဗန်ကောက်-ဖူးခက်(6D/5N)-$480
ဖူးခက်သီးသန့်(4D/3N)-$ 320
စင်ကာပူသီးသန့် (5D/4N)-$540
အမှတ်၁၄၉(D)မြကန်သာလမ်း၊(၁၀)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်
09-783877711 , 09-783877710 , 09-73233255

**ကန့်ကွက်နိုင်ပါသည်**

ဒေါ်မျိုးမျိုးအေး[၁၄/လပတ(နိုင်)၁၁၃၂၃၇]နှင့် ဒေါ်စန်းစန်းမြင့်[၁၂/ဥကမ(နိုင်)၁၀၈၈၇၃၃] ကိုင်ဆောင်သူနှစ်ဦးပိုင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၇၉)၊ (၃)လွှာ၊ ခြေရင်းခန်းတိုက်ခန်းအား ကျွန်တော် သျှိုင်းရောဇော်[၁၂/သကတ(ဧည့်)၀၀၀၀၉၁]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို တရားဝင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ဦးသျှိုင်းရောဇော်[၁၂/သကတ(ဧည့်)၀၀၀၀၉၁] ဖုန်း ၀၉-၅၄၀၈၄၃၅

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ကိုဝင်းနိုင်
ဒေါင်းမင်း Travels
(၆၃)ကြိမ်မြောက်
အဘထွက်ပွဲ(သီးသန့်) 30000
ပုပ္ပါး၊ ပုဂံ၊ မခုတ္တူ၊ နေပြည်တော် 45000
ကားမျိုးစုံစီးလုံးငှားစီစဉ်ပေးသည်။
09-425355758, 09-31090443

**အမှတ်-၃၂၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၃)ထပ်အဆောက်အအုံ၏ အလွှာအသီးသီးကို လက်ဝယ်ထားရှိသုံးစွဲနေသူများသိစေရန်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊မြေတိုင်းရပ်ကွက်အမှတ်-၁၃အီး၊ မြေကွက်အမှတ်-2nd N ¼ of II၂၄ မြေပိုင်မြေအမျိုးအစား၊ မြေကွက်အကျယ်ပေ(၂၅×၆၀)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် လူငယ်များကြီးပွားရေးအသင်း (Society for the Improvement of Youths)အမည်ဖြင့် မှတ်သားထားရှိပါသည်။ အဆိုပါမြေပေါ်တွင် အမှတ်(၃၂၅)၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ဟုခေါ်တွင်သော (၃)ထပ်တိုက်အဆောက်အအုံတစ်ခု တည်ရှိပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံတို့သည် လူငယ်များကြီးပွားရေးအသင်းက ဥပဒေနှင့်အညီ ပိုင်ဆိုင်ပါသည်။ ယခုအခါလူငယ်များကြီးပွားရေးအသင်းကို ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်း မှတ်ပုံတင်ပြီးဖြစ်၍ အသင်းအုပ်ချုပ်ရေးတာဝန်ရှိသူများက အဆိုပါ အဆောက်အအုံကို မိမိတို့အသင်းရုံးအဖြစ် ပြန်လည်အသုံးပြုဆောင်ရွက်လိုကြောင်းနှင့် ဥပဒေနှင့်အညီလိုအပ်သည်များကို ဆောင်ရွက်ပေးပါရန်ကျွန်ုပ်တို့ဥပဒေလုပ်ငန်း၌အပ်နှံထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆောက်အအုံအားလက်ဝယ်ထားရှိ အသုံးပြုနေသည့်မည်သူမဆို မိမိတို့သည် မည်သည့်အခွင့်အရေးဖြင့် နေထိုင်သုံးစွဲနေကြကြောင်း ခိုင်လုံသည့်စာချုပ်စာတမ်း မူရင်းနှင့်အတူ ဓာတ်ပုံမိတ္တူများဖြင့် ၂၁-၉-၂၀၁၅ရက် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံ မပျက်မကွက် လာရောက်တွေ့ဆုံကြပါရန်ကမ်းလှမ်းဖိတ်ခေါ်အပ်ပါသည်။

အဆောက်အအုံ၏ အလွှာအသီးသီးကို လက်ရှိထားသုံးစွဲနေသူများအနေဖြင့် သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံခြင်းမရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းတစ်စုံတစ်ရာမျှ မရှိဘဲ အသင်းပိုင်အဆောက်အအုံအား လက်ဝယ်ထားသုံးစွဲနေသူများအဖြစ် မှတ်ယူ၍ဥပဒေနှင့် အညီ လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | | |
|---|---|---|---|
| ဦးအောင်နိုင် | ဒေါ်လက်လက်လင်း | ဦးအောင်ညဏ်မင်း | ဒေါ်အေးသဲခိုင် |
| စဉ်-၉၃၅၈ | စဉ်-၂၉၄၃၅ | စဉ်-၂၉၈၉၁ | စဉ်-၄၁၃၅၄ |
| တရားလွှတ်တော်ရှေ့နေ | (အထက်တန်းရှေ့နေများ) | | |

**"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ်(၁၀၁)ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)**
**စစ်ကိုင်းခရိုင်တရားရုံး၊ နယ်တရားမရုံး၌**
**၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂**

ဒေါ်တင်တင်ဦး(ခ)စွန်ဒရီး နှင့် ဦးကိုကိုကြီး
(တရားလို) (တရားခံ)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၂၆၁)၊ ၆၃ရပ်နေ ဦးကိုကိုကြီး[၉/မနတ(နိုင်)၁၀၅၇၄၉] (ယခုနေ ရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလိုဒေါ်တင်တင်ဦး(ခ)စွန်ဒရီးက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း သီးခြား ဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံ့ အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ အောက်တိုဘာ လ ၉ ရက် (၁၃၇၇-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
ခရိုင်တရားသူကြီး၊ စစ်ကိုင်းခရိုင်တရားရုံး

**ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ**
၂၀၀၃ intake ဒဂုံတက္ကသိုလ်၊ ဘူမိဗေဒဌာန
ကျောင်းသား/ကျောင်းသူဟောင်းများ

ဆက်သွယ်ရန်
မောင်ဇွန်ဇွန်နိုင် - 09254046273
မောင်ရဲသီဟ - 09254210933
မောင်အောင်ထက်နိုင် - 093159585
မောင်နိုင်လွင်ထူး - 09252240939
မောင်နေမျိုးနောင် - 09979296214
မထွေထွေအောင် - 09420013488
မသူသူအောင် - 0943030922
မအိအိဇော် - 09257323767
မနေခြည်သွေး - 09421095425
မစုမွန်အေး - 09442073994
မတင်မျိုးလှိုင် - 09780153050

နေ့ရက်
၆. ၂. ၂၀၁၆
(စနေနေ့)
အချိန်
ညနေ - ၅ : ၀၀
နေရာ
ရွှေရှမ်းကန်
(Uni. Boat Club)

ဒီနေ့ ဒီအချိန်မှာ တစ်ကျောင်းတည်းထွက်သူငယ်ချင်းများတို့ ဆရာ/ဆရာမတွေကိုကန်တော့ရင်း စင်မင်ရင်နှီးစွာပြန်လည်ဆုံကြမယ်နော် . . . . .

အထက်ဖော်ပြပါအဖွဲ့ဝင်များထံတွင် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါသည်။
ဆက်သွယ်လှူဒါန်းနိုင်သည့် ဘဏ်စာရင်းနံပါတ် = 0291220032429 (KBZ Bank Myaynigone Branch)

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၀)ရပ်ကွက်၊ အမှတ်(၆၆၇)၊ (40'×60')မြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသိန်းဦးဘိုစော[၁၂/ဒဂန(နိုင်)၀၀၇၄၃၆]ထံမှ ကျွန်မ ဒေါ်ခင်မော်ဦး[၁၂/သကတ(နိုင်)၀၆၆၀၅၃]မှ ဝယ်ယူရန် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်နှင့် စာချုပ်စာတမ်းအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အဆိုပါမြေကွက်အား ဥပဒေနှင့်အညီ အပြီးအပိုင်ငွေ ပေးချေဝယ်ယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မော်ဦး[၁၂/သကတ(နိုင်)၀၆၆၀၅၃]
ဖုန်း ၀၉-၅၄၀၈၄၃၅

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်သက်မွန်[၁၂/လကန(နိုင်)၁၄၃၆၅၂]၏ PP.No ၇၈၃၈၆၉သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၁၈၀၆၆၇

## ရွေးကောက်ပွဲမဲစာရင်းအား ဆုတ်ဖြဲသူကို ဖမ်းဆီးအရေးယူ

**ပုသိမ်ကြီး စက်တင်ဘာ ၁၉**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ပုသိမ်လေးကျေးရွာအုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်းတွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပုသိမ်လေးကျေးရွာအတွင်းရှိ ပြည်သူများ၏ မဲပေးခွင့်ရှိသူအမည်စာရင်းအားစာရွက်ပေါင်း ၆၈ ရွက်ဖြင့် ကပ်ထားခဲ့ရာ စက်တင်ဘာ ၁၆ ရက် ည ၇ နာရီခွဲခန့်တွင် အဆိုပါစာရွက်များအနက် ၅၄ ရွက်အား ဆုတ်ဖြဲခံခဲ့ရသည်။

သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်း ကြာနီကန်ရဲကင်းမှူး ဒုရဲအုပ်ဇေလတ်နှင့်အဖွဲ့က သွားရောက်စုံစမ်းရာ ဆုတ်ဖြဲသွားသူမှာ ၎င်းကျေးရွာနေ ဝေဠု (၁၉)နှစ် ဆေးသုတ်လုပ်သားနှင့် လှမျိုးကျော် (၁၈)နှစ် ဆေးသုတ်လုပ်သားတို့ဖြစ်ကြောင်း သိရသဖြင့် ပုသိမ်လေးကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက တိုင်တန်း၍ ဝေဠုနှင့် လှမျိုးကျော်တို့အား ပုသိမ်ကြီးမြို့မရဲစခန်းက (ပ) ၂၄၀/၂၀၁၅ ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (က) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# CDA နှင့် IRFC တို့ ပူးပေါင်း၍ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

**အင်္ဂပူ စက်တင်ဘာ ၁၉**

လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (CDA)သည် နိုင်ငံတကာကြက်ခြေနီအသင်း (IRFC) နှင့်ပူးပေါင်းပြီး ရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အင်္ဂပူမြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက လူမှုဖွံ့ဖြိုးတိုးတက်ရေးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းများဖက်ဒရေးရှင်း (မြန်မာရုံး) Consultand ဦးအောင်ကိုက ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာမှ အလှူရှင်များရှာဖွေပြီး ဆောင်ရွက်မည်ဖြစ်၍ ဒေသခံလူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆွေးနွေးခဲ့ပြီး တက်ရောက်လာသောဒေသခံလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများကလည်း ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## တီးတိန်မြို့ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်လှူဒါန်း



**တီးတိန် စက်တင်ဘာ ၁၉**

လွန်ခဲ့သောဇူလိုင်လကုန်နှင့် ဩဂုတ်လပထမပတ်အတွင်း ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာပေါင်း ၂၄ ရွာမှ အိမ်ခြေပေါင်း ၄၄၀ ခန့်သည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုကြုံတွေ့ခဲ့ရသည်။ အချိန်အားဖြင့် တစ်လကျော်ကြာမြင့်နေပြီဖြစ်သော်လည်း အချို့မှာ တီးတိန်မြို့ကယ်ဆယ်ရေးစခန်းတွင် ဆက်လက်နေထိုင်လျက်ရှိကြောင်း သိရသည်။

ကလေးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာထွမ်ခန့်ဆွမ်၊ တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံမှ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာပေါင်လမ့်ထွန်းတို့သည် စက်တင်ဘာ ၁၇ ရက်က ငွေကျပ် ၃ သိန်းကျော်တန်ဖိုးရှိ သွားတိုက်ဆေးနှင့် သွားတိုက်တံတို့ကို သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် လှူဒါန်းပေးခဲ့ရာ တီးတိန်မြို့ ကယ်ဆယ်ရေးစခန်းရှိ စခန်းတာဝန်ခံများက လက်ခံရယူခဲ့ကြသည်။

**ဇိုဟေဆာ**

## မဲစာရင်းတွင် အမည်ပါဝင်ပြီး နိုင်ငံသားကတ်ပြားမရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေး

**မောက်မယ် စက်တင်ဘာ ၁၉**

မိုးပွင့်အထူးစီမံချက် အမှတ်-၂အရ မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လ. ဝ. ကမှူး ဦးညီလေးနှင့်ရုံးဝန်ထမ်းများသည် မဲစာရင်းတွင် အမည်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်းမရှိသေးသောသူများအား ကျေးရွာများသို့ စက်တင်ဘာ ၁၄ ရက်တွင် ဟန်နားကျေးရွာ၊ ၁၅ ရက်တွင် မြလွန်ကျေးရွာသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးပွင့်အထူးစီမံချက် အမှတ်-၂ တွင် ဟိုလ္လိုင်ကျေးရွာအုပ်စုနေ ရှမ်း၊ ပအိုဝ်းတိုင်းရင်းသားလုပ်သားပြည်သူ ၅၀ ခန့်အား (၁၀) နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်၊ လဲလှယ်နှင့် မိတ္တူ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသေးသည့် မဲစာရင်းတွင်အမည်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်းမရှိသေးသူများရှိသည့် ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လ. ဝ. က ဝန်ထမ်းများမှတစ်ဆင့် သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မုံရွာဗောဓိတစ်ထောင်နယ်မြေ လှည်းဒါးကျေးရွာမှ အမြွှာညီမသုံးဦးအား ပညာသင်ထောက်ပံ့ကြေးငွေ လွှဲပြောင်းပေးအပ်

**မုံရွာ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တ) ကျေးရွာအုပ်စု လှည်းဒါးကျေးရွာမှ အမြွှာညီအစ်မသုံးဦးအား ပညာသင်စရိတ်အတွက် အနယ်နယ်အရပ်ရပ်မှ ပညာဒါနပြုလိုသူများက ပညာသင်ထောက်ပံ့ငွေများ ပေးပို့ကြကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အသီးသီး၏ ထောက်ပံ့ငွေများ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာရှိ အမှတ်(၁၁၇) အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ပြုလုပ်ခဲ့ရာ ပညာသင်ထောက်ပံ့ကြေးငွေ ၁၂ သိန်းခြောက်သောင်းကျပ်ကို မုံရွာခရိုင်ပြန်/ဆက်မှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက အမြွှာညီအစ်မသုံးဦးနှင့် မိဘများဖြစ်ကြသည့် ဦးကျော်ရွှေ-ဒေါ်နှင်းကြည်တို့ထံ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့သည်။

ရပ်ဝေးရပ်နီးမှ စေတနာရှင်အလှူရှင်များ၏ ပညာဒါနထောက်ပံ့ငွေများမှာ ဇူလိုင် ၁၈ ရက်က ပထမအကြိမ်လွှဲပြောင်းပေးအပ်ငွေကျပ် ၁၆ သိန်း၊ စက်တင်ဘာ ၁၆ ရက်က ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ငွေ ကျပ် ၁၂ သိန်းခြောက်သောင်းနှင့် မိဘများထံသို့ တိုက်ရိုက်သွားရောက်ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းထောက်ပံ့ငွေ ၃၈ သိန်းခြောက်သောင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ်လ ၁ ရက်မှ စတင်ပြီး အမြွှာညီအစ်မ နဝမတန်းကျောင်းသူသုံးဦးမှာ လှည်းဒါးကျေးရွာအသွား၊ အပြန် (၁၄)မိုင်ကွာဝေးသည့် ဗောဓိတစ်ထောင် ခတက္ကန်တောင်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ အခက်အခဲများဖြင့် ကျောင်းမတက်ရတော့ဘဲ ကျောင်းအနီးရှိအမျိုးသမီးအဆောင်တွင် နေထိုင်၍ ပညာသင်ယူနေပြီဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**


### စက်မှုဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာနအောက်ရှိ အမှတ်(၁)၊ သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား (Lot)အလိုက်ဝယ်ယူရန်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

| Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Current Transformer, Multifunction Meter,etc | (13)Items |
| 2 | Motor, Soft Starter, Card & Valve, etc | (9)Items |
| 3 | Flow Regulator | (8)Items |
| 4 | Steel Wire Rope | (5)Items |
| 5 | Solenoid Valve | (10)Items |
| 6 | Pump | (7)Items |
| 7 | Cartridge Valve | (19)Items |
| 8 | Motor | (6)Items |
| 9 | Hydraulic Cylinder Seal Kits & Bushing | (4)Items |
| 10 | မီးသတ်ဆေးဘူး(ABC Powder)5kg, $(CO_2)$2kg | (၇၃)ဘူး |

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂၁-၉-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၁၀-၂၀၁၅ရက် ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၃၀)၊နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၅၁၆၇၊ ၀၆၇-၄၀၅၁၃၉



### မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကို အသင်း၏ ဦးဆောင်လမ်းညွှန်ကော်မတီဝင် ဦးဝင်းသင်က "အများပိုင်ကုမ္ပဏီများ(Public Companies) မှ အစုရှယ်ယာများခေါ်ယူရန် ရေးဆွဲထားသည့် Prospectus and Initial Public Offering ခေါင်းစဉ်ဖြင့် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်(တနင်္ဂနွေနေ့)တွင် နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ ပြည်တောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမတွင် ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍တက်ရောက်နိုင်ပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက် ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် ၂၄-၉-၂၀၁၅ရက် နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ်-၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက် စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်း နံပါတ် ၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



ဆုပြည့် 0931815390,0931815395,09792432296
ဆုပြည့် မှ (၆၃)ကြိမ်မြောက်အဘိဓမ္မာပွဲ Sept 28
အဘိဓမ္မာပွဲ၊ပုပ္ပါး(သီးသန့်)(၁/၂)(ထမင်းကျွေး)35000
အဘိဓမ္မာပွဲ၊ပုပ္ပါး၊ပုဂံ(ရွှေဇီးခုံ)၊ညောင်ဦး(၄/၅)55000
အဘိဓမ္မာပွဲ၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင်(၄/၅)65000 ကြိုတင်လက်မှတ်



### မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA) မှ ဆောက်လုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် နည်းပညာများအကြောင်း သိကောင်းစရာ ဟောပြောပွဲသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားခြင်း

ဟောပြောမည့်အကြောင်းအရာများ
(1) Construction Management:
- Master Construction Programme Planning,
- Scheduling
- Controlling
(2) -Installation Process and problems solving for "Bored Pile"
-Diaphragm wall works on site

ဟောပြောပို့ချမည့်ဆရာ - U Aung Kyaw Thaike(BE-Civil)
Vice President
Society of Myanmar Civil Engineers
(Singapore)

ဟောပြောမည့်ရက် - 26-9-2015
ဟောပြောမည့်နေ့ - Saturday
ဟောပြောမည့်အချိန် - 1:00-4:00(PM)
ဟောပြောမည့်နေရာ - MCEA (၁း၀၀)မှ (၄း၀၀)ထိ ၂၆-၉-၂၀၁၅ရက် အမှတ်(၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း -01-579547, 01-579564, 09972174157

၎င်းဟောပြောပွဲအတွက် တက်ရောက်သင့်သူများ
(1) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပညာရှင်များ
(2) Developers
(3) Project Engineers
(4) Architects
(5) Quantity Controllers
(6) Quantity Surveyors
(7) Construction Company Managers






### ငှားရန်ရှိသည်

- လှိုင်မြို့နယ်၊ RC(2) အနီး၊ ပါရမီ(လောကနတ်အိမ်ရာ)ရှိ RC တစ်ထပ်တိုက်ငှားရန်ရှိပါသည်။
- မြေအကျယ် (5000 Sqft) ခန့်နှင့် အဆောက်အအုံ အကျယ်အဝန်း (1240Sqft) ရှိပါသည်။
- Master Bed Room (၁)ခန်း၊ Single Bed Room (၂)ခန်း၊ (Shrine, Kitchen, Dinning) (အဆင့်မြင့်ပြင်ဆင်ပြီး)
- Aircon (6)လုံး
- ဖုန်း၊ ရေ (ရေပူ/ရေအေး)၊ မီး (မီးစက်အပါ) (ဆိတ်ငြိမ်အေးချမ်းသော လုံးချင်းအိမ်ရာ၊ လုံခြုံရေးဝန်ဆောင်မှု ကောင်းမွန်သော နေရာကောင်းဖြစ်ပါသည်။)

ဆက်သွယ်ရန်
ဖုန်း-၀၉ ၈၃၀ ၂၀၀၀၊ ၀၉- ၈၃၀ ၂၈၈၈၊ ၀၉- ၈၃၀၃၈၈၈



### ကန့်ကွက်နိုင်ကြောင်းကြေညာစာ

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသီရိ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ မြေကွက်များရှိ အကွက်အမှတ်(၃၊၁၄)ကို အလုံတာဝါ(မြေညီထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ ဦးအောင်ဇော်နိုင် အမည်ပေါက်မြေနေရာ အငှားချထားကြောင်း အကြောင်းကြားစာ မူရင်းပျောက်ဆုံးသဖြင့် ဦးအောင်ဇော်နိုင်[၁၂/လမတ(နိုင်)၀၂၅၇၅၈] မှ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး မိတ္တူမှန်လျှောက်ထားလာရာ ယင်းကိစ္စနှင့်ပတ်သက်၍ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ် (၁၁၃၂/က)၊ မြေကွက်တည်နေရာအမှတ် (၁၁၃၂/က)၊ အောင်ရတနာလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ် ( အရှေ့ပိုင်း) မြို့နယ် (ဦးခင်အောင် CI ၀၄၄၀၆၀)အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား အမည်ပေါက် ဦးခင်အောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်ဥ[၁၂/တမန(နိုင်)၀၁၆၁၈၀]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




# ဆရာခို- အမှတ်တံဆိပ်

## “ဆရာခို အနာလိမ်းဆေး သုံးစွဲသူ”

### “ရဟန်းရှင်လူ မိဘပြည်သူများသိစေရန်”

* ငန်းတက် - မန်းတက် - ညော်ငန်းတက် - အနာအမျိုးမျိုးအတွက် - မြန်မာဆေးစွမ်းကောင်းတစ်လက် - ဆရာခို အမှတ်တံဆိပ်- ဆရာခို၏ သမီးများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး- ရွှေကြာပဒုမ္မာဆေးတိုက်မှ ဆရာခို - အနာလိမ်းဆေးတစ်မျိုးတည်းသာ ထုတ်လုပ်ရောင်းချပါသည်။

* စစ်မှန်သန့်ရှင်းသော ပရဆေးများပါဝင်၍ ပဒုမ္မာရွှေကြာ၊ ဝံသဌာဂါထာတော်ကို ရွတ်ဖတ်ပြီး ကျိုချက်ဖော်စပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုးမရှိစေဘဲ ဆေးစွမ်းအာနိသင် ထက်မြက်စေပါသည်။*

* နှစ်ပေါင်းကြာမြင့်စွာကပင် မူလ-ပထမ-မူလလက်ဟောင်း ဆရာခို အနာလိမ်းဆေးကြီးကို ဖခင်ကြီး ဦးဟံမောင်(ဆရာခို)နှင့် မိခင်ကြီးဒေါ်သန်းညွန့်တို့မှ ဆရာခို အနာလိမ်းဆေးသုံးစွဲသူတို့အပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာများထားကာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခဲ့ပါတယ်။ ယခုအခါ ဆရာခို - သမီးများမှ ကွယ်လွန်သွားကြပြီးဖြစ်သော မိဘနှစ်ပါး၏ စေတနာ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် ပေါင်းစပ်ပြီး ကျေးဇူးကြီးမားလှတဲ့ ဖေဖေ - မေမေတို့ရဲ့ ဆုံးမမှု၊ သွန်သင်မှု၊ လမ်းညွှန်မှုလေးတွေကို တစ်သဝေမတိမ်း လိုက်နာလျက် ဆရာခို-အနာလိမ်းဆေးကြီးအား ဆက်လက်အခွန့်ရှည်တည်တံ့ တိုးတက်ကောင်းမွန်စေရန် မေတ္တာဆပ္ပား၊ စေတနာထားကာ ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။ ခေတ်မီတိုးတက်အောင်မြင်လျက်ရှိသော နိုင်ငံတော်ကြီး အတွက်လည်း ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ အနေဖြင့် မိဘရဲ့ အမွေအနှစ် မြန်မာ့ဆေးစွမ်းကောင်းဖြစ်သော ဆရာခို-အနာလိမ်းဆေးကြီးကို ကမ္ဘာမှာ မြန်မာဟေ့လို့ “ပုခက်လွှဲသော လက်များသည်လည်း” ဆရာခိုဆေးသုံးစွဲသူ ရဟန်း၊ ရှင်လူ၊ မိဘပြည်သူအပေါင်းတို့၏ ကျန်းမာရေး၊ အနာရောဂါ ပျောက်ကင်းရေးတို့ကို တစ်ထောင့်တစ်နေရာကနေ စွမ်းစွမ်းတမံ ကူညီစောင့်ရှောက်ပေးနေတာ ဆရာခိုသမီးများရဲ့ စေတနာပါ။ ဒါကြောင့် ဆက်လက်၍လည်း ဒီထက်ထူးခြားကောင်းမွန်အောင် ကြိုးစားသွားပါဦးမည်လို့လဲ ကတိပြုပါတယ်။ ဆရာခို-အမှတ်တံဆိပ် အနာလိမ်းဆေးကြီးကို ငွေလက်ငင်းစနစ်ဖြင့် မြို့တွင်း၌ ရောင်းချပေးသော ကိုယ်စားလှယ်ကြီးများနှင့် နယ်များမှလည်း မှာယူရောင်းချ ဖြန့်ဖြူးပေးသော ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်း ဆရာခို၏သမီးများမှ အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားပါရစေရှင်။

* ဆရာခို၏ သမီးများမှ ထုတ်လုပ်ရောင်းချလျက်ရှိသော ဆရာခို အမှတ်တံဆိပ် အနာလိမ်းဆေးကြီးကို သုံးစွဲလျက်ရှိသော ရဟန်း၊ ရှင်လူ၊ မိဘပြည်သူများအနေဖြင့် မိမိဖြစ်ပေါ်ခံစားနေသော ဝေဒနာများအား ဆေးသုံးစွဲပုံများ မသိရှိပါက ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ဖခင်ကြီး ဦးဟံမောင်(ဆရာခို)နှင့် မိခင်ကြီး ဒေါ်သန်းညွန့်တို့ ညွှန်ကြားခဲ့သည့်အတိုင်း မေတ္တာဖြင့် အခမဲ့ကူညီပါမည်။ တစ်ခါတစ်ရံ လုပ်ငန်းအခက်အခဲ၊ လူမှုရေး အခက်အခဲများကြောင့် ပစ္စည်းထွက်နှုန်းလျော့နည်း၍ အနည်းငယ် ကြန့်ကြာမှုလေးများကိုတော့ သည်းခံခွင့်လွှတ် နာလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ မိတ်ဆွေတို့၏ ရောဂါကင်း၍ ပြီးပျော်ရွှင်မှုသည် ကျွန်မတို့၏ ဆန္ဒဖြစ်ပါသည်။ ယုံကြည်စွာဝယ်ယူသုံးစွဲသူများ၏ အားပေးမှုကို အားရကျေနပ်မှုနှင့်အတူ ဖြန့်ဖြူးရောင်းချပေးသော ကုန်သည်ကြီးများ၏ ဆန္ဒနှင့်အကျိုးစီးပွားကို အမြဲထာဝရ ဦးထိပ်ပန်ဆင်လျက် အမြဲတမ်းကြိုးစားသွားမှာ ဖြစ်ပါတယ်။ လူသားအာလုံး ကျန်းမာခြင်းသုခနဲ့ ပြည့်စုံပြီး ဘယာဘေးအပေါင်းမှလည်း ကင်းဝေးနိုင်ကြပါစေ။

* ဆရာခို၏သမီးများအနာလိမ်းဆေးကိုသုံးစွဲသူ ရဟန်းရှင်လူ၊ မိဘပြည်သူအပေါင်တို့မှလည်း ဆေးဘူးထဲတွင် ပဒုမ္မာရွှေကြာ-ဝံသဌာဂါထာတော်ပါဝင်သော ဆေးအညွှန်းလေးအတိုင်း သုံးစွဲကြပါရန်နှင့် ဆရာခို၏သမီးများ ဆရာခို အနာလိမ်းဆေး အစွမ်းထက်သည်မှာလည်း ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေးခဲ့ကြသော ရဟန်းရှင်လူ မိဘပြည်သူ အပေါင်းတို့၏ငွေများဖြင့် နှစ်စဉ်နှစ်တိုင်း ဆရာခိုဆေးထုတ်လုပ်ခဲ့သော ကျေးဇူးရှင် မိဘနှစ်ပါးတို့အား ရည်စူး၍ လှူဒါန်းမှုအစုစုတို့ဖြင့် တိုင်တည်လှူဒါန်းခဲ့ခြင်းနှင့် သမီးများရဲ့ လောဘ-ဒေါသ-မောဟ ကင်းစင်ပြီး စေတနာ၊ မေတ္တာ တရားများကြောင့် ဆေးစွမ်းထက်နေခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆရာခို၏သမီးများ**
**မူလပထမပင်ရင်းဌာန (ဖုန်း)၅၄၈၆၃၉**
**အမှတ်(၇၉)၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

## အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ခေါ်ယူသည့်တင်ဒါ- - ရန်ကုန်တက္ကသိုလ်၏ (၁၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင်ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း

၂။ တင်ဒါသက်တမ်း - ၂၁-၁၁-၂၀၁၅ရက်မှ ၂၂-၁၁-၂၀၁၅ရက်အထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန

၄။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၈-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) ရုံးချိန်အတွင်း

၅။ တင်ဒါပုံစံပိတ်မည့်ရက် - ၁၅-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) ရုံးချိန်အတွင်း

၆။ တင်ဒါတင်သွင်းရမည့်ရက်၊ - ၂၂-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)အချိန်၊ နေရာ ညနေ ၂ နာရီ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင် ကောင်စီခန်းမ

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၅၃၄၀၉၈)သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်တက္ကသိုလ်

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးကုသရေးဦးစီးဌာန-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် လိုအပ်သော FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့)

၃။ တင်ဒါပုံစံတင်သွင်းရန်နှင့် တင်သွင်းရန်နေရာ - တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး မကွေးတိုင်းပြည်သူ့ဆေးရုံကြီး

၄။ တင်ဒါပုံစံနောက်ဆုံးပေး သွင်းရမည့်ရက် - ၉-၁၀-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄း၀၀ နာရီ

၅။ အသေးစိတ်ကို သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး (မကွေးတိုင်းပြည်သူ့ဆေးရုံကြီး) ဖုန်း-၀၆၃-၂၅၁၁၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီး၊ မကွေးမြို့။

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CITY OF MUMBAI V.23 သင်္ဘောသည် ၂၁-၉-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/15-16 (ဘိလပ်မြေ ၅၀၀တန် ဝယ်ယူခြင်း)

၂။ Tender No-16 ၏ တင်ဒါပိတ်ရက်မှာ ၅-၁၀-၂၀၁၅ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက် စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါလေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရှိ ရုံးချုပ်နှင့်မြို့နယ်အသီးသီးရှိ ရုံးသုံးစက်ကိရိယာနှင့်ပရိဘောဂအဟောင်းများ၊ မီးစက်အဟောင်း ပေပါခွံနှင့် စက်ဘီးအဟောင်း၊ ဓာတ်တိုင်နှင့်လျှပ်စစ်ပစ္စည်းများ၊ ဘက်ထရီနှင့်တာယာအဟောင်းများ(1-Lot) အုပ်စု(၈)မျိုးကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ) ဖြင့်ရောင်းချလိုပါသည်။

(က) လေလံပုံစံစတင်ရောင်းချရက် - ၂၁-၉-၂၀၁၅ရက်

(ခ) လေလံပိတ်မည့်ရက် - ၂-၁၀-၂၀၁၅ရက်

(ဂ) လေလံပိတ်မည့်အချိန် - ၁၂း၁၀ နာရီ

၂။ လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စိစစ်ရွေးချယ်အဖွဲ့ ပစ္စည်းစီမံရေးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၃၀၂၀၇၁၊ ၂၁၄၆၄၅၊ ၂၂၀၈၅၉

## မြတ်သောမေတ္တာစေတနာဖြင့် "ရတနာသုံးပါး" သဒ္ဓါ ပွားစေဖို့ ယဉ်မျိုးယဉ်အလင်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူး သွားကြစို့ ....

✓ ၈ရက် (၈.၅) သိန်းကျပ် ✓ ၁၂ ရက် ( ၉ ) သိန်းကျပ် ✓ ၁၅ ရက် (၁၀) သိန်းကျပ်

(သံဝေဇနီယ(၄) ဌာန+အဝိဇဟိတ(၄)ဌာန+နယူးဒေလီ 3 Star Hotel ၂ညအိပ်၊တပ်ချ်မဟာ)

အထူးဝန်ဆောင်မှု – မည်သည့်အကြောင်းပြချက်ဖြင့် အပိုကြေးလုံးဝမကောက်ခံပါ။တည်းခိုစမပေးလို၍ညတစ်ဝက်/တစ်ညလုံး ကားမောင်းခြင်း လုံးဝမပြုလုပ်ပါ။ဈေးနှုန်းလျှော့ယူပြီး လေယာဉ်ပေါင်ပိုကြေး အမှန်တကယ်ပေးရခြင်းထက် ပို၍ အဆမတန် ပြန်လည်မကောက်ခံပါ။ အိန္ဒိယ GSM Sim Card တစ်ကဒ် လက်ဆောင်ပေးပါမည်။ ၁၆ဦး(၁)ဦးအခမဲ့လိုက်ပါခွင့်ရှိပါမည်။passport ရှိပြီးပါက (၃၀၀၀၀) ကျပ်ဈေးလျှော့ပေးပါမည်။

ထွက်ခွာမည့်ရက်များမှာ – ၈ ရက်ခရီးစဉ် (18 Nov, 7 Dec, 7 Mar ,2 Apr,13Apr )၊ ၁၂ ရက်ခရီးစဉ် (29 Dec) ၁၅ ရက်ခရီးစဉ် (24 Oct ,9 Feb )

ဆက်သွယ်ရန် – ဦးသိန်းဝင်းထွဋ် (ဒါရိုက်တာ) ၊ဟန်လင်းနိုင်၊ Nice Fare Travel Co.,Ltd. အမှတ်(၅)၊မြေညီထပ်၊ အောင်ဆန်းကွင်း၊ City Mart အနီး 09 5333198, 09 73240366 , 01 255699,09 960256000

ခွင့်ရက်ရှည်မရသူများ၊ ကျန်းမာရေး အခြေအနေရ နေရာစုံမသွားနိုင်သူများ (ဝိုးစဲ့ဝန်ဆောင်မှု)ကုမ္ပဏီ၊အသင်းအဖွဲ့၊ မိသားစုသီးသန့် သွားလိုသူများအတွက် အထူးအစီအစဉ်ဖြင့် ဗုဒ္ဓဟူးသွား စနေပြန် ၃ညအိပ်၄ရက် ခရီးစဉ်များအား စီစဉ်ဆောင်ရွက်ပေးပါသည်။




## ကွယ်လွန်သူ ဦးအောင်ထွန်း(ခ)ဆရာကြီး မင်းသိခ်၏ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်နှင့် စာပေမူပိုင်ခွင့်များအပါအဝင် အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၁၄)နေ ဒေါ်သန်းနုအောင်[၁၂/ တမန(နိုင်)၀၇၈၂၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများအသိပေးရန် သတိပေးကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းနုအောင်သည် ကွယ်လွန်သူ ဦးအောင်ထွန်း(ခ)ဆရာကြီး မင်းသိခ်၏ ကျန်ရစ်ခဲ့သော အမွေပစ္စည်းအရပ်ရပ်ဖြစ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်များနှင့် စာပေမူပိုင်ခွင့်များ အားလုံးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်တရားရုံးမှ ၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၁ဖြင့် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၉၀အရ အမွေထိန်းလက်မှတ်စာအား ၁၀-၈-၂၀၁၅ရက်တွင် ထုတ်ပေးထားရှိသဖြင့် ဒေါ်သန်းနုအောင်မှာ အမွေထိန်းလက်မှတ်စာ ရရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းနုအောင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ ကွယ်လွန်သူ ဦးအောင်ထွန်း(ခ)ဆရာကြီး မင်းသိခ်၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့အား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ဖျက်ဆီးခြင်းနှင့် စာပေထုတ်ဝေဖြန့်ဖြူးခြင်း၊ ရုပ်ရှင်နှင့်ဗီဒီယိုရိုက်ကူးခြင်းကိစ္စရပ်များကို မပြုလုပ်ပါရန် သတိပေးတားမြစ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့၏ ကြေညာချက်အား မျက်ကွယ်ပြု၍ တားမြစ်ထားသည့်ကိစ္စရပ်များကို ဆောင်ရွက်ခြင်းများ တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မိုးအောင်(စဉ်-၉၇၂၀) (LL.B,D.B.L,DML,DIL)
ဦးသန်းဇိုးထွန်း (စဉ်-၈၁၇၀) (LL,B,D.B.L,WIPO,D.L.P,(Switzerland)

တရားလွှတ်တော်ရှေ့နေများ

ဒေါ်စန်းစန်းအောင်(LL.B)(စဉ်-၂၈၁၆၀) ဒေါ်ဇင်ဝေဝေမြင့်(LL.B)(စဉ်-၃၀၉၀၆)
ဦးစန်းမောင်(LL.B,D.B.L)(စဉ်-၃၁၇၃၄) ဒေါ်နီလာခိုင် (LL.B,D.B.L)(စဉ်-၃၂၇၀၄)

အထက်တန်းရှေ့နေများ

အမှတ်(၆၂)၊ ပထမထပ်၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၃၉၆၈၊ ၀၉-၃၀၂၃၃၃၂

## ဇနီးမယားအဖြစ်မှစွန့်လွှတ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အင်းရွာသစ်ရပ်ကွက်၊ တေဇလမ်း၊ အမှတ်-၃/၉၃ နေကျွန်တော် မောင်ထွန်းလင်းသောင်း ၏ ဇနီးဖြစ်သူ မအိမွန်မွန်သိန်း[၅/မရန(နိုင်)၁၇၉၅၅၀]သည် ၁၀-၂-၂၀၁၂ရက်မှစ၍ နေအိမ်မှ ၎င်း၏သဘောဆန္ဒအလျောက်ထွက်ခွာသွားခဲ့ပါသဖြင့် ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအ၀၀အားလုံး တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

မောင်ထွန်းလင်းသောင်း
[၅/မရက(နိုင်)၁၅၄၆၄၁]

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F-5857၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)တွင် အောက်ဖော်ပြပါ လုပ်ငန်းရာထူးနေရာများအတွက် ဝန်ထမ်းခန့်ထားရန်အလိုရှိပါသည်-

| | | | |
|---|---|---|---|
| ၁။ | အကြီးတန်းစကားပြန်/ဘာသာပြန်(တရုတ်) | ၁ ဦး | ကျား/မ |
| ၂။ | လက်ထောက်စကားပြန်/ဘာသာပြန်(အင်္ဂလိပ်) | ၁ ဦး | ကျား/မ |

အထက်ပါရာထူးများအတွက်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး အသက်(၂၅)နှစ်မှ (၅၀)နှစ်အတွင်းရှိသူဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် အသက်လျှော့ပေါ့စဉ်းစားမည်)

(ခ) ကျန်းမာရေးကောင်းမွန်ရမည်။

(ဂ) အမှတ်စဉ်(၁)ရာထူးအတွက် တရုတ်-မြန်မာ အလယ်တန်းအောင်ရမည်၊ အထောက်အထားတင်ပြနိုင်ရမည်၊ တရုတ်ဘာသာစကားကို ဘာသာပြန် အရေးနှင့်အပြောအဆို(၂)ရပ်လုံး ကျွမ်းကျင်သူဖြစ်ရပါမည်။ လိုအပ်ပါက ရေး/ ဖြေစာမေးပွဲ နှင့်လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်သည်။

(ဃ) အမှတ်စဉ်(၂)ရာထူးအတွက် English ဘာသာ(အဓိက)ဘွဲ့လက်မှတ်ရရှိသူဖြစ်ရမည်။ English ဘာသာစကားကိုဘာသာပြန်အရေးနှင့်အပြောအဆို (၂)ရပ်လုံး ကျွမ်းကျင်သူဖြစ်ရပါမည်။ လိုအပ်ပါက ရေး/ ဖြေစာမေးပွဲနှင့်လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်သည်။

၃။ အထက်ပါရာထူးသို့လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မိတ္တူတို့ကို ပူးတွဲလျက် ၃၀-၉-၂၀၁၅ ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

(၁) အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသောလျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစား မည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၈၁၄၉၊ ၀၁-၆၆၃၁၁၉

ကြော်ငြာ

SONY



# XPERIA M5

**ကမ္ဘာ့ပုံထွက်အကောင်းဆုံး Back Camera 21.5MP ရှိပြီး Selfie ရိုက်ဖို့အတွက် 13 MP Hybrid AF Camera နှင့် ရေစိုခံစမတ်ဖုန်း . . .**

## Camera and video

Back Camera :
21.5 MP Exmor RS F2.2 + ISO 3200 0.2s Auto focus
4K video capture and output
Front Camera : 13 MP Exmor RS F2.0 + ISO 3200 HDR video
Beauty for video chat

## Display

5.0" Full-HD IPS Display

Dual Sim    Available Colors

New Model
Selling Price
**475,000Ks**

ooredoo
- ooredoo Sim Card တစ်ကဒ်မေတ္တာလက်ဆောင်
- လစဉ် ၃၀၀၀ ကျပ် ဖြည့်သွင်းရုံဖြင့် 1GB data အခမဲ့ ၃လ ဆက်တိုက် သုံးစွဲခွင့်
- Sim စတင်ထည့်သွင်းအသုံးပြုလျှင် 100MB (၇)ရက်သက်တမ်းအခမဲ့ သုံးစွဲခွင့်

FREE GIFTS: Silicon Back Cover + Screen Guard



# XPERIA C5
Ultra

**အရှေ့အနောက် 13MP ပါဝင်သော Camera (၂)လုံး ကနေပြီး အလန်းစားပုံရိပ်တွေကို ရိုက်ယူနိုင်တဲ့ အပြင် ဖလက်မ မျက်နှာပြင် အပြည့် အသုံးပြုနိုင်သော . . .**

## Camera and video

Back Camera :
13MP w/ LED flash Exmor RS 22mm wide angle Video HDR , Photo HDR
Front Camera :
13 MP w/ LED flash Exmor RS 25mm wide angle Photo HDR, Video HDR

## Display

6.0" Full-HD IPS Display Borderless screen, only 0.5mm bezel

Dual Sim    Available Colors

ooredoo
- ooredoo Sim Card တစ်ကဒ်မေတ္တာလက်ဆောင်
- လစဉ် ၃၀၀၀ ကျပ် ဖြည့်သွင်းရုံဖြင့် 1GB data အခမဲ့ ၃လ ဆက်တိုက် သုံးစွဲခွင့်
- Sim စတင်ထည့်သွင်းအသုံးပြုလျှင် 100MB (၇)ရက်သက်တမ်းအခမဲ့ သုံးစွဲခွင့်

FREE GIFTS: Silicon Back Cover + Screen Guard

New Model
Selling Price
**425,000Ks**

Official Warranty by: TMW Enterprise Limited    "အမြို့မြို့အနယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။"

**SONY SHOWROOM YANGON:** ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
**SONY SHOWROOM MANDALAY:** ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
**SONY SHOWROOM NAY PYI TAW:** ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 **WHOLE SALES / DISTRIBUTION :** Tel: 01- 554708

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းရေလွှမ်းဒေသကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီဘုရှူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေစေရန်အတွက် ရေလွှမ်းဒေသအတွင်းပါဝင်သော ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆက်လက် ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ဝိ/-) သဲကားတစ်စီး (၂၀၀၀ဝိ/-)၊ ဘိလပ်မြေ (၁)အိပ် ၆၀၀ဝိ/-၊ ဂဝံမြေ (၁)ကျင်း ၁၅၀၀ဝိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

အောက်တိုဘာလ (၁၀၊ ၁၁)ရက်တွင် ၅၂-ကြိမ်မြောက် မျက်စိဝေဒနာရှင်ဦးရေ (၆၇၀၀)ပြည့် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံရှုပါဝင်း၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝံ့တိုင်ကမ္ဘောဇဘဏ် **အနုပ်ရွှေပြည်ဟိန်းအမည်ဖြင့်** (AccountNo.0075010070169030l) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။









ကြော်ငြာ

# အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

## ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအောင်မြင်စွာဖြင့်စတင်ထွက်ခွာပါပြီ။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၅-၂၀၁၆ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍''အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်'' ဟူသောဆောင်ပုဒ်နှင့်အညီတစ်ပတ်ခြားတနင်္လာနေ့တိုင်းထွက်ခွာရန် စီစဉ်ထားရှိပါသည်။ရန်ကုန်မှဗုဒ္ဓဂယာသို့လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီးဘုရားဖူးမြော်ကာဗုဒ္ဓဂယာမှရန်ကုန်သို့တိုက်ရိုက် ပြန်လာသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍ နွေးထွေးသောဝန်ဆောင်မှုများပေးသဖြင့်ဘုရားဖူးများကျေနပ်အားရပီတိဖြစ်ကာစိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်း တဖွဲဖွဲပေးပို့လာသည့်ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန်အဆိုပြုထားသည့်ဘုရားဖူးများ၊ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသောဓမ္မမိတ်ဆွေများအားအထူးကျေးဇူးတင်ရှိပါသည်။ထွက်ခွာမည့်ခရီးစဉ်များမှာ-

| | | | |
|---|---|---|---|
| (၁) ၂၈-၉-၂၀၁၅ (ပြည့်ပြီး) | (၅) ၂၃-၁၁-၂၀၁၅ (၁၀)ဦးလို | (၉) ၁၈-၁-၂၀၁၆ (၂၅)ဦးလို | (၁၃) ၁၄-၃-၂၀၁၆ (၁၅)ဦးလို |
| (၂) ၁၂-၁၀-၂၀၁၅ (၁၅)ဦးလို | (၆) ၇-၁၂-၂၀၁၅ (၂၀)ဦးလို | (၁၀) ၁-၂-၂၀၁၆ (၁၅)ဦးလို | (၁၄) ၂၈-၃-၂၀၁၆ (၃၀)ဦးလို |
| (၃) ၂၆-၁၀-၂၀၁၅ (၅)ဦးလို | (၇) ၂၁-၁၂-၂၀၁၅ (၂၅)ဦးလို | (၁၁) ၁၅-၂-၂၀၁၆ (၂၅)ဦးလို | (၁၅) ၁၁-၄-၂၀၁၆ (၃၅)ဦးလို |
| (၄) ၉-၁၁-၂၀၁၅ (၈)ဦးလို | (၈) ၄-၁-၂၀၁၆ (၃၀)ဦးလို | (၁၂) ၂၉-၂-၂၀၁၆ (၁၀)ဦးလို | (သင်္ကြန်ပိတ်ရက်) |

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊၀၁-၅၄၄၂၈၇၊၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သဇင်မြင့်အောင်

## မှော်ဘီမြို့နယ်၊ အသောကကျောင်းတိုက်၊ (မြေဇင်းတောရဓမ္မရိပ်သာ) (၂၅)ကြိမ်မြောက် ရက်(၆၀)တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရှမ်းစု(၁)ရပ်ကွက်၊ အသောကကျောင်းတိုက်တွင် ကန္ဒီဥပနိဿယ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏နည်းအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဓမ္မာစရိယ အရှင်ကုဏ္ဍလနှင့် အရှင်သုမေဓာတို့မှ (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်) ၂၈-၉-၂၀၁၅ ရက်(တနင်္လာနေ့)မှ (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ၂၆-၁၁-၂၀၁၅ ရက်(ကြာသပတေးနေ့)အထိ ရက်(၆၀)တိတိ တရားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ယောဂီများ ၂၇-၉-၂၀၁၅ ရက် ညနေ ၅ နာရီ ကျောင်းသို့ အရောက်လာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဦးသုမေဓာ ဖုန်း-၀၉-၄၂၅၀၂၆၁၅၈၊ ဆရာဦးသန်းဝင်း(ညောင်ဦး)ဖုန်း-၀၉-၄၂၁၀၂၅၉၈၅၊ ဦးသန်းအောင် ဖုန်း-၀၉-၄၂၀၀၈၃၆၅၀**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံ/အလုပ်ရုံ/စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်။ ထို့အပြင် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၌ စီမံကိန်းဝင်ပစ္စည်းများ ယာဉ်အောက်သို့ချခြင်း (Unloading)လုပ်ငန်းများလည်း ရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ နေပြည်တော် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁ တို့ကို အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

တင်ဒါပုံစံစတင်ထုတ်ပေးရက် - ၂၁-၉-၂၀၁၅ ရက်
တင်ဒါပိတ်ရက် - ၂၈-၉-၂၀၁၅ ရက်၊ ၁၂:၀၀ နာရီ

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း


လက်ကမ်းပေးကူ သဒ္ဓါမြူ ချယ်ရီဦးနှင့်လှူ

ချယ်ရီဦး တွင်နာရီဝယ်ယူရင်း ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းနိုင်မည့်အခွင့်အရေး...

LET'S SAVE OUR PEOPLE

ချယ်ရီဦး နာရီဆိုင်များတွင်(၁၅.၈.၂၀၁၅မှ ၃၀.၉.၂၀၁၅)အတွင်း ရောင်းရငွေများမှ (၃%)ကို မျှဝေ၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် ချယ်ရီဦး Customer များ၏အလှူအနေဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။

ချယ်ရီဦး Customer များ၏ ရေဘေးသင့်ပြည်သူများအတွက် အလှူကို သတင်းမီဒီယာများမှ အတိအလင်း ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

CHERRY OO : 01 381751,01 375491, 09 73145658, 02 72992 .

www.cherryoo.com
cherryoowatchgallery



AIR KBZ
FLYING BEYOND EXPECTATIONS

ရန်ကုန် - လွိုင်ကော် - ရန်ကုန် ခရီးစဉ် စတင်ပျံသန်းခြင်း အထိမ်းအမှတ်အဖြစ် ခရီးသွားမိဘပြည်သူများအတွက်

လေယာဉ်လက်မှတ် အထူးဈေးနှုန်း

Special Promotion

79000/-Ks

59000/-Ks

* One Way (only Myanmar Nationals)
* Terms & Conditions apply

Effective from Sep 16th to Oct 31st 2015



တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ

| FLIGHT NO. | SECTOR | DEPARTURE | ARRIVAL |
|---|---|---|---|
| K7 442 | Yangon - Loikaw | 10:00 | 11:00 |
| K7 443 | Loikaw - Yangon | 11:15 | 12:15 |

ရန်ကုန် - လွိုင်ကော် - ရန်ကုန် လေယာဉ်ခရီးစဉ်များအား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ တိုင်းပျံသန်းပြေးဆွဲ ပေးနေပါပြီ။

Hotline: (01) 373766, (09) 5280445, (09) 73177805

Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
(2) No. 214, Law Pi Ta Street, Law Damma Quarter, Loikaw
Ph: (09) 5146826

We accept
VISA MasterCard
www.airkbz.com

ကြော်ငြာ


# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

**ENGLISH Language** | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**

**MOBILE PHONE SOFTWARE HARDWARE** မိုဘိုင်းဖုန်း အထူး မြန်မြန် အတတ် သင်တန်း | **DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

HOT LINE - 383893, 253293, 0949290778 10% OFF

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

- ပေ(၁၂၅×၅၀)မြေညီ(ထပ်ခိုးပြည့်)၊ ကျိုက်လတ်လမ်း၊ စမ်းချောင်းမြို့နယ်။
- မြေညီ(Hall) (ဧည့်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်) ကြွေပြားပြည့်ခင်းကပ်။
- ထပ်ခိုး(Hall) ကျွန်းပါကေးပြည့်ခင်း၊ Aircon (၁)လုံး၊ လိုက်ကာပြည့်တပ်။
- ကိုယ်ပိုင်(ရေမီး) မျက်နှာကြက်အလှ၊ ပြင်ဆင်ပြီးအသင့်နေတိုက်သန့်(သစ်) သိန်း (၉၅၀)

ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၅၀၇၁၁၄၄

**KAMA®**
မီးစက်များ Generators
(5~500KVA)Ready Cargo
Ph: 09-32265555
09-5001342

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/2798၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

## အင်းလေးချစ်သူ (Travels & Tours)

အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

✡ အဘာထွက်ပွဲခရီးစဉ်
ပုဂံ၊ (ရွှေစည်းခုံ) ပုဂံ (ခွယ်တော်လေးဆူ)၊ ပခုက္ကူ ဖြည့် ၃ ဖြည့်
(Hotel~2N) K 125,000/-

Sep -25 ထွက်မည်

09 421030814, 09 979252020, 09 979252121, 09 979252424

## အလိုရှိသည်

(၁၀)တန်းအတွက် Guideလုပ်ရန် (၆)ဘာသာဂုဏ်ထူးရှင် (သို့) (၅)ဘာသာဂုဏ်ထူးရှင် (၁)ဦး အလိုရှိပါသည်။

## အိမ်ရောင်းမည်

(25'×50')ရှိ အိမ်နှင့်မြေ ဒေါပုံမြို့နယ်၊ ဗမာအေး ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း။

ဖုန်း-၀၉-၅၅၆၂၃၇၊ ၀၉-၅၄၁၈၄၉၇

## Volvo (290) BLC (Used)

(2) စီးရောင်းရန်ရှိသည်။
Ph: 09-33261444,
09-781260134

## NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY

# LCCI(UK) Level I,II,III

For 2-2016 Exam

ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။

တာမွေကျောင်းခွဲ

အမှတ် (၃၆၁)၊ (၂၈,၂၃)၊ ပထမထပ်၊ ပုလဲသီရိဆောက်လုပ်ရေးတိုက်၊ ဗညားဒလလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ၀၁-၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၃၆၁၇၃၈၀၀
လှည်းတန်းကျောင်း - ၀၁-၅၀၄၇၃၇၊ ၀၁-၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆

**FAME** **Chitobit®**
Natural lipid inhibitor
သဘာဝအဆီကျဆေး
TMR 008204 (1115)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**FAME** **SpiruGarlic®**
Natural cholesterol lowering
အဆီကျဆေးညွှန်းဆေး
TMR 006127 (0717)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## MIC Myanmar Imperial College
THE UNIVERSITY OF NORTHAMPTON

နိုင်မာသည့်အနာဂတ်အတွက်

Diploma in
# Advertising and Branding

ထူးခြားသော ဖန်တီးမှုပုံစံများကို ထုတ်ဖော်လိုသော၊ သစ်လွင်သည့်စိတ်ကူးများကို ပုံဖော်လိုသောလူငယ်များအတွက် Advertising and Branding ဘာသာရပ်သည် ရွေးချယ်သင့်သောဘာသာရပ် တစ်ခုဖြစ်သည်။

သာမန်ထက်ထူးခြားပြီးဆွဲဆောင်မှုကောင်းသော Marketing နှင့် Advertising ဖြင့် ပြိုင်ဘက်များကိုသိသာစွာအနိုင်ရရှိသောကြောင့် အောင်မြင်သည့်စီးပွားရေးလုပ်ငန်းတိုင်းမှအလေးအနက်ထားသင်ယူလေ့လာနေသော ဘာသာရပ်လည်းဖြစ်သည်။ ဖန်တီးနိုင်မှုစွမ်းရည်၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှုကိုအချိုးကျပေါင်းစပ်ထားသောဘာသာရပ်ဖြစ်သည့်အတွက် အနာဂတ်တွင်အဆင့်မြင့် Marketing ပညာရှင်များ၊ Art Director, Brand Director, Creative Director များအဖြစ်ပွဲထုတ်ပေးနိုင်မည်။


UK မှတိုက်ရိုက်ပေးအပ်သော အဆင့်မြင့် Higher National Diploma - HND ဖြစ်သည့်အတွက် နိုင်မာသည့်အနာဂတ်ကို ပိုင်ဆိုင်လိုသူလူငယ်များအနေဖြင့် ရွေးချယ်သင်ယူသင့်သောဘာသာရပ်တစ်ခုဖြစ်ပါသည်။

edexcel advancing learning, changing lives

SEPTEMBER INTAKE. ENROLL NOW!

No. 1, Zay Myauk Street, Phayar Gyi Ward, Dagon Township, Yangon.
09 73210001/ 09 421100222

## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING













TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

Hot Line No-0930500100

# ကုသိုလ်ယူရင်း အပန်းဖြေစရာ မိတ္ထီလာကန်သာ

အေးမြသန့်ရှင်းသည့် လေကိုရှုရင်း နေဝင်ချိန်ဆည်းဆာအလှနှင့် တွဲ၍ ကန်ရေပြင်ကိုကြည့်ပြီး ဂီတာတီးရင်း သီချင်းဆိုနေသည့် မိတ္ထီလာ တက္ကသိုလ် ကျောင်းသားများ၏ တေးသံက ကန်ပေါင်တစ်လျှောက် ပျံ့လွင့်နေသည်။

လေပြည်ညင်းများက မိတ္ထီလာကန်ပေါင်တစ်လျှောက် တိုက်ခတ်နေသလို အနောက်ဘက်သို့ မျှော်ကြည့်လိုက်ပါက ကြည်ညိုဖွယ်ရာကောင်းသည့် ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော်ကြီးကို ဖူးမြော်နိုင်ပြီး မိတ္ထီလာမြောက်ကန်ရေပြင်တို့ကို တွဲဖက်ကြည့်ရသည်မှာ ပန်းတင့်လှသည်။ ကန်ပေါင်သို့ လာရောက်အပန်းဖြေကြသူတို့အဖို့ ကန်ရေဖွေးဖွေး၌ လှိုင်းကြက်ခွပ်လေးများကို ကြည့်ရသည်မှာ စိတ်ကြည်နူးမိမှာ အမှန်ပင်။

မိတ္ထီလာ၏ ညနေဆည်းဆာနေဝင်ချိန်တွင် ကန်ပေါင်တစ်လျှောက် အားကစားလေ့ကျင့်ခန်းလုပ်သူများ၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍



ရေး - ညီညီထွန်းနှင့်အဖွဲ့၊ ဓာတ်ပုံ - ရွှေကိုကိုလေး

## စည်းကမ်းမဲ့ ရန်ကုန်ဘတ်စ်ကားလောကနှင့် စည်းကမ်းထိန်းသည့် မော်တော်ယာဉ်ဥပဒေသစ်

သတင်း စာမျက်နှာ ၁၁


**မာတိကာ**

ကောင်းမွန်မှုတ နေထိုင်မှုဘဝ — စာမျက်နှာ - ၂

သေမင်းတမန် မီးရထားလမ်းပိုင်း ဖောက်လုပ်သော သေဆုံးလုပ်သားများ၏ ရှားပါးဓာတ်ပုံများ ပြသမည် — စာမျက်နှာ - ၇




ဇေယျာရွှေမြေနှင့် မနောမြေတို့ ယှဉ်ပြိုင်နေစဉ်။

## မနောမြေနှင့် ချင်းယူနိုက်တက်နိုင်ပွဲရ

**သတင်း နှင့် ဓာတ်ပုံ – ချစ်ကိုကို**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**(သုဝဏ္ဏကွင်း)**

**မနောမြေ - တစ်ဂိုး**

**ဇေယျာရွှေမြေ - ဂိုးမရှိ**

ယခုတစ်ပတ် ပွဲစဉ် (၁၈)တွင် တန်းဆင်းဇုန်ထဲမှ အသင်းအများစု နိုင်ပွဲရခဲ့ပြီး မနောမြေအသင်းမှာလည်း ဇေယျာရွှေမြေအသင်းကို ပထမအကျော့ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။ ခြေစွမ်းပိုင်းအရလည်း ဇေယျာရွှေမြေထက် မနောမြေအသင်းကစားပုံပိုကောင်းခဲ့ပြီး နိုင်ပွဲကို ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ မနောမြေကို ရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းအန္တရာယ်ရှိလာပြီဖြစ်သည်။


မနောမြေအသင်းမှာကမ်ဘူး၊ အီဗာရာဟင်မ်၊ ချစ်ကိုကို၊ မွန်ထွယ်အောင်တို့အပါအဝင် လူစုံထုတ်ကစားခဲ့သလို ဇေယျာရွှေမြေအသင်းကလည်း

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖






themirror.npt@gmail.com
www.facebook.com/themirrordaily







## မဲစာရင်း

မဲဆန္ဒနယ်အလိုက် မဲပေးခွင့်ရှိသူများစာရင်းကို ကြေညာထားတဲ့ စာရင်းပါ။ မဲစာရင်းမှာ အမည်မပါရင် မဲပေးလို့ မရပါ။ မဲစာရင်းမှာ မိမိအမည် ပါ၊ မပါကို ရပ်ကွက်ကော်မရှင်က မဲစာရင်းကပ်ချိန်တွင် သွားရောက်စစ်ဆေးပါ။ မပါရင် မဲစာရင်းမှာ ထည့်ပေးဖို့ တောင်းဆိုပါ။




## ဆန္ဒမဲလက်မှတ်

ရောင်စုံပုံနှိပ်ထားတဲ့စာရွက်ပါ။ မဲလက်မှတ်ဟာ နှစ်ခြမ်းရှိပြီး မဲလက်မှတ်ထုတ်ပေးသူမှ ဖြတ်ပေးလိုက်ပြီး လက်ခံထားရှိမယ့် ဘက်အခြမ်းမှာ မိမိရဲ့အမည်၊ မဲစာရင်းအမှတ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်တို့ ပါရှိမှာဖြစ်ပြီး မိမိဆန္ဒပြုရမယ့် အခြားတစ်ခြမ်းမှာ ကိုယ်စားလှယ်လောင်းအမည်၊ တံဆိပ်နဲ့ ဆန္ဒပြုဖို့ လေးထောင့်ကွက် ( □ )တို့သာ ပါရှိမှာပါ။ မိမိကို သိရှိနိုင်တဲ့ **အခြားမည်သည့်အမှတ်အသားမျှ မပါဝင်ရပါ။**




## မဲပုံး

ပလတ်စတစ် အကြည်ပုံးများ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ် (သို့) တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုးမဲပုံး စသည့် မဲပုံးများတွင် လွှတ်တော်အမည်ပါ စာရွက်များ ကပ်ထားမှာပါ။




## လျှို့ဝှက်ဆန္ဒပြုရာနေရာ

မဲပြားပေါ်မှာ လျှို့ဝှက်စွာ ဆန္ဒပြုနိုင်တဲ့နေရာဖြစ်တယ်။ လျှို့ဝှက်စွာ ဆန္ဒပြုနိုင်ရန် လုံခြုံခြင်း ရှိ၊ မရှိကို သင်ကိုယ်တိုင် သိရှိခံစားရပါလိမ့်မယ်။

## ပယ်မဲ

၁။ ကော်မရှင်က အတည်ပြုထားသော အမှတ်အသား မပါသည့် ဆန္ဒမဲလက်မှတ်
၂။ မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်
၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်။
၄။ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်
၅။ ဆန္ဒပြုထားခြင်းမှာ မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ်
၆။ ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်
၇။ ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်
၈။ ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်
၉။ ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ




**ရွေးကောက်ပွဲကျင်းပရန် ၄၉ ရက်သာ လိုတော့သည်။**

# စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ် ဗဟိုကော်မတီဝင် ဦးအင်းလမ်းဇော်ခေါင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်အမျိုးသား ဦးအင်းလမ်းဇော်ခေါင် ဖြစ်ပါတယ်။ စဒကပါတီ ဗဟိုကော်မတီဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ်ကို ဖွဲ့စည်းထူထောင်ခဲ့တာ ၅ နှစ်သက်တမ်းပြည့်ပြီး အချိန်တိုအတွင်းမှာ ပြည်သူလူထုရဲ့ ထောက်ခံပါဝင်မှုနဲ့ အင်မတန်မှ ဖွံ့ဖြိုးတိုးတက် ခိုင်မာလာပြီဖြစ်ပါတယ်။ ကချင်ပြည်နယ်ကိုအခြေခံပြီး ကချင်ပြည်နယ်ကိုယ်စားပြုတဲ့ ပါတီဖြစ်တဲ့အတွက်ကြောင့် ပြည်နယ်သူ/ သားများအားလုံး လူမျိုး၊ ဘာသာမခွဲခြားဘဲ တိုင်းရင်းသားပေါင်းစုံ၊ မျိုးနွယ်စုပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်တဲ့ပါတီဖြစ်ပါတယ်။ ပါတီရဲ့ အမှတ်တံဆိပ်ဟာ မနောတိုင်ကို စပါးနှံနှစ်ခက်ဝိုင်းရံထားတဲ့ အမှတ်အသားဖြစ်ပြီး ပါတီရဲ့ အလံကတော့ အောက်ခံအစိမ်းရောင်မှာ အဖြူရောင်ကြယ်သုံးခုဖြစ်ပါသည်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကချင်ပြည်နယ် ထာဝရတည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်နယ်သူ/သားများရဲ့ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးဖြစ်ပါသည်။

ပါတီရဲ့ရည်မှန်းချက်ဟာ ကချင်ပြည်နယ်သူ/သားများ၏ လိုအင်ဆန္ဒနှင့် ထပ်တူထပ်မျှဖြစ်သော တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်/ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးပဲဖြစ်ပါသည်။

**ပါတီ၏ မူဝါဒသဘောထားများမှာ-**

၁။ ကချင်ပြည်နယ် ပြည်သူ/သားများကို အကျိုးပြုတဲ့ လုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်မည်ဟု အလေးအနက်ထားခံယူသည်။

၂။ ပြည်နယ်အကျိုးစီးပွားနှင့် ပါတီ၏ အကျိုးစီးပွားယှဉ်လာရင် ပြည်နယ်၏ အကျိုးစီးပွားကို ဦးစားပေးမည်။

၃။ ကချင်ပြည်နယ်သူ/သားများ၏ သစ္စာကိုသာ ထာဝစဉ် စောင့်သိရိုသေပါမည်။

၄။ လူမျိုးဘာသာ၊ နေရာဒေသမခွဲခြားဘဲ ပြည်နယ်သူ/သားများ၏ အကျိုးစီးပွားကို ပြည်နယ်သူ/သားများနှင့် လက်တွဲ၍ အကောင်အထည်ဖော်ဆောင်သွားပါမည်။

၅။ မိမိတို့ ယုံကြည်ကိုးကွယ်ရာဘာသာအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိစေရပါမည်။

၆။ တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် အနုပညာများကို ဖော်ထုတ်အားပေးမြှင့်တင်သွားပါမည်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများခင်ဗျား-**

**ပါတီ၏ လုပ်ငန်းစဉ်များမှာ-**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တန်းတူရည်တူ အကျိုးခံစားနိုင်စေရန်၊ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်ထိန်း တာဝန်ကျေပွန်သူများ ဖြစ်လာနိုင်စေရန် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၂။ လမ်းပန်းဆက်သွယ်ရေးလုံခြုံပြီး မြန်ဆန်ချောမွေ့လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်။

၃။ ပြည်နယ်သူ/သားများအားလုံး ကျန်းမာ/ကြံ့ခိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၄။ ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေး၊ ပြည်နယ်တွင်းမှ ထူးချွန်ထက်မြက်သော ပညာတတ်များ ထွက်ပေါ်လာနိုင်ရေး၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိဘပြည်သူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၅။ တောင်သူလယ်သမားများ၊ အလုပ်သမားများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခံစားခွင့်များ အပြည့်အဝရရှိခံစားနိုင်စေရန်နှင့် အလုပ်အကိုင်သစ်များ ရရှိနိုင်ရေး၊ လူမှုစီးပွားရေးဘဝမြင့်မားလာရေးအတွက် အစွမ်းကုန်ကူညီဆောင်ရွက်သွားမည်။ လယ်ယာမြေ သိမ်းဆည်းခံရသူများအတွက် လယ်ယာမြေပြန်လည်ရရှိအောင် ဆောင်ရွက်ပေးသွားမည်။

၆။ ကချင်ပြည်နယ်၏ ရိုးရာအမွေအနှစ်များ၊ အမျိုးသားစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်။

၇။ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး၊ လူမှောင်ခိုမှု ပပျောက်ရေး၊ သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျထုတ်ယူသုံးစွဲရေးနှင့် ဒေသခံပြည်သူများ အကျိုးခံစားခွင့်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

၈။ မျိုးဆက်သစ်လူငယ်များ မွေးထုတ်ရန်၊ အမျိုးသမီးကဏ္ဍမြှင့်တင်ရန်နှင့် ပြည်နယ်သူ/သားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်။



၉။ ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ဆက်လက်ပါဝင် ကြိုးပမ်းဆောင်ရွက်သွားမည်။

**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများခင်ဗျား-**

မိမိတို့ပါတီသည် ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များကိုချမှတ်ပြီး နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ ပြည်နယ် သူ/သားများအတွက် သမိုင်းပေးတာဝန်၊ အမျိုးသားရေး တာဝန်အဖြစ် ထမ်းရွက်သွားမည်ဖြစ်ပါသည်။

လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ ဒီတာဝန်တွေကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန်အတွက် ပါဝင်ယှဉ်ပြိုင်သွားကြမှာ ဖြစ်ပါတယ်။

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်၏ စည်းလုံးညီညွတ်မှုဖြင့် အောင်မြင်ရေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကချင်ပြည်နယ်နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ထာဝရငြိမ်းချမ်းပြီး ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်များကို ဆန္ဒပေးရွေးချယ်ပေးနိုင်ပါစေရန်လို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါသည်။

တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေ။

## ပြည်ထောင်စုငယ်

**ရေး- ဖော်လားကမ်ဖန်** **ဆို- အင်ခွန်မွန်းပန်**
**သရုပ်ဆောင်- အင်ခွန်မွန်းပန်**

[(စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ်)၊
တောင်ပေါ်မြေပြန့် ဒေသအနှံ့ရယ် ဖွံ့ဖြိုးဖို့ရယ် ဒီပါတီက
အစဉ်ကြိုးစားပါ့မယ်၊
အနာဂတ်ဘဝမှာ စိတ်ချမ်းမြေ့စွာ နေနိုင်ဖို့ရာ စည်းလုံးညီညွတ်ရေးနှင့်
ဒီမိုကရေစီပါတီ ကချင်ပြည်နယ်ကို ထောက်ခံမဲပေးစို့လေကွယ်၊
(ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုငယ်လေးသဖွယ် ကချင်ပြည်နယ်
တိုင်းရင်းသားတွေ ပေါင်းစည်းကြမယ် ခေတ်မီဖွံ့ဖြိုးတိုးတက်
စည်းကမ်းပြည့်ဝ ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ ချီမည်)၂]၂

## ကော့သောင်းတွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာ

**ကော့သောင်း စက်တင်ဘာ ၁၉**

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရေး မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ အမည်များဖော်ပြသည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းမှ စတင်၍ ကော့သောင်းမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ကြော်ငြာဘုတ်များတွင် အသိပေးကြေညာထားရှိသည်။

အဆိုပါ အခြေခံမဲဆန္ဒရှင်စာရင်းအရ ကော့သောင်းမြို့နယ်မှ မဲဆန္ဒရှင် ၇၆၅၉၆ ဦးနှင့် ဘုတ်ပြင်းမြို့နယ်မှ မဲဆန္ဒရှင် ၃၈၄၇၄ ဦးဖြစ်ပြီး ကော့သောင်းခရိုင်အနေဖြင့် မဲဆန္ဒရှင်စုစုပေါင်း ၁၁၅၀၇၀ ရှိရာ စာရင်းတွင် အမည်မပါဝင်က သက်ဆိုင်ရာ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ အချိန်မီဆက်သွယ်အကြောင်းကြားကြရန်နှင့် ပြည်သူများမဲဆန္ဒပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး ကျယ်ပြန့်စွာ အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-IPRD)**

## လှိုင်းဘွဲ့မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ် ရှစ်နေရာအတွက် ကိုယ်စားလှယ်လောင်း (၅၉)ဦး ယှဉ်ပြိုင်

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ် ရှစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ပြည်သူ့လွှတ်တော် တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) တစ်နေရာအတွက် ခုနစ်ဦး၊ အမှတ်(၂)တစ်နေရာအတွက် ခြောက်ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃) တစ်နေရာအတွက် ခြောက်ဦး၊ အမှတ်(၄) တစ်နေရာအတွက် ခြောက်ဦး၊ ဗမာတိုင်းရင်းသားလူမျိုး လွှတ်တော် တစ်နေရာအတွက် ကိုးဦး၊ မွန်တိုင်းရင်းသားလူမျိုး လွှတ်တော်တစ်နေရာအတွက် ၁၀ ဦး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးလွှတ်တော် တစ်နေရာအတွက် ရှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင် အရွေးခံကြမည်ဖြစ်ကြောင်း သိရသည်။

၎င်းလွှတ်တော် ကိုယ်စားလှယ်နေရာများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ အမျိုးသား တိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ၊ ကရင်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဖလုံစဝေါ်ဒီမိုကရက်တစ်ပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီတို့သည် မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်နေရာအားလုံးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❏

## ရွေးကောက်ပွဲတွင် ပါဝင်ဖို့ မဲစာရင်းကြည့်ကြစို့

ကြေးမုံ The Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၀၊ ၂၀၁၅
စာမျက်နှာ-၃


# ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ

လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်း မရှိပါ။

KSDDP


## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

### မဲဆန္ဒရှင်တစ်ဦး၏ တာဝန်

(က) ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကိုကြေညာသည့်အခါ သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ၊ မရှိကို လာရောက်ကြည့်ရှုရန်၊

(ခ) မဲရုံတွင် မဲရုံမှူးက တာဝန်အရညွှန်ကြားခြင်းကို လိုက်နာရန်။

### မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ

(က) ဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။

(ခ) ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်းမပြုမီ မဲစာရင်း၌ တာဝန်ရှိသူက ပြသသောနေရာတွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုရမည်။

(ဂ) မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေးရမည်။

(ဃ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးရမည်။

(င) ဆန္ဒမဲလက်မှတ်ရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိပေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်။

(စ) မိမိဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့်မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) ဆန္ဒမဲပေးခြင်းအားလုံးပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် တာဝန်ရှိသူက ညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်းပြုလုပ်ရမည်။

### မဲဆန္ဒရှင်တစ်ဦး ရှောင်ရန်အချက်များ

မဲဆန္ဒရှင်တစ်ဦးသည် -

(က) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား မပေးရ။

(ခ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ဂ) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုရ။

(ဃ) ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ။

(င) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲမပေးရ။

(စ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။


(ဆ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် ဆန္ဒမဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်စုံတစ်ရာ မပြုလုပ်ရ။


(ဇ) ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ။

(ဈ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ မထည့်သွင်းရ။

(ည) ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ။


မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။



















အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ
လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်း မရှိပါ။

# မဲဆန္ဒရှင်ပြည်သူများလေ့လာနိုင်ရန် နိုင်လုံမဲနမူနာများ




# မိတ္ထီလာမြို့နယ်၌ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး

**မိတ္ထီလာ စက်တင်ဘာ ၁၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီက ကန်တော်မင်္ဂလာခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

ယင်းရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲတွင် မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေက ရွေးကောက်ပွဲတွင် တာဝန်ပေးခန့်အပ်မည့် အထူးရဲ ၂၉၃ ဦးအတွက် ဝတ်စုံများချုပ်လုပ်ပြီးစီးမှုနှင့် သင်တန်းဖွင့်လှစ်ပို့ချသွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

